# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်    ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၁၂]


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

## စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

### စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း

အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်-

(၁) ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်    ကာကွယ်ရေးဝန်ကြီးဌာန

(၂) ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း    နယ်စပ်ရေးရာဝန်ကြီးဌာန

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီးများ ရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၆/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

### ပြည်ထောင်စုဝန်ကြီးများ ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား ၎င်းတို့၏ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

(၁) ဦးတင်နိုင်သိန်း    သမ္မတရုံးဝန်ကြီးဌာန(၅)

(၂) ဦးမြတ်ဟိန်း    ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(၃) ဦးခင်ရီ    လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၄) ဦးသန်းဌေး    ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြန်လည်ထူထောင်ရေး လုပ်ငန်းများသည် သဘာဝဘေး အန္တရာယ်ကို လျော့နည်းစေပြီး ဘေးကင်းလုံခြုံသော ဒေသအဖြစ် တည်ထောင်ပေးနိုင်


စာမျက်နှာ-၄


# ပန်းလှိုင်ဖြင့် ဝေစည်စေမည့် ရန်ကုန်နှင့် ရေဝတီ



ပန်းလှိုင်မြစ်ပြန်လည်တူးဖော်ပြီးစီးမှုကို တွေ့ရစဉ်။

စံကားဝါ

“ကျွန်တော့်မှာ လယ်မြေခုနစ်ဧကရှိပါတယ်။ မြစ်ကြီးတူးဖော်ပြီး လောလောဆယ် ရေကြီးရေလျှံတာ မရှိတော့ပါဘူး။ အရင်တုန်းကဆို ကျွန်တော်တို့ စပါးစိုက်ချိန်တန်လို့ မစိုက်ခဲ့ရတာရှိခဲ့ပါတယ်။ ပန်းလှိုင်မြစ်ကြီး တူးဖော်ပြီး မိုးစပါးစိုက်ထားတာ အခုဆိုရင် နှစ်လသားရှိနေပြီဆိုတော့ နတ်တော်လမှ စပါးရိတ်သိမ်းမှာပါ။ အခုအတိုင်းဆို နွေစပါးလည်း ရနိုင်မယ်လို့ ထင်ပါတယ်။ အလျှံအတန်းလည်း ပိုလုပ်လို့ရတော့မှာပေါ့”ဟု ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကသဘောင်းကျေးရွာမှ တောင်သူဦးဝင်းကြိုင်က ပြောကြားသော ပန်းလှိုင်မြစ်တူးဖော်ပြီး စပါးစိုက်ပျိုးနိုင်သည့် အခြေအနေကို ထင်ဟပ်သည့် သတင်းတစ်ပုဒ်ကို ယခုရက်ပိုင်းအတွင်း ဖတ်မိသည်။


စာမျက်နှာ ၆ ကော်လံ ၁ ❐





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အရည်အချင်းပြည့်ဝသော အမတ်

၂၀၁၅ ခုနှစ်သည်ကား မြန်မာပြည်သူတစ်ရပ်လုံးအတွက် ထူးခြားပြီး နိုင်ငံရေးအနှစ်သာရကို ဖော်ဆောင်နိုင်မည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည့်နှစ် ဖြစ်ပါသည်။ တစ်နည်းဆိုလျှင် ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတသော ရွေးကောက်ပွဲကြီး ကျင်းပပေးနိုင်မည့် နှစ်ဖြစ်ပါသည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားနှင့်အညီ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် စီစဉ်လျက်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လာမည့် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပသွားရန် သတ်မှတ်ထုတ်ပြန်ထားပါသည်။ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေများကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ၎င်းထုတ်ပြန်ချက်အရ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၆၈ နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၆၄ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်ဖြစ်ကြောင်း သိရသည်။

၎င်းသတ်မှတ်မဲဆန္ဒနယ်မြေအသီးသီးတို့၌ ဝင်ရောက်အရွေးခံနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို နိုင်ငံရေးပါတီအသီးသီးက ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၀၀၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၇၄၀၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၆၄၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၄ ဦး စုစုပေါင်း ၄၉၃၂ ဦး ရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၈၄ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၉၃ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

၎င်းနေရာတွင် နိုင်ငံရေးပါတီအသီးသီးက အရည်အချင်းပြည့်ဝသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အမည်စာရင်းတင်သွင်းရေးသည် အလွန်အရေးကြီးသောအချက် ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးအမြင်ကျယ်ပြီး ရိုးသားဖြောင့်မတ်၍ ရဲဝံ့ပြတ်သားစွာ လုပ်ဆောင်တတ်သူများသည် ရွေးကောက်ခံအမတ်လောင်းများဖြစ်သင့်သည်ဟု ယူဆမိပါသည်။ နိုင်ငံရေးပါတီများက လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရာတွင် အချို့က အငြိမ်းစားအရာရှိကြီးများကို ရွေးချယ်ကြသည်။ အချို့က ငွေကြေးချမ်းသာသူများကို ရွေးချယ်စာရင်းပေးကြသည်။ အချို့က ငယ်ရွယ်ပြီး ခေတ်အမြင်ရှိသူများကို ရွေးချယ်ကြသည်။ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်း ဖြစ်စေကာမူ အဓိကအားဖြင့် နိုင်ငံတော်၏ ခက်မသုံးဖြာဖြစ်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့တွင် ကျွမ်းကျင်နှံ့စပ်ပြီး အမှန်တကယ် ပြည်သူ့အကျိုးစီးပွားကို အလေးထား၍ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း အစရှိသဖြင့် နိုင်ငံတော်ကို အမြန်ဆုံးတိုးတက်အောင် ဦးဆောင်ဦးရွက်ပြုနိုင်သော အရည်အချင်းပြည့်ဝသော အမတ်လောင်း၊ အမတ်ကောင်းများကို စိစစ်ရွေးထုတ်တင်မြှောက်အပ်ပေကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဌာန်းထားပါသည်။ "

# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၁၂ ရက်တွင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၆ ဦး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၉၇ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း ကိုးဦးတို့ တင်သွင်းခဲ့သည်။

ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၄၀၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၇၄၀၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၆၄၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၄ ဦး စုစုပေါင်း ၄၉၃၂ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၈၄ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၉၃ ဦးတို့က အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar .org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများအပေါ် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများမှ အလှူငွေများ လှူဒါန်းနိုင်ရေး ဆက်သွယ်၍ ကတိကဝတ်ပြုလျက်ရှိရာ ကုလသမဂ္ဂ အရေးပေါ်တုံ့ပြန်မှုရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ကိုးသန်း ခွဲဝေသတ်မှတ်ထားကြောင်း၊ UNOCHA ၏ မြန်မာနိုင်ငံ ရေကြီးနစ်မြုပ်မှု အရေးပေါ်အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

ထို့အတူ ရေဘေးသင့်ပြည်သူများအတွက် နယူးဇီလန်နိုင်ငံမှ နယူးဇီလန်ဒေါ်လာ ငါးသိန်း၊ အမေရိကန်ဒေါ်လာ ၃၃၀၀၀၀ ခန့်ကို ကနဦးထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ငါးသိန်းအနက်မှ နှစ်သိန်းခွဲတန်ဖိုးရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို IFRC မှတစ်ဆင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်မည်ဖြစ်ပြီး နယူးဇီလန်ဒေါ်လာ နှစ်သိန်းကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ တစ်ဆင့် ပေးအပ်မည်ဖြစ်ကြောင်း၊ ကျန်ဒေါ်လာငါးသောင်းကို နယူးဇီလန်သံရုံးအကြီးအကဲ၏ အရေးပေါ်ရန်ပုံငွေမှ ရေဘေးသင့်ဒေသများသို့ သွားရောက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ နယူးဇီလန်သံရုံးမှ သိရသည်။

အလားတူ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် CZK ၂ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ တစ်သိန်းခန့်)ရှိ အကူအညီများကို မြန်မာနိုင်ငံရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှတစ်ဆင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ ချက်သမ္မတနိုင်ငံသံရုံးမှ သိရသည်။

ထို့အပြင် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ နီပေါသံရုံးမှ သံအမတ်ကြီးနှင့် စစ်သံမှူးတို့က ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ယွမ် ၄၁၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ယူအီးအက်ဖ်အေစူပါဖလား ဘာစီလိုနာဆွတ်ခူး

၂၀၁၅ ယူအီးအက်ဖ်အေ စူပါဖလားပြိုင်ပွဲကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ချန်ပီယံလိဂ် ချန်ပီယံ ဘာစီလိုနာနှင့် ယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

၂၀၁၅ စူပါဖလားကို ဂျော်ဂျီယာနိုင်ငံတွင် ကျင်းပခဲ့ရာ ပွဲစပြီးသုံးမိနစ်တွင် ဆီဗီလာအတွက် ဦးဆောင်ဂိုးကို ဘန်နီဂါက သွင်းယူပေးခဲ့သည်။ ဘာစီလိုနာအတွက် ချေပဂိုးကို ပွဲချိန် ခုနစ်မိနစ်တွင် မက်ဆီက သွင်းယူခဲ့ပြီး ၁၆ မိနစ်တွင် မက်ဆီကပင် ထပ်မံသွင်းယူခဲ့သည်။ ၄၄ မိနစ်တွင် ရာဖင်ဟာက သုံးဂိုးမြောက်သွင်းယူခဲ့သည်။

ဒုတိယပိုင်း ၅၂ မိနစ်တွင် ဘာစီလိုနာအတွက် စတုတ္ထဂိုးကို ဆွာရက်ဇ်က သွင်းယူခဲ့သည်။ ဆီဗီလာအသင်း ချေပဂိုးများရရှိရေး တိုက်စစ်အားမြှင့် တင်ခဲ့ပြီး ၅၇ မိနစ်တွင် ရေးရက်စ်၊ ၇၂ မိနစ်တွင် ပယ်နယ်တီမှ ဂါမီရိုက သွင်းယူခဲ့သည်။ ၈၁ မိနစ်တွင် စတုတ္ထဂိုးကို ကိုနော့လိုင်ယန်က သွင်းယူခဲ့ပြီး မိနစ် ၉၀ အထိ တစ်ဖက်လေးဂိုးစီဖြင့် ပြီးဆုံးခဲ့သည်။ အချိန်ပိုမိနစ် ၃၀ ထပ်မံကစားခဲ့ရာ အချိန်ပိုဒုတိယပိုင်း ၁၁၅ မိနစ်တွင် လူစားဝင်လာသော ပက်ဒရိုက ဘာစီလိုနာအတွက် အနိုင်ဂိုးကိုသွင်းယူပေးခဲ့ပြီး အနိုင်ရဗိုလ်စွဲခဲ့သည်။ **သီဟ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၉.၀၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၈.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂.၉၂ |

ခင်ရတနာ-စုစည်းသည်။

# ဒုတိယသမ္မတ ဦးညဏ်ထွန်း ရေဘေးသင့်ပြည်သူများအတွက် တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းလှူဒါန်းပွဲ တက်ရောက်

နေပြည်တော် သြဂုတ် ၁၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့ ညနေပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲမှ ရေဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။**

ရှေးဦးစွာ ဒုတိယသမ္မတက မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများ အတွက်လှူဒါန်းသည့် ကယ်ဆယ်ရေး ပစ္စည်းများနှင့် လှူဒါန်းငွေများကို သံအမတ်ကြီးထံမှ လွှဲပြောင်းလက်ခံ ယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် က ရေဘေးသင့်ပြည်သူများအတွက် ဝန်ကြီးဌာနမှ ဝန်ထမ်းများ စုပေါင်းလှူဒါန်းသည့် လှူဒါန်းငွေကျပ် ၅၁၁၉၁၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတက တရုတ်နိုင်ငံမှ လှူဒါန်းမှုများအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် လှူဒါန်းပစ္စည်းများ နှင့် မော်တော်ယာဉ်ခုနစ်စီးပေါ်ရှိ လှူဒါန်းပစ္စည်းများကို ကြည့်ရှုသည်။

ယနေ့လှူဒါန်းပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ ရေဘေးသင့် ပြည်သူများအတွက် လှူဒါန်းငွေကျပ် သိန်း ၄၀၀ အပါအဝင် ခြင်ထောင်အလုံး ၁၅၀၀၊ မိုးကာခင်းအချပ် ၂၁၀၀၊ ဆီဘူး ၆၅၀၀၊ ဆန်တစ်တင်းခွဲအိတ် ၇၇၀၊ ဆပ်ပြာမှုန့်အိတ် ၁၇၀၀၀၊ ဆပ်ပြာခဲ ၁၂၈၆၄ ခဲ၊ ပဲမျိုးစုံပိသာ ၄၈၃၀၊ ခာတ်မီးအလက် ၂၁၆၀၊ ဘီစကွတ်မုန့်ထုပ် ၃၅၁၀၀၊ ကျားဝတ်နှင့် မဝတ်လုံချည် ၃၀၀၀၊ ငါးသေတ္တာဘူး ၅၂၈၀၊ ဒန်အိုးအလုံး ၁၅၀၀၊ ဒယ်အိုးအလုံး ၁၀၀၀၊ ဒန်ခွက်အလုံး ၂၅၀၀၊ ဆားပိသာချိန် ၈၈၈၀၊ စောင်အထည် ၄၂၀၀၊ အိပ်ရာခင်းအထည် ၃၃၀၀၊ အင်္ကျီအထည် ၈၅၀၀၊ မိုးကာတဲအလုံး ၁၂၀၊ အကာခင်းအလိပ် ၄၅ လိပ်နှင့် အိမ်သုံးဆေးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ ကောင်စစ်ဝန်ချုပ်နှင့် တက်ဟုန်းပြည်နယ်ခွဲမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦး ညဏ် ထွန်း ရေ ဘေး သင့် ပြည် သူ များ အတွက် တရုတ်နိုင်ငံမှ လှူဒါန်းငွေများကို တရုတ် သံ အမတ် ကြီး မစ္စတာ ဟုန်လျန် ထံမှ လက်ခံယူစဉ်။

(သတင်းစဉ်)



**ဒုတိယသမ္မတ ဦးညဏ်ထွန်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။**

**(သတင်းစဉ်)**

## ကိုရီးယားသံအမတ်ကြီး ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်း

**ပဲခူး သြဂုတ် ၁၂**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဗုဒ္ဓအသံဓမ္မာဗိမာန်တော်ကြီး၌ သြဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Beak-Soon က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက လက်ခံရယူသည်။

ရေဘေးသင့်ပြည်သူအတွက် ထောက်ပံ့လှူဒါန်းသည့်ပစ္စည်းများမှာ ဆန် ၂၃၂ အိတ်၊ မာမားခေါက်ဆွဲ ၂၄၅ ဖာ၊ သွပ်အချပ် ၆၆၀၀၊ မီးစက်အလုံး ၅၀၊ ဆိုလာပြား ၁၄၄ ချပ်၊ အဝတ်အထည် ၄၂ ဘူး၊ ဓာတ်မီးဘူး ခုနစ်ဘူး၊ ရေစုပ်စက်အလုံး ၁၀၀၊ ရေသန့်ဘူးကတ် ၂၃၅၀၊ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် သိန်း ၁၂၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော် သြဂုတ် ၁၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်ထံသို့ ထိုင်းနိုင်ငံအခြေစိုက် PTT Group ကိုယ်စား PTTEPI Ltd.(Yangon Branch) ၏ General Manager ဖြစ်သူ Mr.Waranon Laprabang က မြန်မာနိုင်ငံရှိ သဘာဝဘေးသင့်ပြည်သူများကို ထောက်ပံ့ကူညီရန် တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ငါးသိန်းနှင့်ညီမျှသော ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေကို စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် လာရောက်ပေးအပ်လှူဒါန်းခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခုလှူဒါန်းခဲ့သော ကယ်ဆယ်ရေးပစ္စည်းများနှင့် လှူဒါန်းငွေများကို ရေဘေးသင့်ပြည်သူများထံသို့ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများမှတစ်ဆင့် ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## ရွေးကောက်ပွဲအတွက် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များအား လေ့လာခွင့်ပြုမည်

**နေပြည်တော် သြဂုတ် ၁၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ရာ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ယာပုံ)**



ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံနှင့် တာဝန်များ၊ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲစနစ်၊ မဲပေးပုံစနစ်၊ မဲစာရင်းပြုစုပုံ၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲဖြစ်စဉ်၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် သံအမတ်ကြီးက ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် ပတ်သက်၍မေးမြန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက Long Term Observer မှာ ၃/၄ လခန့် စောင့်ကြည့်လေ့လာခြင်းဖြစ်ပြီး MoU ရေးထိုးရန်လိုအပ်ကြောင်း၊ Short Term Observer မှာ ရွေးကောက်ပွဲနေ့မတိုင်မီ ၂ ရက်နှင့် ရွေးကောက်ပွဲပြီးနောက် ၁ ရက်၊ ၂ ရက်ခန့် လေ့လာခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ပြည်တွင်း၊ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များအား လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း၊ ပြည်ပစောင့်ကြည့် လေ့လာရေးအဖွဲ့များအနေဖြင့် Carter Center, EU, ANFREL,IRI နှင့် Gender Concern အဖွဲ့များ လာရောက်လေ့လာလိုသည်ဟု အဆိုပြုထားကြောင်း၊ Carter Centerနှင့် EU တို့မှာ MoU ရေးထိုးပြီးဖြစ်ပြီး ကျန်အဖွဲ့များ MoU လက်မှတ်ရေးထိုးရေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် လူမှုအဖွဲ့အစည်းများကို လေ့လာစောင့်ကြည့်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ NGO များကိုလေ့လာခွင့်ပြုထားခြင်း မရှိကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများကိုသာ ဖိတ်ကြားခြင်းဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများ၏ ရွေးကောက်ပွဲ ကော်မရှင်များကို ကော်မရှင်အနေဖြင့် ဖိတ်ကြားသွားမည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများကိုလည်း လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာလိုပါက ဖိတ်ကြားသွားမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် သဘာဝဘေးအန္တရာယ်ကိုလျော့နည်းစေပြီး ဘေးကင်းလုံခြုံသောဒေသအဖြစ်တည်ထောင်ပေးနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာအမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက လုပ်ငန်းစဉ်(၃)ရပ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ လုပ်ငန်းစဉ်(၁)မှာ ဘေးမဖြစ်မီ ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန် ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်(၂)မှာ ဘေးဖြစ်ပွားနေစဉ် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုသည့်နေရာတွင် ဘေးလွတ်ရာ ရွှေ့ပြောင်းခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ အရေးပေါ် ကယ်ဆယ် ထောက်ပံ့ခြင်းဆိုသည့် လုပ်ငန်းများကို လက်ရှိဆောင်ရွက်လျက်ရှိပါကြောင်း။


ဒုတိယသမ္မတ ဦးညဏ်ထွန်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)


လုပ်ငန်းစဉ်(၃)ဖြစ်သည့် မူလအခြေအနေကို ပြန်လည်ရောက်ရှိစေရန်အတွက် ထူထောင်ပေးခြင်းဆိုသည့်ကဏ္ဍတွင် ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ၊ ဆောင်ရွက်ပေးနိုင်ရန် အသင့်ပြင်ဆင်ထားရှိပြီး ဖြစ်ပါကြောင်း။


သဘာဝဘေး အန္တရာယ်နဲ့ ပတ်သက်ပြီး နာဂစ်မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေး စီမံကိန်းကို ၂၀၀၉ ခုနှစ်က လုပ်ဆောင်ခဲ့ရာတွင် အရေးကြီးသည့် နယ်ပယ်(၈)ခု ရှိသည်ကိုတွေ့ရှိခဲ့ရပါကြောင်း၊ ၎င်းတို့မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ(Livelihoods)၊ နေထိုင်ခိုလှုံစရာ အဆောက်အအုံ ( Shelter and Settlements)၊ ပညာရေး (Education)၊ ကျန်းမာရေး ( Health )၊ သောက်သုံးရန်ရေ၊ အညစ်အကြေးနှင့် သန့်ရှင်းရေး( Water, Sanitation and Hygiene) (WASH)၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပွားရသည့် ဘေးအန္တရာယ်လျော့ချရေး( Disaster Risk Reduction) ( DRR)၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (Environment) နှင့် ထိခိုက်လွယ်သော အုပ်စုများစောင့်ရှောက်ရေး (Protection and Vulnerable Groups) တို့ ဖြစ်ပါကြောင်း။

နာဂစ်အလွန် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုမှ သင်ခန်းစာများအနေဖြင့် အရေးပေါ် တုံ့ပြန်မှုကို ပူးပေါင်းဆောင်ရွက်မှုဖြင့်လုပ်နိုင်ခဲ့ပါကြောင်း၊ သောက်သုံးရေသန့်၊ အစားအသောက်၊ ပတ်ဝန်းကျင်ရှင်းလင်းရေးလုပ်ငန်း၊ နေထိုင်စရာအဆောက်အအုံ၊ ငွေကြေးအကူအညီစသည်ဖြင့် ရပ်ရွာအခြေပြုထူထောင်မှုလုပ်ငန်းများ အလျင်အမြန် ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးနိုင်ခဲ့ခြင်း၊ အခြေခံအဆောက်အအုံများကို အချိန်ယူတည်ဆောက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ စွမ်းရည်မြှင့်တင်ရေးအား စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျှော့ချရေး အစီအစဉ်ကောင်းများသည် အရေးကြီးသဖြင့် အဆင်သင့်ဖြစ်နေမှုအပိုင်းတွင် အားနည်းခဲ့သည်ကို တွေ့ရပါကြောင်း။

ပြည်သူကိုအခြေပြုပြီး ပြန်လည်ထူထောင်ရေးမှုများကို ကြည့်လျှင် မူ(၁)တွင် ကဏ္ဍစုံပြန်လည်ကုစားရေးနည်းလမ်းအနေဖြင့် ကဏ္ဍအချင်းချင်းပူးပေါင်းဆောင်ရွက်မှုကို သေချာစေခြင်း၊ cross-cutting ပြဿနာများနှင့် ထပ်နေသော ကိစ္စများကို ဖော်ထုတ်ခြင်း၊ ကုစားရေးဆောင်ရွက်နေသော ကဏ္ဍအားလုံးနှင့်ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း၊

*စာမျက်နှာ ၅ သို့*



*စာမျက်နှာ ၄ မှ*

အရေးပါသော ဦးဆောင်လမ်းညွှန်မှုအနေဖြင့် ပြန်လည်ကုစားရေးလုပ်ငန်းစဉ်များတွင် ကျေးလက်နှင့် မြို့ပြလူထုအားလုံး အပြည့်အဝပါဝင်လာစေရေး စဉ်းစားတွေးခေါ်ခြင်းနှင့် စီမံကိန်းချမှတ်ခြင်းမှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ဖြစ်ကြောင်း၊ မူ(၂)တွင် လူထုအသံ၊ လူထုဆန္ဒကို အလေးထား၍ နိုင်ငံတကာမှ အကောင်းဆုံးကျင့်ထုံးဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတွင် ဒေသတွင်း အမှန်တကယ် လိုအပ်ချက်ကို ဖော်ထုတ်၍ ကိုက်ညီသောအထောက်အပံ့ကို စနစ်တကျစီစဉ်ခြင်း၊ ပထဝီအနေအထားကွာခြားချက်၊ လူမှုစီးပွားအခြေအနေ ကွာခြားချက်များရှိသော ဒေသပေါင်းစုံ လိုအပ်ချက်များနှင့် ဒေသတွင်းဖြည့်ဆည်းနိုင်မှုနည်းလမ်းများ ဖော်ထုတ်ခြင်းတို့ကိုဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါကြောင်း။

အခြေခံမူများအနေဖြင့် အစိုးရ၊ အလှူရှင်များနှင့် အကူအညီပေးရေးအဖွဲ့များသည် ဘေးသင့်မိသားစုများနှင့် ရပ်ရွာဒေသတို့ ကိုယ်တိုင်ရွေးချယ်သည့် ပြန်လည်ထူထောင်ရေးအမျိုးအစားကို အသိအမှတ်ပြုပေးရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးသည် မျှတမှုနှင့်သာတူညီမျှမှုရှိရေး၊ အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှု အားကောင်းစေရေး၊ ပြည်ထောင်စုအစိုးရက အားပေးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံခန့်ခွဲခြင်း အားကောင်းစေရန်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သည့်အရင်းအမြစ်များ ထောက်ပံ့ပေးရေး၊ ကောင်းမွန်သော ပြန်လည်ထူထောင်ရေးအစီအမံနှင့် ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုရှိစေရေးအတွက် သတင်းအချက်အလက်စုံစွာ ရရှိရေးဆောင်ရွက်ရန် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့များ၏ အခန်းကဏ္ဍကျယ်ပြန့်လာမှုနှင့်အတူ ပြန်လည်ထူထောင်မှု အရည်အသွေးအတွက် တာဝန်သိမှုပိုရှိလာရေး၊ ပြန်လည်ထူထောင်မှု လုပ်ငန်းများ စတင်ချိန်၌ပင် ပြည်ထောင်စုအစိုးရနှင့် အကူအညီပေးရေးအဖွဲ့များသည် ဒေသနှင့်လျော်ညီသည့် တီထွင်ဖန်တီးလုပ်ဆောင်မှုများ အောင်မြင်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ ဖန်တီးပေးရေး၊ အကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းများအကြား မလိုလားအပ်သည့် ဘက်ပြိုင်မှုနှင့် ကောင်းကျိုးမပေးသည့် ယှဉ်ပြိုင်ခြင်းတို့ မရှိစေရေးနှင့် ကောင်းမွန်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် သဘာဝဘေးအန္တရာယ်ကို လျော့နည်းစေပြီး ကြံ့ကြံ့ခံနိုင်သည့် ပိုမိုဘေးကင်းလုံခြုံသော ရပ်ရွာဒေသအဖြစ် ဖန်တီးတည်ထောင်ပေးနိုင်ရေးတို့ပင်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းရေးတွင် လုပ်ဆောင်ရမည့် အဆင့်သုံးဆင့်နှင့် လက်တွဲဆောင်ရွက်ရမည့်သူများမှာ အဆင့်(၁)တွင် အိမ်ထောင်စုများ သို့မဟုတ် ကျေးရွာအဆင့်ဖြစ်ပြီး အဆင့်(၂)တွင် မြို့အဆင့်နှင့် အဆင့်(၃)တွင် ဗဟိုအဆင့်တို့ဖြစ်ပါကြောင်း။

လိုက်နာရမည့် မူများအနေဖြင့် အကူအညီ လည်ပတ်စီးဆင်းမှုများကို အများပြည်သူသို့ သိရှိစေရေး အစီရင်ခံခြင်းနှင့် လမ်းကြောင်းပေးခြင်းတို့ကို လုပ်ဆောင်နိုင်သော အများပါဝင်သည့် စနစ်တစ်ခုဖြစ်ရေးကို အစပြုတည်ဆောက်ရန်၊ ဒေသခံများအား လုပ်ဆောင်မှု အဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်၊ ဒေသန္တရအဆင့် ဦးစီးဦးဆောင်ပြုမှုများ၊ အရင်းအမြစ်များနှင့် စွမ်းဆောင်မှုများကို အရင်းခံအခြေပြုရန်တို့ပင် ဖြစ်ပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရှင်းလင်းတင်ပြစဉ်။




ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ရှင်းလင်းတင်ပြစဉ်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့သည်။ **(သတင်းစဉ်)**

## အမျိုးသားအဆင့် ပြန်လည်ထူထောင်မှု လုပ်ငန်းညှိနှိုင်းရေး စုဖွဲ့မှုပုံစံ




# ပြန်လည်ထူထောင်မှု လုပ်ငန်း စုဖွဲ့မှုပုံစံ




❖ *ကျောဖုံးမှ*

၂။ မြန်မာနိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသည့် စိတ်ရင်းစေတနာကောင်းဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူအဆက်ဆက်ကို ဖိတ်ကြားလက်ခံလျက်ရှိပါသည်။

၃။ ယင်းစိတ်အခြေခံဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီအား မြန်မာနိုင်ငံသို့ တတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ ငါးရက်တာ လာရောက်ရန် ဖိတ်ကြားလက်ခံခဲ့ပါသည်။ ခရီးစဉ်ကာလနှင့် နေရာများသည် မစ္စယန်ဟီလီဘက်မှ လုံခြုံရေးနှင့်စပ်လျဉ်း၍စိုးရိမ်မှုအပေါ် ချိန်ဆစီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် လာရောက်ခဲ့သည့် မစ္စယန်ဟီလီ၏ ဒုတိယအကြိမ်ခရီးစဉ်အပြီး ၎င်း၏ ထင်မြင်ယူဆချက်များအပေါ် ပြည်သူလူထုက သဘောမတူညီမှုများရှိခဲ့သည့် အချက်ကိုလည်း အလေးထား ထည့်သွင်းစဉ်းစားခဲ့ပါသည်။

၄။ အထူးအစီရင်ခံစာတင်သွင်းသူသည် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာခြင်းခံရသည့် ဒေသများတွင် ပါဝင်သည့် ပြည်နယ်တစ်ခုသို့ ရာသီဥတုအခြေအနေဆိုးရွားသဖြင့် သွားရောက်နိုင်ခဲ့ခြင်းမရှိပါ။ အဆင့်မြင့်အရာရှိကြီးများသည် ရေဘေးသင့်ဒေသများတွင် သဘာဝဘေးအန္တရာယ် တုံ့ပြန်စီမံခန့်ခွဲမှုများ ဆောင်ရွက်နေရသဖြင့် နေပြည်တော်တွင် မစ္စယန်ဟီလီမေတ္တာရပ်ခံသော တွေ့ဆုံမှုအချို့ကို စီစဉ်ပေးနိုင်ခဲ့ခြင်းမရှိပါ။

၅။ အထူးအစီရင်ခံစာတင်သွင်းသူက အစိုးရ၊ သက်ဆိုင်သူအားလုံးနှင့် ပွင့်လင်းစွာနှင့် အပြုသဘော ထိတွေ့ဆောင်ရွက်ရန် ကတိပြုသည်ကို မြန်မာနိုင်ငံကကောင်းမွန်စွာ မှတ်သားခဲ့ပါသည်။ မတူညီသောသဘောထားအမြင်များကိုသိရှိရန် အထူးအစီရင်ခံစာတင်သွင်းသူ၏ ကြိုးပမ်းအားထုတ်မှုများကို တွေ့ရှိရသဖြင့်လည်း အားရကျေနပ်ပါသည်။ သို့ရာတွင် အထူးအစီရင်ခံစာတင်သွင်းသူ၏ ခရီးစဉ်အပြီးပြောကြားချက်များတွင် အမှန်တရားနှင့် အချက်အလက်များထက် စွပ်စွဲချက်များနှင့် မှန်းဆပြောကြားချက်များ ကျယ်ပြန့်စွာပါဝင်သဖြင့် သတင်းအရင်းအမြစ်များကို မတူညီသောနေရာများမှ တိုးတက်ရယူရေးနှင့် ပိုမိုပြည့်စုံစွာရရှိအောင် ဆောင်ရွက်ရန် အထူးအစီရင်ခံစာတင်သွင်းသူအား မြန်မာနိုင်ငံက တိုက်တွန်းအားပေးပါသည်။

၆။ ရွေးကောက်ပွဲများတွင် မဲပေးရေးကဲ့သို့နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်တွင်ပါဝင်ခွင့်မှာ ၎င်းနိုင်ငံသားများ၏ အခွင့်အရေးဖြစ်ပါသည်။ မြန်မာနိုင်ငံသားဖြစ်လိုသူများသည် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားလျှောက်ထားနိုင်ပြီး၊ ၎င်းတို့အတွက် ကန့်သတ်တားမြစ်ထားခြင်းမရှိပါ။

၇။ မြန်မာနိုင်ငံက “ရိုဟင်ဂျာ” ဟူသောအသုံးအနှုန်းကို ဆက်လက်ပယ်ချပါသည်။ ယင်းဖန်တီးတီထွင်ထားသည့် အသုံးအနှုန်းကို မြန်မာပြည်သူများက အသိအမှတ်မပြုပါ။

၈။ ခေတ်သစ်မြန်မာနိုင်ငံ၏ အထင်ရှားဆုံးတိုးတက်မှုများတွင် လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လွတ်လပ်ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်တို့နှင့်ပတ်သက်သည့် နယ်ပယ်လည်း ပါဝင်ပါသည်။ ယင်းအခွင့်အရေးများကို ငြိမ်းချမ်းစွာကျင့်သုံးရုံမျှဖြင့် မည်သူမျှဖမ်းဆီးခံရခြင်း သို့မဟုတ် တရားစွဲဆိုခံရခြင်းမရှိပါ။

၉။ ရေကြည်ရာ မြက်နုရာ အလုပ်အကိုင်အခွင့်အလမ်းရှာဖွေရာမှ ဒေသတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာမှုများကို ဖြစ်ပေါ်စေပြီး၊ နစ်နာသူများသည် လူမှောင်ခိုကူးမှုနှင့်လူကုန်ကူးမှုကွန်ရက်များ၏အမြတ်ထုတ်ခြင်းခံကြရသည်။ ဒေသတွင်း မူရင်း၊ ကြားခံနှင့်ဦးတည်ရာနိုင်ငံများသည် ယင်းကိစ္စကို ဖြေရှင်းရန်တိုးတက်ကြိုးပမ်းလျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုကို အခြေခံကာ နိုင်ငံတကာအသိုက်အဝန်းအတွင်း တာဝန်သိ နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် လူကုန်ကူးခံရသူများကို ကယ်ဆယ်ခြင်း၊ ယာယီ အမိုးအကာပေးခြင်းနှင့် အကူအညီပေးခြင်းများကို မိမိနိုင်ငံ၏ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ရာချီသည့် လှေစီးသွားလာသူများအား ပြန်လည်ပို့ဆောင်ခြင်းကို ပင်ရင်းနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်း၍ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

၁၀။ အထူးအစီရင်ခံစာတင်သွင်းသူသည် အနာဂတ်တွင်ခွဲခြားရွေးချယ်မှုနှင့်ဘက်လိုက်မှုမရှိဘဲ မြန်မာနိုင်ငံသားအားလုံး၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် မျှတသော အစီရင်ခံစာတစ်စောင်ရေးသားလိမ့်မည်ဟု မျှော်လင့်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်**

# အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း၌ ရောက်ရှိနေသော မြန်မာရေလုပ်သားများပြန်လည်ခေါ်ယူနိုင်ရေး မြန်မာသံရုံး ဂျကာတာနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း၌ ရောက်ရှိနေသော မြန်မာရေလုပ်သား ၃၃၈ ဦးကို မြန်မာနိုင်ငံသို့ ဆောလျင်စွာ ပြန်လည်ခေါ်ယူနိုင်ရေးကိစ္စနှင့် ပတ်သက်၍ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂ်ဗလခန်းမ၌ ဒုတိယဝန်ကြီး ဦးသန့်ကျော်ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန (လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အရာရှိကြီးများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာသံရုံး ဂျကာတာမြို့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်တွင်းသတင်း

*** *ကျောဖုံးမှ***

သီလဝါအထူးစီးပွားရေးဇုန်အတွက် ရေပိုမိုအသုံးပြုနိုင်ရန် ၂၀၁၄ ခုနှစ်မှစတင်၍ ရေလှောင်တမံ၏ကန်ပေါင်များပြင်ဆင်ခြင်းနှင့် အခြား အထွေထွေပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လက်ရှိအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပြီးစီးနေပြီဖြစ်၍ ကန်ပေါင်၏ သတ်မှတ်နေရာတွင် ရေပိုလွှဲသုံးပေအမြင့်၌ နှစ်ပေအကွာတွင် Falling Shutter ကို တပ်ဆင်ကာ Auto Gate ထားရှိပြီး ကန်ရေအတက်အကျပေါ်မူတည်၍ Shutter တိုင်မှလဲကျခြင်းနှင့် ထောင်မတ်နေခြင်းတို့ကို အချက်ပြကာ ရေများ ဖြည့်တင်းစေမည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က အဆိုပါစနစ်ကိုစမ်းသပ်ခဲ့ပြီးဖြစ်ရာ ယခုနှစ်တွင်လည်း စမ်းသပ်ဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါသီလဝါအထူးစီးပွားရေးဇုန်ကြီးပြီးစီးပါက ဇာမဏီအင်းရေလှောင်တမံမှ နေ့စဉ်ရေချိုဂါလန်ဆယ့်သုံးသိန်းနှစ်သောင်းကျော် (6000 m 3)ကို သီလဝါအထူးစီးပွားရေးဇုန်အတွက် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-တင်လှမောင်**

❐ ***ရှေ့ဖုံးမှ***

၂၀၀၆ ခုနှစ်မှ စတင်တိမ်ကောစပြုလာသော ပန်းလှိုင်မြစ်သည် မြစ်ကြောင်းတစ်လျှောက် ဒေသများ၌ မိုးရာသီတွင်ရေကြီး ရေလျှံမှုများ ဖြစ်ပွားခဲ့၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

ဧရာဝတီတိုင်း ဒေသကြီးတွင် မဲဇလီ ဒလမှ အုန်းပင်စုကျေးရွာအထိသာ ရေရောက်ရှိပြီး ထိုနေရာမှ ခတ္တိယရွာအထိ နုန်းများပိတ်ဆို့ တိမ်ကောနေပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းတွင် လှိုင်မြစ်ဝမှ ကင်းရွာအထိသာ ရေရောက်ရှိ၍ ကင်းရွာအထက်ပိုင်းရှိ ပန်းလှိုင်မြစ်ကြောင်းမှာ နုန်းများ ပိတ်ဆို့ကာ ကျူတောများ၊ ပိတ်စွယ်တောများ မြစ်ကြောင်းတစ်လျှောက် အပြည့်ပေါက်ရောက်လျက်ရှိသည်။ မိုးတွင်းကာလတွင် ရေထုတ်နုတ်ရန် တည်ဆောက်ထားသော ခတ္တိယ၊ မြဂဲနှင့် ဘိုးတ ရေတံခါး ၊ မရွှေဥ ရေတံခါး၊ စန္ဒယော်ရေတံခါးနှင့် ထိုးဝါးချောင်း ရေတံခါး တို့မှာလည်း ရေစီးဆင်းမှု မရှိဘဲ နုန်းများ ပိတ်ဆို့နေပြီဖြစ်သည်။

တိမ်ကောနေသည့် ပန်းလှိုင်မြစ်တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေး လုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ် ဧပြီ ၁၂ ရက်တွင် မြေပြင်တိုင်းတာသည့် လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၉ ရက်မှစ၍ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေး စီမံကိန်းကို စတင်ခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လတွင် လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးခဲ့သည်။ ယခုအခါ ရေစီးရေလာ ကောင်းမွန်မှုကြောင့် မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့ပြီး ရေနစ်မြုပ်မှုမှလည်း ကင်းဝေးခဲ့ကာ စိုက်ပျိုးရေး လုပ်ငန်းများကောင်းမွန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်၍ ဒေသခံများ ဝမ်းမြောက်လျက်ရှိသည်။

ပန်းလှိုင်မြစ်သည် ဧရာဝတီမြစ်မှ ညောင်တုန်းမြို့တွင် ခွဲထွက်စီးဆင်းပြီး ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီး၌ ပန်းလှိုင်မြစ်နှင့် ကုက္ကိုဝမြစ်ဟူ၍ မြစ်နှစ်စင်း ခွဲထွက်ပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအနီး၌ လှိုင်မြစ်အတွင်းသို့ စီးဝင်ကာ အလျား ၃၄ မိုင် ကျော်ခန့် ရှိသည်။ ယခင်က ပန်းလှိုင်မြစ်တစ်လျှောက် နှစ်ထပ်သင်္ဘောများ ဝင်ထွက်သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ စိုက်ပျိုးရေးကောင်းမွန်ခြင်းနှင့် တံငါလုပ်ငန်းများဖြင့် အသက်မွေးနိုင်ခြင်းကြောင့် မြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးခဲ့သည်။

ပန်းလှိုင်မြစ် ပြန်လည်တူးဖော်သည့် စီမံကိန်းသည် ဒေသခံများ လက်ငင်းအကျိုး ကျေးဇူးရရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ လယ်မြေများ ရေနစ်မြုပ်မှုမှကာကွယ်နိုင်ရန်နှင့် နွေစပါးစိုက်ပျိုးရေ ရရှိရန်ရည်ရွယ်၍ ရေရှည်အကျိုးကျေးဇူး ရရှိနိုင်ရန် နိုင်ငံတော်သမ္မတက အဆိုပါ စီမံကိန်း အကောင်အထည်ဖော်ရန် လမ်းညွှန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပန်းလှိုင်မြစ် ပြန်လည်တူးဖော်သည့် စီမံကိန်းလုပ်ငန်းခွင်သို့ ၂၀၁၅ ခုနှစ် မတ် ၁၄ ရက်တွင် နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ရာ **နိုင်ငံတော် သမ္မတက ပန်းလှိုင်မြစ် ပြန်လည်တူးဖော်သည့် စီမံကိန်းကြောင့် ကျေးရွာချင်းဆက်လမ်းပန်းဆက်သွယ်ရေး များစွာအကျိုးကျေးဇူး ဖြစ်ထွန်းလာခဲ့ကြောင်း၊ နွေစပါး၊ မိုးစပါး စိုက်ပျိုးရာတွင် ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးသွားပြီဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် အချက်အချာကျသော နေရာများတွင် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဆောင်ရွက်ပေးထားပြီးဖြစ်၍ တစ်ဦးချင်းနှင့် ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း**ဖြင့် ပြောကြားခဲ့သည်။

**"ဒေသခံတွေအတွက် ပန်းလှိုင်မြစ်ပေါ်မှာ ထန်းတပင်နဲ့ တွံတေးမြို့နယ်တွေကို ဆက်သွယ်ပေးတဲ့ ကျေးရွာချင်းဆက်တံတားခုနစ်စင်း ထိုးပေးထားတယ်။ မဲဇလီဘက်မှာ ရေတံခါးအသစ်ထပ်ဆောက်ဖို့ စီစဉ်ထားပါတယ်။ ရည်ရွယ်ချက်က ကုက္ကိုဝမြစ်ဘက်ကလာတဲ့ မြစ်ရေကို ကာကွယ်ထားမယ်။ ပြီးရင် နွေရာသီမှာ ဒီထဲကို ရေချိုရအောင် ပြန်သွင်းချင်လို့ပါ။ အဓိက မြစ်မတိမ်ကောအောင်နဲ့ နုန်းမြေမဝင်ရောက်အောင် ပန်းလှိုင်မြစ်ပိတ်တမံဆိုပြီး ဂေါက်ကွင်းနားကို ဖြတ်ပိတ်ထားပါတယ်။ နွေရာသီကျရင် နည်းပညာတက္ကသိုလ်နောက်ကျောနားကို မြစ်ပိတ်တမံပိတ်မှာပါ"** ဟု ဆည်မြောင်းဦးစီးဌာန အနေဖြင့် တာဝန်ယူ ဆောင်ရွက်နေသည့် အပိုင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံချွန်က ရှင်းပြသည်ကို သိရှိခဲ့ရသည်။

ပန်းလှိုင်မြစ် ပြန်လည်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ စုစုပေါင်းလယ်ယာမြေ ၁၂၀၁၆၄ ဧကကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပြီး သီးနှံစိုက်ပျိုးမှုဧက ၁၁၁၉၄၈ ကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ အရှည် ၃၄ မိုင်ရှိ မြစ်ကြောင်းတစ်လျှောက် ပေါက်ရောက်ပိတ်ဆို့နေသောကျူပင်များ ဖယ်ရှားခြင်း၊ နုန်းမြေများ ဖယ်ရှားခြင်း ရေထိန်းနံရံများ တည်ဆောက်ခြင်းနှင့် ရေတံခါးနှစ်ခု အသစ်တည်ဆောက်နိုင်ခဲ့သည်။

ပန်းလှိုင်မြစ်ပြန်လည် တူးဖော်သည့်စီမံကိန်းနှင့်အတူ ရေထိန်း တံခါးကြီးကိုးခုနှင့် ထပ်မံတည်ဆောက်မည့် တံခါးငါးခု အပါအဝင် စုစုပေါင်း ၁၄ ခု တည်ဆောက်မည်ဖြစ်ရာ ရေတံခါးပေါက်များ ပါဝင်၍ နှစ်စဉ် ရေမြုပ်ဧက ၁၂၀၀၀၀ ကျော်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ထိရောက်စွာ စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ထို့ပြင် ကျေးရွာချင်းဆက် သံမဏိ သံပေါင်တံတား လေးစင်း၊ သစ်သားတံတား နှစ်စင်းကို စီမံကိန်းနှင့်အတူ တည်ဆောက်နိုင်ခဲ့သည်။

ပန်းလှိုင်မြစ် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတွင် မြေတူးစက်၊ မြေထိုးစက်၊ မြေသယ်ယာဉ်၊ ရေပေါ်မြေတူးစက်၊ မြေဖိစက်၊ နုန်းစုပ်စက်၊ မြေညှိစက် စသည့် စက်ယန္တရား ၃၄၉ စီးဖြင့် ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း ၂၂၅၀၀ ကို သုံးစွဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတက ပန်းလှိုင်မြစ်နှင့် ဆက်စပ်၍ မြို့ပြဖွံ့ဖြိုးရေး၊ ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ဆက်စပ်၍ **"ပန်းလှိုင်မြစ် ပြန်လည်တူးဖော်သည့် စီမံကိန်းပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းများနှင့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးဇုန်ကြီးများကိုပါ တစ်ပါတည်း တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အော်ဂဲနစ်သီးနှံစိုက်ပျိုးရေးဇုန်များ၊ အော်ဂဲနစ် မွေးမြူရေးဇုန်များ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်လိုသူများ ဆောင်ရွက်နိုင်အောင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလားတူ နိုင်ငံတကာ မြို့ပြများရှိ မြစ်ကမ်းဘေး ဝဲယာတစ်လျှောက်တွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် နည်းတူ ပန်းလှိုင်မြစ်ကြောင်း တစ်လျှောက်တွင်လည်း မြို့ရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ တစ်ပါတည်း ဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း"** ဖြင့် မတ်လအတွင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သော ခရီးစဉ်တွင် ထည့်သွင်း ပြောကြားခဲ့သည်။

ပန်းလှိုင်မြစ်ကောဇာ ၁၄၀ တွင် ဟင်းသီးဟင်းရွက်ဇုန်ဖော်ထုတ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ဈေးကွက်လိုအပ်ချက် မြင့်မားလာသည့် အရည်အသွေးပြည့်ဝသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ပန်းလှိုင်မြစ်ကြောင်း တစ်လျှောက် ဝဲယာဒေသများမှ ထောက်ပံ့ ပေးပို့နိုင်တော့မည်ဖြစ်သည်။ မြစ်ကြောင်းပြန်လည်တူးဖော်ပြီးနောက် စိုက်ပျိုးမြေများ ယခင်ကထက် တန်ဖိုးမြင့်တက်လာပြီး စပါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ငါးမွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်လုပ်ကိုင် ဆောင်ရွက်နိုင်မှု ပိုမိုများပြားလာခဲ့သည်။

"ဟိုတုန်းက ဈေးမရှိခဲ့တဲ့ ကျွန်တော်တို့ရွာက လယ်မြေတွေ ပန်းလှိုင်မြစ်ကြီး ပြန်လည်တူးဖော်ပေးလိုက်တဲ့အတွက် တစ်ဧကကို ဆယ်သိန်းကျော်လောက် ပေါက်နေပါပြီ" ဟု ထန်းတပင်မြို့နယ် မြခဲကျေးရွာအုပ်စု ခနောင်ပေါ်ကျေးရွာမှ ဦးပေါ်ထွန်းက ပြောကြားကြောင်းကို ပန်းလှိုင်မြစ်ကြောင်း တူးဖော်သည့် သတင်းတွင် ဖတ်ရှုခဲ့ရသည်။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ ပန်းလှိုင်မြစ်ပြန်လည်တူးဖော်ရေး စီမံကိန်း အောင်မြင်ပြီး စီမံကိန်း အသီးအပွင့်များကို ခံစားရရှိနေကြပြီဖြစ်သည့် ဒေသခံများ၏ ကျေးဇူးတင်ဂုဏ်ပြုလွှာများကိုလည်း နေ့စဉ်ထုတ် သတင်းစာများတွင် ဖတ်ရှုနေရပြီဖြစ်သည်။

ကျေးရွာချင်းဆက် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးနှင့် ခေတ်မီမြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့် ပန်းလှိုင်မြစ်ကြောင်း တစ်လျှောက် ဖွံ့ဖြိုးရေး အစီအစဉ်များကြောင့် ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာ၊ ထန်းတပင်၊ တွံတေး မြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၀၀ ကျော် နေထိုင်ကြသည့် ဒေသခံပြည်သူတစ်သိန်းကျော်တို့၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးအတွက် လက်ငင်းအကျိုးပြုနိုင်သည့်အပြင် ရန်ကုန်နှင့် ဧရာဝတီကို ဝေစည်စေမည့် ပန်းလှိုင်မြစ်အဖြစ် စတင်ပေါ်ထွန်းလာနေသည်မှာ မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။

## စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၇/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား စစ်ဘက်မူလတာဝန်များ ပြန်လည် ထမ်းဆောင်စေလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်ကျော်ညွန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| (၂) | ဗိုလ်ချုပ်တင်အောင်ချစ် | နယ်စပ်ရေးရာဝန်ကြီးဌာန |

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၉/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ငွေအား ၎င်း၏ သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီးများ ရာထူးမှနုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၈/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**ဒုတိယဝန်ကြီးများ ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ၎င်းတို့၏သဘော ဆန္ဒအလျောက်ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးပိုက်ထွေး | ပြန်ကြားရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာမောင်မောင်ငြေး | သာသနာရေးဝန်ကြီးဌာန |
| (၃) | ဦးသန်းထွန်း | သမဝါယမဝန်ကြီးဌာန |
| (၄) | ဒေါ်ဝင်းမော်ထွန်း | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁၀/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းထွဋ်အား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်ပေးအပ်


**နေပြည်တော် သြဂုတ် ၁၂**

ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို သြဂုတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပရာ ရှေးဦးစွာ အလှူရှင်များကိုယ်စား၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြတ်နိုးသူကုမ္ပဏီ၊ ပစိဖိတ်ကုမ္ပဏီ၊ ဖြိုးစည်သူကုမ္ပဏီ၊ Golden one star ကုမ္ပဏီ၊ ဝင်းမာလာအောင် ကုမ္ပဏီ၊ တင်ဝင်းထွန်းကုမ္ပဏီနှင့် မိုမင်တန်ကုမ္ပဏီတို့က ငွေကျပ်သိန်း ၃၅၀၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ငွေကျပ်သိန်း ၂၀၀၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း လီမိတက်က ငွေကျပ်သိန်း ၁၀၀၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၂ သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့က ငွေကျပ် ၁၂ သိန်း စုစုပေါင်းငွေကျပ် ၆၇၄ သိန်းကို ပေးအပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဒေါက်တာစည်သူအောင်နှင့်တပည့်များ စွမ်းအားရာထူးဝင်ခွင့် သင်တန်းက ငွေကျပ် ၁၅ ဒသမ ၂၅ သိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံးမိသားစုက ငွေကျပ် ၁ ဒသမ ၆ သိန်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့်ဇနီး ဒေါ်ရီရီဝင်း သားသမီးမြေးတစ်စုက ငွေကျပ်သုံးသိန်း၊ စစ်တက္ကသိုလ် အမှတ်စဉ်(၁၈) သင်တန်းသားအရာရှိများက ငွေကျပ် ၁၀ သိန်း၊ နေပြည်တော် သတ္တုတွင်းစီမံကိန်းရုံး ဝန်ထမ်းမိသားစုများက ငွေကျပ် ၂ ဒသမ ၀၁ သိန်း၊ သတ္တုတွင်းစီမံကိန်းရုံး လက်ထောက်မန်နေဂျာ ဦးတင်မောင်ဆွေ -ဒေါ်ဖြူဖြူလွင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဒုအရာခံဗိုလ် ဝင်းနိုင်(ငြိမ်း)-ဒေါ်မိမိခိုင် မိသားစုက ငွေကျပ်ငါးသောင်းတို့ကို လှူဒါန်းသည်။

ထို့အပြင် Asean Coordinating Center for Humanitarian Assistance (AHA Center)မှ US$ ၄၀၀၀၀၀ ခန့်တန်ဖိုးရှိ အလူမီနီယံလှေ၊ တာပေါ်လင်စ၊ ပလတ်စတစ်ရေဘူး၊ Mobile Storage Unit၊ Family Kits၊ Kitchen Kits များ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ ရွှေစေတီပရိယတ္တိစာသင်တိုက်ဆရာတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တသောဘဏဦးစီး၍ ရေနီမြို့မလုံးဆိုင်ရာ ပြည်သူများနှင့် ရေနီမြို့ဝန်းကျင်ရှိ ကျေးရွာများမှ ဆရာတော်သံဃာတော်များနှင့် ပြည်သူများ စုပေါင်းလှူဒါန်းသော ငွေကျပ် ၁၉၂ ဒသမ ၅ သိန်းတန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်များ၊ စိုက်ပျိုးရေးဦးစီးဌာနက ငွေကျပ် ၁၅ သိန်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း)က ငွေကျပ်တစ်သိန်း၊ Association for Aid and Relief (Japan)မှ အမေရိကန်ဒေါ်လာ ၃၀၀၊ ဦးကိုကိုနိုင်(အင်ဂျင်နီယာချုပ်) နေပြည်တော် လျှပ်စစ်-ဒေါက်တာသီရိန္ဓယ်(ညွှန်ကြားရေးမှူး) ကုသရေးဦးစီးဌာနသမီး မနန်းထိုက်ရည်မွန်+ဗိုလ်ကြီးသက်ဖြိုးအောင်မိသားစုက ငွေကျပ်သုံးသိန်း၊ Air Bus Defense and Space Co.,Ltd. နှင့် IGS Co.,Ltd. က ယူရို ၁၀၁၀၀ တန်ဖိုးရှိ ဂြိုဟ်တုဓာတ်ပုံလေးပုံတို့ကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ဝါးခယ်မမြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ**




Ref: Myanmar Information Management Unit

● အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
● အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ


**ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ**




Ref: Myanmar Information Management Unit

● အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
● အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ


**ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ**




Ref: Myanmar Information Management Unit

● အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
● အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ


**မကွေးတိုင်းဒေသကြီး ချောက်၊ စလင်း၊ ပွင့်ဖြူနှင့်မင်းဘူးမြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ**




Ref: Myanmar Information Management Unit

● အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
● အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ


**ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်၊ ရွှေကျင်၊ ဒိုက်ဦးနှင့်ဝေါမြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ**




Ref: Myanmar Information Management Unit

● အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
● အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ

**ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်နှင့် ဇလွန်မြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ**




Ref: Myanmar Information Management Unit

● အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
● အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ

စာမျက်နှာ ၈ သို့

# ရဲရွာရေလှောင်တမံ ရေပိုလွှဲမှ ခုနစ်ပေခန့် ရေကျော်စီးဆင်းသော်လည်း စိုးရိမ်စရာမရှိ

**နေပြည်တော် ဩဂုတ် ၁၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၏ အရှေ့တောင်ဘက်(၃၁)မိုင်အကွာ ရဲရွာရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ကန်ရေပြည့်ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲမှ လျှံကျသည့်ရေများ မြစ်ငယ်မြစ် (ဒုဋ္ဌဝတီမြစ်)အတွင်းသို့ ပုံမှန်ပို့လွှတ်စီးဆင်းနေမှု၊ ရေလှောင်တမံကြံ့ခိုင်ရေး စဉ်ဆက်မပြတ်ထိန်းသိမ်းထားရှိမှုနှင့် ရေယူအဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် ပင်မတမံယာဘက် ကမ်းရှုရပ်မှနေ၍ ရေပိုလွှဲမှရေများ လျှံကျ စီးဆင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ ယခုနှစ်တွင် တမံအမြင့်ဆုံးရေအမှတ်ထက် ခုနစ်ပေခန့်ကျော်လွန်စီးဆင်းလျက်ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် အမြင့်ဆုံး ၁၃ ပေခန့်နှင့် ၂၀၁၃ ခုနှစ်တွင် ၁၂ ပေခန့်မြင့် တက်ခဲ့ပါကြောင်း၊ ဒီဇိုင်းအရ ပင်မရေပိုလွှဲမှ ၈ ဒသမ ၈ သိန်း ဧကပေအထိ လျှံကျစီးဆင်းနိုင်ပါသဖြင့် စိုးရိမ်စရာမရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အထူးဂရုပြုဆောင်ရွက်ရေး၊ စက်ရုံဝင်းအတွင်းနှင့် ပင်မတမံလုံခြုံရေးအား အလေးထားအထူးကြပ်မတ်ဆောင်ရွက်ရေးတို့ကို ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့သည်။




ရဲရွာ ရေလှောင်တမံသည် Roller Compacted Concrete (RCC) တမံအမျိုးအစားဖြစ်ပြီး ကန်ရေပြည့် သိုလှောင်ရေပမာဏ ၂၁ ဒသမ ၁၄ သိန်း ဧကပေကို သိုလှောင်နိုင်ပြီး စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ရှိသော စက်လေးလုံးဖြင့် စုစုပေါင်းတပ်ဆင် စက်အင်အား မဂ္ဂါဝပ် ၇၉၀ မှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၂**

ရေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်၌ မွန်ပြည်နယ် အစိုးရအဖွဲ့က အလှူငွေကျပ် ၁၄၀၀၀၀၀၀၀ နှင့် ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ရုံးဌာနဆိုင်ရာများနှင့် လက်ဖက်တောင်သူများ၏ လှူဒါန်းမှု ငွေကျပ် ၁၀၀၀၀၀၀၀၀ တို့ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်အလှူငွေ စာရင်းအမှတ် (CF-002301)သို့ လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၈၅၀၀၀ ကို မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့ အလှူငွေစာရင်း အမှတ် (1DA-0300086)သို့ လည်းကောင်း တိုက်ရိုက် ထည့်သွင်းလှူဒါန်းခဲ့ကြရာ စုစုပေါင်းအလှူငွေကျပ် ၉၄၇၃၉၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၈၅၀၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ထို့ပြင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ အလှူငွေကျပ် ၁၄၂၂၀၀၀၀၀၊ အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို စေတနာရှင်ပြည်သူများက လာရောက်လှူဒါန်းခဲ့ရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၂ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၉၃၉၇၁၇၉၅၂၀၊ အမေရိကန်ဒေါ်လာ ၂၄၆၈၅၀၊ ထိုင်းဘတ် ၇၅၂၀၀၊ မလေးရှား ရင်းဂစ် ၂၀၀၀ ဖြစ်ပြီး လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့


**နေပြည်တော် ဩဂုတ် ၁၂**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ပေးပို့ထောက်ပံ့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေး လေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်း၊ ကမ္ဘောဇလေကြောင်းတို့မှ ခေါက်ရေ သုံးခေါက်ဖြင့် ဆန်အိတ်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ စားသောက်ကုန်၊ ကယ်ဆယ်ရေးပစ္စည်းနှင့် အသက်ကယ်အင်္ကျီများကို ပေးပို့ခဲ့သည်။ ထို့ပြင် ဩစတြေးလျနိုင်ငံအစိုးရက လှူဒါန်းသည့် မိသားစုသုံးပစ္စည်းများနှင့် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးစင်တာမှ လှူဒါန်းသည့်တာပေါ်လင်၊ စက်တပ်အလူမီနီယံစက်လှေ၊ ခြင်ထောင်နှင့်ရေပုံးစသည့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသော ဩစတြေးလျလေတပ်မှ C-17 လေယာဉ်သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ အဆိုပါပစ္စည်းများအနက် ဩစတြေးလျနိုင်ငံ အစိုးရက လှူဒါန်းသည့် မိသားစုသုံးပစ္စည်းများကို World Vision သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပြီး အာဆီယံပေါင်းစပ်ညှိနှိုင်းရေးစင်တာက လှူဒါန်းသည့်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*


**ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၊ မြန်အောင်မြို့နယ်နှင့် ဟင်္သာတမြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ**




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ


**မြန်မာတစ်နိုင်ငံလုံးတွင် ရေကြီး၊ ရေလျှံမှုဖြစ်ပေါ်နေသော ဒေသများအား UN OCHA မှ ၁၀-၈-၂၀၁၅ ရက်နေ့တွင် ဖော်ပြထားမှု**




Ref: UN OCHA

- ကြက်သွေးရင့်ရောင်မှာ လူဦးရေ ၂၅၀၀၀ အထက် ရေဘေးဒဏ်ခံနေရသောနေရာ
- ကြက်သွေးရောင်မှာ လူဦးရေ ၅၀၀၀ မှ ၂၅၀၀၀ ကြား ရေဘေးဒဏ် ခံနေရသောနေရာ
- ကြက်သွေးအနုရောင်မှာ လူဦးရေ ၁၀၀၀ မှ ၅၀၀၀ ကြား ရေဘေးဒဏ်ခံနေရသောနေရာ
- ကြက်သွေးအဖျော့ရောင် ပြထားသောနေရာများမှာ လူဦးရေ ၁၀၀၀ အောက် ရေဘေးဒဏ်ခံနေရသောနေရာ

**ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ကျုံပျော်မြို့နယ်များအတွင်း ၆-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ**




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနရောင်များသည် သာမန်အချိန်တွင် ရှိ ရေမျက်နှာပြင်ဧရိယာ


# ဟင်္သာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့နယ်များ၌ ရေကျသော်လည်း စိုးရိမ်ရေမှတ်ကျော်လွန်

**နေပြည်တော် ဩဂုတ် ၁၂**


ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်နှင့် ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ် စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း မြို့အလိုက် သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

(သတင်းစဉ်)


ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်ရှိ ဧရာဝတီမြစ်၏နေ့အလိုက်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်ရှိ ဧရာဝတီမြစ်၏နေ့အလိုက်ရေမှတ်များ




ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ဧရာဝတီမြစ်၏နေ့အလိုက်ရေမှတ်များ




# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပါသည်။ နောက်သုံးရက်အတွင်း နှစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ရေဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ပြည်ထောင်စုအစိုးရအဖွဲ့နှင့် 4TV နွေးထွေးသော ကမ်းလက်များ အစီအစဉ်တို့မှ ထောက်ပံ့လှူဒါန်းမည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

အဆိုပါပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ စဉ်ဆက်မပြတ်တင်ပို့လျက်ရှိရာ ဩဂုတ် ၁၁ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ လှူဒါန်းသော လူငါးဦးပါ မိသားစု တစ်စုအတွက် ထောက်ပံ့ပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ပုံးကြီး ၂၀၀၀ ကို နေပြည်တော်မှ ချင်းပြည်နယ် ဟားခါးမြို့သို့ ယာဉ်ကြီးခုနစ်စီးဖြင့် လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် နေပြည်တော်မှ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့သို့ ပလတ်စတစ်ပုံးကြီး ၁၀၀၀ ကို ၁၂ ဘီးယာဉ်ကြီးနှစ်စီးဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် တမူးမြို့ကြားရှိ ရွာများသို့ ပလတ်စတစ်ပုံးကြီး ၁၀၀၀ ကို ယာဉ်ကြီးငါးစီးဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ် မင်းပြားမြို့နှင့် မြောက်ဦးမြို့များသို့ ပလတ်စတစ်ပုံးကြီး ၁၀၀၀ ကို ၁၂ ဘီးယာဉ်ကြီးနှစ်စီးဖြင့် လည်းကောင်း ထောက်ပံ့ပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# မင်းဘူးမြို့တွင် ရေဝတီမြစ်ရေကျဆင်း ရေနုတ်မြောင်းနှင့် လမ်းများသန့်ရှင်းရေးဆောင်ရွက်

**မင်းဘူး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ဧရာဝတီမြစ်ရေကျဆင်းသွား၍ ရပ်ကွက် လမ်းများပေါ်တွင် နုန်းနှင့်အမှိုက်များ တင်ကျန်နေမှုများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့နေမှု တူးဖော်ခြင်း လုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေမှ ဘက်ဟိုးယာဉ်နှစ်စီး၊ မြို့နယ်စည်ပင်သာယာရေးမှ ဘက်ဟိုးယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ အမှိုက်သိမ်းယာဉ်တစ်စီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်တစ်စီး၊ မြို့နယ်ဖွံ့ဖြိုးရေးနှင့်အထောက်အကူပြုကော်မတီမှ ကုန်တင်ယာဉ်ဖောကား ငါးစီးတို့ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ရေကြီးနစ်မြုပ်သည့်ကျေးရွာများတွင် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဩဂုတ် ၁၁ ရက်ထိ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများတိုးတက်မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် ပေါင်း | ကျေးရွာ ပေါင်း | တွင်းတိမ်/တွင်းနက်/ တုံကင်/လက်တူးတွင်း | | မိုးရေကန် | | အခြား | | ပေါင်း | | ခန့်မှန်း ကုန်ကျငွေ (ကျပ်သန်း) | ဆောင်ရွက် ဆဲ လုပ်ငန်း | ဆောင်ရွက် သင့်သည့် အစုအဖွဲ့ပေါင်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | | | | |
| ၁။ | ကချင် | ၁ | ၁ | | | | | ၁ | | ၁ | | ၀.၅ | | | |
| ၂။ | ချင်း | ၅ | ၁၅ | | | | | ၁၅ | | ၁၅ | | ၂၂.၅ | | | |
| ၃။ | စစ်ကိုင်း | ၇ | ၂၂၇ | ၁၈၄ | ၂ | ၁၀ | | ၃၉၄၄ | | ၄၁၃၈ | ၂ | ၂၆၈.၀၁ | ၆ | ၈ ဖွဲ့ | |
| ၄။ | မကွေး | ၄ | ၂၉၀ | ၇၃၅၃ | ၁၈၂ | ၆၀ | | | | ၇၄၁၃ | ၁၈၂ | ၁၉၉.၈၃ | | ၁၀ ဖွဲ့ | |
| ၅။ | မန္တလေး | ၂ | ၁၄ | ၁ | | | | ၁၃ | | ၁၄ | | ၂၄.၃၉ | | | |
| ၆။ | ရခိုင် | ၉ | ၅၀၇ | | | ၅၀၇ | ၁၁ | | | ၅၀၇ | ၁၁ | ၃၈၀.၂၅ | ၄၆ | ၇ ဖွဲ့ | |
| | စုစုပေါင်း | ၂၈ | ၁၀၅၄ | ၇၅၃၈ | ၁၈၄ | ၅၇၇ | ၁၁ | ၃၉၇၃ | | ၁၂၀၈၈ | ၁၉၅ | ၈၉၅.၄၈ | ၅၂ | ၂၅ ဖွဲ့ | |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

မြန်မာနိုင်ငံတစ်ဝန်း၌ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁.၈၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀.၉၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄.၈၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁.၇၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁.၇၀' |
| ၆။ | ကိုးပင်ကန် | ၉၇၆၄ | ၂.၃၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂.၀၀' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁.၁၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂.၀၅' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၁.၁၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃.၇၀' |
| ၁၂။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၃.၈၀' |
| ၁၃။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀.၂၀' |
| ၁၄။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀.၄၀' |
| ၁၅။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀.၇၀' |
| ၁၆။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀.၂၀' |
| ၁၇။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀.၁၀' |
| ၁၈။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀.၂၀' |
| ၁၉။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀.၈၀' |
| ၂၀။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁.၁၀' |
| ၂၁။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀.၇၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀.၃၃' |
| ၂၃။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀.၁၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁.၄၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀.၆၅' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀.၆၀' |
| ၂၇။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၀.၅၀' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁.၇၀' |
| ၂၉။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၅.၉၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀.၉၀' |
| ၃၁။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅.၉၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀.၄၀' |
| ၃၃။ | လွန်ငင်ရေလှောင်တမံ | ၃၂၅ | ၀.၁၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀.၂၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀.၄၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀.၅၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀.၄၀' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀.၄၀' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁.၁၀' |

(သတင်းစဉ်)

# ရေဘေးလိုကိစ္စမျိုးမှာ ဆေးတွေပို့ဖို့၊ ထောက်ပံ့မှုတွေ ဆောင်ရွက်ဖို့နေရာတွေမှာ ပူးပေါင်းပြီးတော့မှ အကောင်အထည်ဖော်ပေးဖို့ လုပ်တဲ့ကိစ္စဖြစ်ပါတယ် ကျန်းမာရေးဌာနဟာ အများပေါင်းလုပ်မှ အောင်မြင်တဲ့ဌာနဖြစ်ပါတယ် ပွင့်ပွင့်လင်းလင်းပြောရရင် ကွပ်ကဲဖို့ တာဝန်ပေးတာမဟုတ်ပါဘူး

**ဦးစိန်ဝင်း**



တပ်မတော်သားအရာရှိအချို့ကို ဆေးဘက်ဆိုင်ရာ၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာများတွင် တာဝန်ပေးအပ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ခြင်းမှာ **"ကျန်းမာရေးကဏ္ဍတွင် အလွှာပေါင်းစုံရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းပြီး တိုးတက်အောင်မြင်စေရန် ရည်ရွယ်ချက်ဖြင့် ပွင့်လင်းမြင်သာစွာ စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း"** ပြောကြားခဲ့သူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိန်ဝင်းနှင့် သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်။

**သတင်းစဉ် ။ ။ လတ်တလောကာလမှာ တပ်မတော်မှအရာရှိအချို့ ကျန်းမာရေးဝန်ကြီးဌာနကို ပြောင်းရွှေ့တာဝန်ပေးအပ်မှုနှင့် ပတ်သက်ပြီး လူမှုကွန်ရက်တွေမှာ ရှုထောင့်ပေါင်းစုံက ရေးသားဝေဖန်ပြောဆိုနေတဲ့အပေါ် ရှင်းရှင်းလင်းလင်းသိပါရစေခင်ဗျ။**

ဦးစိန်ဝင်း ။ ။ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်တဲ့အခါမှာ အလွှာပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အဆင်ပြေအောင် ရည်ရွယ်ချက်နဲ့ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှာ တာဝန်ပေးဖို့ဆိုပြီး စီစဉ်ဆောင် ရွက်ခဲ့တာပါ။ တစ်နည်းအားဖြင့် ဝိုင်းဝန်းပူးပေါင်းပြီး ကျန်းမာရေးကဏ္ဍကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ လုပ်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းကလုပ်ခဲ့တဲ့ မြန်မာကျန်းမာရေးဖိုရမ် (Myanmar Health Forum)မှာလည်း ပွင့်လင်းမြင်သာစွာနဲ့ အကောင်းဆုံး လုပ်ခဲ့ပါတယ်။ ကျန်းမာရေးကဏ္ဍက အလွှာပေါင်းစုံရှိတယ်ဆိုတာ အမြဲတမ်း ပြောတာရှိပါတယ်။ ကျွန်တော်တို့ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်တဲ့အခါမှာ အထူးသဖြင့် ပညာရပ်ပိုင်းဆိုင်ရာ ဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေ တစ်ခါအဲဒီ ဆရာဝန်ကြီးတွေကို Supporting လုပ်တဲ့ သူနာပြုတွေရှိတယ်။ ဆေးဘက် ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းတွေရှိတယ်။ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းဆိုတာ အကြမ်းဖျင်းပြောရရင် ဓာတ်မှန်ကျွမ်းကျင်သူ၊ ဆေးဝါးကျွမ်းကျင်သူ၊ အကြောအဆစ်ကျွမ်းကျင်သူ၊ ဓာတ်ခွဲကျွမ်းကျင်သူ စသဖြင့် အဲဒီလိုရာထူးတွေရှိပါတယ်။ စီမံခန့်ခွဲမှုအပိုင်းမှာတော့ စာရေးစာချီ၊ ယာဉ်မောင်း၊ လုံခြုံရေး၊ သန့်ရှင်းရေးစတဲ့အဆင့်ဆင့်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ဟာ **လူတွေ စုပေါင်းပြီးတော့ ဆောင်ရွက်တဲ့ မိသားစုကိစ္စလိုပဲ ဖြစ်ပါတယ်။ မိသားစုကိစ္စကို ဆောင်ရွက်ကြတဲ့အခါ တချို့သောကိစ္စရပ်တွေမှာ ကျွမ်းကျင်သူတွေရှိတယ်။ သူ့သက်ဆိုင်ရာ ဘာသာရပ်တွေ တာဝန်ပေးတယ်။ တစ်နည်းအားဖြင့် တပ်မတော်ကခေါ်ယူပြီး တာဝန်ပေးတယ်ဆိုတာကလည်း ကွပ်ကဲဖို့ မဟုတ်ပါဘူး။ ဝိုင်းဝန်းတာဝန်ယူနိုင်အောင် စီစဉ်ခြင်းဖြစ်ပါတယ်။**

ကျွန်တော်တို့ ရိုးရိုးသားသားနဲ့ပဲ တာဝန်ပေးခြင်းဖြစ်ပါတယ်။ ဒီထဲမှာ မဟာသိပ္ပံဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့နဲ့ရရှိထားတဲ့ ပုဂ္ဂိုလ်တွေလည်း ပါတဲ့အခါကျတော့ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီမှာ အသေးစိတ်ဆွေးနွေးပြီး တာဝန်ပေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့က အာဏာတည်ဆောက်စရာမလိုပါဘူး။ ဒီမိုကရေစီလမ်းကြောင်းသွားတဲ့အခါမှာ အကောင်းဆုံး ရိုးဖြောင့်စွာလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ကောလာဟလတွေ ပြောဆိုလာကြတဲ့အခါမှာ ဒီနေ့ နေ့လယ်ကပဲ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်က တပ်မတော်မှ ထပ်မံပြောင်းရွှေ့တာဝန်ပေးမယ့် အစီအစဉ်ကို ရပ်ဆိုင်းဖို့ ညွှန်ကြားခဲ့ပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်တွေဆိုတာလည်း ရှိပြီးသားပါ၊ **ဝန်ကြီးဌာနအနေနဲ့ ဘဏ္ဍာငွေတိုးမြှင့်ရရှိမှုနဲ့ ခွဲဝေသုံးစွဲမှုကို (၁-၅-၂၀၁၅)ရက်နေ့ထုတ် သတင်းစာတွေနဲ့ ဆောင်ရွက်မယ့် တည်ဆောက်ရေးကိစ္စတွေဆိုရင် အများပြည်သူ ပွင့်လင်းမြင်သာအောင် (၁၉-၅-၂၀၁၅)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွေမှာ ထည့်သွင်းကြေညာခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကရှိနေတဲ့ သတင်းတွေကို မှန်မှန်ကန်ကန် အမြဲတမ်းပြောပြနေပါတယ်။**

ဒီကိစ္စကတော့ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ ထောက်ပံ့မှုနဲ့ ပတ်သက်တယ်။ ရေဘေးလိုကိစ္စမျိုး ဆေးတွေပို့ဖို့၊ ထောက်ပံ့မှုတွေ ဆောင်ရွက်ဖို့နေရာတွေမှာ အင်အားလိုတယ်ဆိုတာ ကျွန်တော်ပြောထားတာရှိပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကွပ်ကဲဖို့မဟုတ်ပါဘူး။ ပူးပေါင်းပြီးတော့မှ အကောင်အထည်ဖော်ပေးဖို့ လုပ်တဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့လည်း နိုင်ငံ့ဝန်ထမ်းဖြစ်တာကြောင့် **အများပြည်သူအနေနဲ့ ဒါကိုသဘောမကျဘူးဆိုရင် ပြန်လည်ပြင်ဆင်သုံးသပ်ပြီးတော့မှ ဆောင်ရွက်ရမယ်** ဆိုတဲ့ သဘောရှိပြီးဖြစ်တဲ့အတွက် ပြည်ထောင်စုဝန်ကြီးကလည်း သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ အများက သဘောမကျဘူးဆိုရင် ထပ်မံဆောင်ရွက်မယ့်အစီအစဉ်ကို ရပ်ဆိုင်းမယ်လို့ ညွှန်ကြားထားပါတယ်။

**သတင်းစဉ် ။ ။ အဲဒီပြောင်းရွှေ့တာဝန်ပေးတဲ့အစီအစဉ်ကို ရပ်ဆိုင်းလိုက်တယ်ဆိုတာ အပြီးရပ်ဆိုင်းလိုက်တာပါလားခင်ဗျ။**

ဦးစိန်ဝင်း ။ ။ ဒီကိစ္စ အပြီးရပ်ဆိုင်းလိုက်တာလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး နောက်ထပ်ထပ်ခေါ်စရာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဌာနရဲ့မူဝါဒ၊ ရည်မှန်းချက် အကောင်အထည်ဖော်တာတွေက အခုချက်ချင်းထလုပ်လို့ ရတဲ့ဟာမျိုး မဟုတ်ပါဘူး။ အခု ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လစ်လပ်နေတဲ့ဆရာဝန်တွေကို ဖြည့်စွက်ခန့်ထားဖို့ ဗဟို(ပြည်ထောင်စု)ခေါ်တာ ၄၉၈ ဦးနေရာ ခေါ်ထားတာ ရှိပါတယ်။ သွားဆရာဝန် အပါအဝင်ပါ၊ မကြာခင်မှာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ကလည်း လူတွေ့စစ်ဆေးပြီး ခန့်အပ်ဖို့လုပ်ပေးပါ့မယ်။ သားဖွားဆရာမတွေဆိုရင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် တစ်နိုင်ငံလုံးမှာ ၁၆၈၄ နေရာ လစ်လပ်လို့ခန့်ထားပါမယ်။ ခန့်တဲ့အခါမှာလည်း **သက်ဆိုင်ရာဝန်ထမ်း အဖြစ် တာဝန်ထမ်းဆောင်မယ့် ပုဂ္ဂိုလ်တွေရဲ့ သူတို့နှစ်သက်တဲ့ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးနေရာတွေကို ရွေးချယ်ဖို့ အဆိုပြုပေးပါဆိုပြီး ကျွန်တော်တို့ဘက်က ပွင့်လင်းမြင်သာစွာ အဆင်အပြေနိုင်ဆုံး လုပ်ပေး သွားမှာပါ။** နောက်တစ်ခါ ကုသရေးဦးစီးဌာနဆိုလည်း သားဖွားဆရာမပေါင်း ၄၂၅ နေရာ လစ်လပ်နေတဲ့အတွက် ခန့်ထားနိုင်ရေး နေ့စဉ်ထုတ်သတင်းစာများမှာ လျှောက်လွှာများ ခေါ်ယူပြီးဖြစ်ပါတယ်။ ယခင်က ကျန်းမာရေးဦးစီးဌာနကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနအဖြစ် အုပ်ချုပ်မှုအသွင်သဏ္ဍာန် ပြောင်းထားပါတယ်။ အဲဒီလို ပြောင်းလဲထားတဲ့အတွက် နောက်ထပ်လည်း ကျွန်တော်တို့အနေနဲ့ ဆရာဝန်တွေ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်တွေ၊ ဓာတ်မှန်ကျွမ်းကျင်သူ၊ ဆေးဝါးကျွမ်းကျင်သူ၊ အကြောအဆစ်ကျွမ်းကျင်သူ၊ ဓာတ်ခွဲကျွမ်းကျင်သူများ လိုအပ်တဲ့အတွက် ထပ်မံခန့်ဖို့လည်း အစီအစဉ်ရှိပါတယ်။

လူနာကုသရေးမှာ အဘက်ဘက်က ဆရာဝန်တွေ သူနာပြုတွေ ဆေးဘက်ဆိုင်ရာက ဓာတ်မှန်ကျွမ်းကျင်၊ ဓာတ်ခွဲကျွမ်းကျင်၊ ဆေးဝါးကျွမ်းကျင် စတဲ့ ကျွမ်းကျင်ပညာရှင်တွေ ပူးပေါင်းဆောင်ရွက်ရတဲ့ ဌာနကြီးဖြစ်နေတဲ့အခါမှာ နောက်ဆုံး၊ လူတစ်ယောက် ကွယ်လွန်သွားပြီဆိုတဲ့အခါ ဒီအလောင်းကို လူနာဆောင်ထဲကနေ ရင်ခွဲရုံသယ်ဖို့ ရင်ခွဲရုံလုပ်သားဆိုတာ ကျွန်တော်တို့မှာရှိရပါတယ်။ ပြီးရင် ရင်ခွဲရုံလုပ်သားကမှတစ်ခါ ဆရာဝန်ကြီးတွေကို ကူညီပံ့ပိုးပြီးတော့ ရင်ခွဲပေးရတဲ့ ပုဂ္ဂိုလ်များရှိပါတယ်။ ကျွန်တော်တို့ **ကျန်းမာရေးဌာနဟာ အများပေါင်းလုပ်မှ အောင်မြင်တဲ့ဌာနလို့ ကျွန်တော်တို့ ပြောလိုပါတယ်။**

ကျန်းမာရေးဝန်ကြီးဌာနက တပ်မတော်ဆရာဝန်တွေ ရာနဲ့ချီပြီး ခေါ်မယ်ဆိုတာ မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးက လစ်လပ်နေတဲ့ဆရာဝန်တွေ အပေါ်မူတည်ပြီး ခေါ်လိုက်တာဖြစ်ပါတယ်။ ထပ်မံပြီးခန့်ထားဖို့လည်း စီစဉ်နေပါတယ်။ လက်ရှိ လစ်လပ်သားဖွားဆရာမ ၂၀၀၀ ကျော်ခန့်ပြီးရင် လောလောဆယ် မလစ်လပ်တော့ဘူး။ ဒါပေမယ့် ကျွန်တော်တို့ ဖွဲ့စည်းပုံတွေ တိုးချဲ့တယ်။ ဥပမာအားဖြင့် မုံရွာမြို့ပြည်သူ့ဆေးရုံဆိုရင် အရင်တုန်းက ခုတင်၂၀၀၊ ၂၀၀ ကနေ ၃၀၀၊ ၃၀၀ ကနေ ၅၀၀ ဖွဲ့စည်းပုံတိုးချဲ့ခဲ့ပါတယ်၊ အလားတူ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ဆေးရုံတွေကိုလည်း အဆင့်မြှင့်တင်တယ်။ အရင်တုန်းက ပုသိမ်ဆိုရင် ၂၀၀၊ အခု ကျွန်တော်တို့ ၃၀၀ လုပ်တယ်၊ ၃၀၀ ပြီးတော့ အခု ၅၀၀ လုပ်တယ်၊ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ဖွဲ့စည်းပုံတွေများလာတဲ့အတွက် လစ်လပ်ရာထူးနေရာတွေ အများကြီးပါ။ ဒါကတော့ မြင်သာအောင် ဥပမာနဲ့ပြောတာဖြစ်ပါတယ် ။ အဲဒီလို များလာတဲ့အတွက် ချက်ချင်းကြီး ကျွန်တော်တို့ လူအင်အား ဖြည့်လို့ရတဲ့ ဘာသာရပ်ရှိသလို၊ ဖြည့်လို့မရတဲ့ဘာသာရပ်လည်းရှိပါတယ်။ ပျဉ်းမနားမြို့ ခုတင်၂၀၀ ဆံ့ဆေးရုံဆိုရင် ဦးနှောက်နဲ့အာရုံကြောဆရာဝန်မရှိဘူး။ တချို့ ရာထူးလစ်လပ်တာတွေ စီစဉ်ဆောင်ရွက်တယ်ဆိုတာက လိုအပ်တာတွေကို ရည်ရွယ်တာပါ။

ဒုတိယအချက်က ရခိုင်ပြည်နယ်မှာ ဆရာဝန်လစ်လပ်ဦးရေ များနေတယ်ဆိုတာ အားလုံးအသိပါ။ တနိုင်းလိုနေရာမျိုးမှာလည်း လစ်လပ်နေပါတယ်။ ကျွန်တော်တို့က ဒီလိုဆရာဝန်ဖြည့်တင်း ခန့်ထားတဲ့အခါမှာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရရဲ့ အစီအစဉ်နဲ့ သူ့တိုင်းဒေသကြီးထဲမှာ လစ်လပ်နေတဲ့ ဆရာဝန်ဦးရေကို လျှောက်လွှာခေါ်ယူစိစစ်ရွေးချယ်ပြီးတော့မှ ခန့်လိုက်တယ်ဆိုပေမယ့် ဥပမာအားဖြင့် ရခိုင်ပြည်နယ်လိုဟာမျိုးကို လျှောက်ထားသူနည်းတာတွေ့ရပါမယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့က ဘယ်သူ့လွှတ်မလဲဆိုတဲ့အပိုင်းတွေ စဉ်းစားစရာဖြစ်လာပါတယ်။ နောက်တစ်ခုက တပ်မတော်မှ **ကျွန်တော်တို့ ခေါ်လိုက်တာ မိန်းကလေးမပါဘူး၊ မိန်းကလေးကို အားမပေးတာမဟုတ်ဘူး။ အခုရေဘေးဖြစ်တယ်။ မိန်းကလေးတွေ ဒီနွံတောထဲသွားဖို့ အဆင်မပြေနိုင်ပါဘူး။ မြန်မာ့ဓလေ့စရိုက်အနေနဲ့ကလည်း ရှိသေးတဲ့အခါကျတော့ တာဝန်ချတဲ့အပိုင်းမှာ အမျိုးသားကိုထားရတယ်။** အမျိုးသားတွေ တာဝန်ချပြန်တော့လည်း Training ဆိုတာတွေ လိုအပ်ပါတယ်။ ဒီနေ့ ရင်းနှီးမြှုပ်နှံပြီး မနက်ဖြန်သဘက် ဆရာဝန်တစ်ယောက်ဖြစ်မယ်၊ မနက်ဖြန်သဘက် သူနာပြုတစ်ယောက်ဖြစ်မယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အရင်တုန်းက သားဖွားဆိုရင် ၁၈ လနဲ့ သင်တန်းပေးတယ်။ အခု ကျွန်တော်တို့က အရည်အချင်းမြှင့်တင်ချင်လို့ နှစ်နှစ်သင်တန်းဆိုပြီး ဖြစ်သွားပြီ။ အလားတူပဲ သူနာပြုကို သုံးနှစ်သင်တန်းပေးတယ်။ ပြီးရင် ဒီပလိုမာသူနာပြုဖြစ်သွားတယ်။ ကာလတစ်ခုကျော်ရင် ဝန်ထမ်းဖြစ်ပါက သူနာပြုသိပ္ပံဘွဲ့ကို ဖြေဆိုခွင့်ပေးတယ်။ ဒါပေမယ့် **တချို့နေရာတွေမှာ ဖွဲ့စည်းပုံချဲ့လိုက်တဲ့အခါမှာ လိုနေတာတွေ ရှိပါတယ်။ တချို့နေရာတွေမှာ လိုအပ်ချက်တွေဖြည့်ရမယ့် သဘောတွေရှိပါတယ်။ ချက်ချင်းလေ့ကျင့်မွေးထုတ်လို့ မရပါဘူး။**

ကျွန်တော့်အနေနဲ့ တပ်မတော်ကခေါ်ယူပြီး တာဝန်ပေးတဲ့နေရာမှာ အမျိုးသား ၁၄ ယောက်ဖြစ်ပါတယ်။ ဆရာဝန် ကိုးယောက်၊ စီမံကိစ္စရပ်တွေကူညီပံ့ပိုးနိုင်သူငါးယောက်ပါဝင်ပြီး ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဒုတိယဗိုလ်မှူးကြီးတွေ ဖြစ်ပါတယ်။ သူတို့က ကွပ်ကဲဖို့မဟုတ်ပါဘူး။ အဲဒါကလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ခဲ့တာဖြစ်ပြီး ဇူလိုင်လကတည်းက အမိန့်ကြော်ငြာစာတွေနဲ့ ပြောင်းရွှေ့ခန့်ထားခဲ့တာပါ။

တပ်မတော်က ပြောင်းရွှေ့ခန့်ထားတဲ့ ဆရာဝန်ကိုးဦးမှာ တော်ဝင်ကောလိပ်သမားတော်ဘွဲ့ရ(MBBS, M.Med.Sc, MRCP) ခုနစ်ဦး၊ ဆေးပညာ မဟာသိပ္ပံဘွဲ့ (MBBS, M.Med.Sc) ခုနစ်ဦး၊ ဆေးပညာဘွဲ့(MBBS)တစ်ဦး၊ သိပ္ပံဘွဲ့ သုံးဦး၊ ဝိဇ္ဇာဘွဲ့ နှစ်ဦးဖြစ်ပြီး သူတို့ရရှိခဲ့တဲ့ဘွဲ့၊ စွမ်းဆောင်ခဲ့မှုအပေါ်မူတည်ပြီး ဒုတိယညွှန်ကြားရေးမှူး၊ အထူးကုဆရာဝန်(ဆေးပညာ)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ လက်ထောက်ကထိက၊ လက်ထောက်ဆရာဝန်၊ ဦးစီးအရာရှိ စသည့်ရာထူးနေရာများမှာသာလျှင် ခန့်ထားခဲ့တာ ဖြစ်ပါတယ်။ တာဝန်ပေးခံရတဲ့သူတွေကလည်း ကျွန်တော်တို့က တာဝန်ပေးချင်လို့ ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ဗဟို(ပြည်ထောင်စု)က ဆရာဝန်သစ်လွင် ခန့်ပေးလိုက်တာရှိသလို တိုင်းဒေသကြီးအစီအစဉ်နဲ့ ခန့်သော်လည်း တာဝန်ချထားရာဒေသမှာ အကြောင်းကြောင်းနဲ့ အလုပ်မဝင်တာတွေ ရှိပါတယ်။ ဒါကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်အရ လစ်လပ်နေရာ မူတည်ခန့်ထားခွင့်ပြုခဲ့ပါတယ်။ **ယခင်က နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ်ပြည့်တာဝန်မထမ်းဆောင်ပါက ဆေးကုသခွင့်လိုင်စင် ဆ/မ သိမ်းတယ်လို့ အများကသိခဲ့တယ်။ အခုအစိုးရလက်ထက်မှာ ဖြေလျှော့ပြီး လုပ်ပေးနေတာတွေရှိပါတယ်။**

နောက်ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ မူဝါဒရည်မှန်းချက်နဲ့ သွားရတာပါ။ ကျန်းမာရေးဝန်ကြီးဌာနက ခေါ်တယ်ဆိုတဲ့ သစ်လွင်ဆရာဝန် ၄၉၈ ဦးဟာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က လျှောက်လွှာခေါ်ပြီးသားပါ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တရားဝင်သတင်းစာထဲမှာ ဇူလိုင် ၃ ရက်က ခေါ်ခဲ့တာပါ။ ဒီလိုခန့်ထားတဲ့အခါမှာလည်း ခွင့်ပြုရန်ပုံငွေမရှိဘဲနဲ့ လုပ်လို့မရဘူး။

အလားတူပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်များကလည်း ခေါ်ယူနေပါတယ်။ မနေ့ကဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးမှာ ညှိနှိုင်းခွင့်ပြုချက်နဲ့ လက်ထောက်ဆရာဝန် ၈၅ နေရာအတွက် လူတွေ့စတင်စစ်ဆေးနေပါတယ်။ ဒီနေ့အထိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစီအစဉ်နဲ့ ခန့်ထားပြီးတာဆိုရင် လက်ထောက်ဆရာဝန်က ကျား ၂၆၃ ဦး၊ မ ၁၇၅ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်ဆိုရင် ကျား ၂၇ ဦး၊ မ ၂၇ ဦး ခန့်ပြီးဖြစ်ပါတယ်။ အခုမကြာခင်ရက်ပိုင်းမှာ နေပြည်တော်ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ ညှိနှိုင်းစိစစ်ရွေးချယ်ပြီးတော့ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှာ သင်တန်းတက်ရောက်နေတဲ့ လက်ထောက်ဆရာဝန် ကျား ၃၉၀၊ မ ၂၆၂ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ကျား ၆၁ဦး၊ မ ၂၇ ဦးတို့ဟာ မကြာခင်ရက်ပိုင်းအတွင်း သင်တန်းဆင်းတော့မှာဖြစ်တဲ့အတွက် ဆက်လက်ခန့်ထားပါမယ်။ ဒါပေမယ့် မလောက်သေးဘူး။ နောက်ထပ် ၁၀၀၀ ခန့်ထားဖို့ စီစဉ်နေပါတယ်။

ကျွန်တော်တို့အနေနဲ့ ကိုယ်ရောက်တဲ့နေရာ၊ ကိုယ်တာဝန်ထမ်းဆောင်တဲ့နေရာ ဖွံ့ဖြိုးတိုးတက်မှုကိုပဲ သွားချင်တာပါ။ အခြားသူတွေမှာလည်း ဒီစိတ်ရှိတယ်လို့လည်း ယုံကြည်ပါတယ်။ အခုဖြစ်ပေါ်နေတဲ့ ကောလာဟလသတင်းတွေမှာလည်း စိုးရိမ်သောကတွေ ဖြစ်ချင်ဖြစ်မှာပါ။ ပြည်သူ့ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အကြံပြုလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၁၁၁၅၉ နဲ့ ၀၉-၈၆၀၁၁၅၁ ကို ဆက်သွယ်ပေးပို့နိုင်ပါတယ်။ ဒါကြောင့် အကြံဉာဏ်ပေးလိုတာပဲဖြစ်ဖြစ်၊ သိရှိလိုတာ၊ မေးမြန်းချင်တာပဲဖြစ်ဖြစ် ဆက်သွယ်နိုင်ပါတယ်။

# (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအဆင့်မြင့် အရာရှိကြီးများအထူးအစည်းအဝေးနှင့် (၁၄)ကြိမ်မြောက်အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးဖွင့်

**နေပြည်တော် ဩဂုတ် ၁၂**

(၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများအထူးအစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဝန်ကြီးများအစည်းအဝေးများ၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ Hoizon Lake View Resort ၊ Thazin Villa၊ Grand Ball Room - 2၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



အခမ်းအနားတွင် (၃၆) ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေး သဘာပတိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က (၃၇) ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးဥက္ကဋ္ဌ တာဝန်ယူမည့် ဖိလစ်ပိုင်နိုင်ငံ၏ ခေါင်းဆောင်မှုနှင့် ကောင်းမွန်သည့် စီမံခန့်ခွဲမှုများ၌ ရလဒ်ကောင်းများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအထူးအစည်းအဝေး၌ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုအလားအလာများအပေါ် ကြိုတင်ကာကွယ်ရေးစနစ်များ၊ အပြန်အလှန်ကူညီရေးအစီအမံများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ကြရန်နှင့် ဆွေးနွေးချက်ရလဒ်များကို (၃၇) ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့်အစည်းအဝေးသို့ ဆက်လက်တင်ပြနိုင်ရေး တိုက်တွန်းလိုပါကြောင်း၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင်များ၏ ကြွယ်ဝသည့် အသိပညာ၊ အတွေ့အကြုံဗဟုသုတများဖြင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးနှင့် အာဆီယံ၏ ဆောင်ပုဒ်ဖြစ်သည့် တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းဖြစ်ပေါ်လာစေရေးအတွက် အပြုသဘောဆောင်သည့် အမြင်များ၊ အကြံပြုမှုများကို ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ အဆင့်မြင့် အရာရှိကြီးများအထူးအစည်းအဝေးကို Tharaphi Villa ၊ Grand Ball Room - 1 ၌ ကျင်းပရာ (၂၅) ကြိမ်မြောက်နှင့် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ၏ ဆွေးနွေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံစားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာမူဝါဒ မူဘောင်အရ အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းအခြေအနေများ၊ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအသေးစိတ်လုပ်ငန်းများ၊ ၂၀၂၅ ခုနှစ်ကို ရှေးရှုသည့် အာဆီယံစားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာလုပ်ငန်းအစီအစဉ်များ၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ၏ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများဖြစ်သည့် အာဆီယံအပေါင်းသုံး အရေးပေါ် ဆန်အရန် ရိက္ခာထားရှိရေးအစီအစဉ်၊ အာဆီယံစားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်များနှင့် အာဆီယံအပေါင်းသုံး စားနပ်ရိက္ခာနှင့် ဇီဝစွမ်းအင်ဖူလုံရေးဆိုင်ရာလုပ်ငန်းများ၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ ဂျာမနီ၊ အိန္ဒိယ၊ အမေရိကန်နှင့် ကိုရီးယားသမ္မတနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့စီးပွားရေး ဖိုရမ်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

(၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများအထူးအစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဝန်ကြီးများ အစည်းအဝေးများ၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# နာဂစ်ဖြစ်စဉ်နှင့် မတူကွဲပြားသော သဘာဝဘေးအန္တရာယ်ကိုင်တွယ်မှုကြောင့် မြန်မာအစိုးရနှင့် တပ်မတော်ကို ကုလသမဂ္ဂက ချီးကျူး

မြန်မာအစိုးရနှင့် တပ်မတော်တို့သည် ရေဘေးကယ်ဆယ်ရေးကို ထိရောက်ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်မှုအတွက် ချီးကျူးခံနေရပြီး ယင်းကဲ့သို့ ချီးကျူးခံနေရခြင်းကြောင့် ယခင်နာဂစ်ဖြစ်ရပ်ကို ကိုင်တွယ်ခဲ့စဉ်က ဝေဖန်ခံခဲ့ရမှုများ လျော့ကျသွားသည့်အပြင် နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက်ပါ ထောက်ခံမှုမြင့်တက်လာနိုင်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ရေးသားထားသည်။

အဆိုပါသတင်းတွင် “ကိုမန်” ဆိုင်ကလုန်းမုန်တိုင်း အဖျားခတ်လိုက်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံတွင် လူ ၉၉ ဦး သေဆုံးခဲ့ပြီး ထောင်နှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ကာ လယ်မြေဧကပေါင်းများစွာ နစ်မြုပ်သွားခဲ့ကြောင်း၊ မြန်မာအစိုးရအနေဖြင့် နိုင်ငံတကာအကူအညီနှင့်အတူ ကယ်ဆယ်ရေးလုပ်ငန်းကြီးတစ်ရပ်ကို အရှိန်အဟုန်မြှင့် လုပ်ဆောင်နေကြောင်း၊ ၂၀၀၈ ခုနှစ် မေလက ဖြစ်ပျက်ခဲ့သည့် နာဂစ်ဖြစ်စဉ်တွင် ပြည်ပအကူအညီများ ငြင်းဆန်ခဲ့မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုတို့ကြောင့် အစိုးရအပေါ် ပြစ်တင်ဝေဖန်မှုများစွာရှိခဲ့သော်လည်း ယခုအစိုးရသစ်လက်ထက်တွင် ပြည်ပအကူအညီရယူပြီး ရေဘေးသင့်ပြည်သူများအတွက် နေရာထိုင်ခင်းဆောက်လုပ်ပေးခြင်းနှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် ယခင်အစိုးရနှင့် မတူကွဲပြားသော လုပ်ဆောင်ချက်များကြောင့် ကုလသမဂ္ဂအဖွဲ့ပင် မြန်မာအစိုးရ၏ ရေဘေး တုံ့ပြန်ကိုင်တွယ်မှုအပေါ် ချီးကျူးခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

နိုင်ငံရေးအကဲခတ်သူ ကျော်လင်းဦးက အစိုးရအနေဖြင့် ရေဘေးတုံ့ပြန်မှုနှေးကွေးသည်ဟု ဝေဖန်ခဲ့သော်လည်း နာဂစ်ဖြစ်စဉ်နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုများစွာရှိသည်ဟု ပြောကြားခဲ့ကြောင်း၊ နာဂစ်ဖြစ်စဉ်နှင့် ယခုရေဘေးဖြစ်စဉ်ကို ကွဲပြားခြားနားအောင် လုပ်ဆောင်ကြရာတွင် သမ္မတဦးသိန်းစိန်လည်း ပါဝင်ကြောင်း၊ သမ္မတဦးသိန်းစိန်သည် ရေဘေးသင့်ဒေသများသို့ အဆောတလျင်သွားရောက်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း၊ ဩဂုတ် ၉ရက်က ကယ်ဆယ်ရေးစခန်းတစ်ခုသို့ရောက်ရှိစဉ် ရေသန့်စက်တစ်ခုမှ သောက်ရေများ ယုံကြည်စိတ်ချစွာသောက်သုံးနိုင်ကြောင်းကို ပြသသည့်အနေဖြင့် ၎င်းကိုယ်တိုင် သောက်ပြခဲ့ကြောင်း၊ ထို့အတူ ကုလသမဂ္ဂအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပီရာရီပယ်ရွှန်က မြန်မာအာဏာပိုင်များသည် နိုင်ငံတကာ အကူအညီရယူကာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းကို လျင်မြန်စွာတုံ့ပြန်ခဲ့ပြီး သွားလာရေးခက်ခဲသော ရေဘေးသင့်ဒေသများသို့ အကူအညီပေးရေးအဖွဲ့နှင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ရန် လေယာဉ်၊ ရဟတ်ယာဉ်နှင့် စစ်သင်္ဘောများ စီစဉ်ပေးခဲ့ကြောင်း ရေးသားဖော်ပြသည်။

ထို့အပြင် လွှတ်တော်နာယက သူရဦးရွှေမန်းအပါအဝင် နိုင်ငံရေးသမားကြီးများက ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ပင် ရေဘေးသင့်ဒေသများသို့သွားရောက်ကာ ကယ်ဆယ်ရေးပစ္စည်းများရရှိအောင် စွမ်းဆောင်ခဲ့ကြကြောင်း၊ တပ်မတော်အဖွဲ့အစည်းသည် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဆက်သွယ်ရေးပြတ်တောက်နေသော ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်ရာတွင် မရှိမဖြစ် လိုအပ်နေဆဲပင်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်လျှင် ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာ၌ ရိက္ခာအချို့ ရဟတ်ယာဉ်ပေါ်မှချရာတွင် ရွှံ့နွံထဲရောက်ရှိသွားမှုနှင့် ကယ်ဆယ်ရေးပစ္စည်းအချို့ ကွဲအက်ပျက်စီးသွားသည့် သတင်းကြားရသည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ အလားတူဖြစ်ရပ်မျိုး ထပ်မံမဖြစ်အောင် မိမိတို့ ကြိုးပမ်းနေသည်ဟု ထူးထူးခြားခြား တောင်းပန်စကား ရေးသားဖော်ပြခဲ့သည်ကို တွေ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။ **ကျော်သဲအိမ်**


## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (Logo) အမှတ်တံဆိပ်ဖြင့် ရင်ထိုးတံဆိပ်(၂၂၉၁၇)ခုအား ပြုလုပ်မည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၂၀-၈-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ဖွင့်ဖောက်မည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၈-၂၀၁၅ ရက်မှစ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၆)တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။ ထို့အပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ Website ဖြစ်သော www. mlfrd. gov.mm တွင်လည်း Download ရယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်လက်များကို ဖုန်း-၀၆၇-၄၀၈၄၆၀၊ ၀၆၇-၄၀၈၂၁၂၊ ၀၆၇-၄၁၈၅၄၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၃၆)၊ နေပြည်တော်**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ကျုံတနီးကျေးရွာအုပ်စု၊ ပေါက်ပဒန်ကျေးရွာနေ ဦးမြည်မိမ်း၏သား မောင်အောင်အောင်ထွေး၁၄/ကပန(နိုင်)၁၃၀၆၆၅အား ယနေ့မှစ၍ မောင်အောင်ကောင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကောင်းခန့်**

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(B)မှ မစန်းစန်းသူ၏ ဖခင်အမည်မှန်မှာ ဦးအောင်လှိုင် ၁/ဗမန(နိုင်)၀၆၅၄၇၃ ဖြစ်ပါသည်။ **ဦးအောင်လှိုင်**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
## လုပ်ငန်းသုံးယာဉ်များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် MITSUBISHI TRUCK (သို့မဟုတ်) Nissan Condar (သို့မဟုတ်) Hino သယ်ယူပို့ဆောင်ရေးယာဉ်နှစ်စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၂) အိတ်ဖွင့်တင်ဒါများကို ၁၃-၈-၂၀၁၅ ရက်မှ ၁၉-၈-၂၀၁၅ ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

(၃) အိတ်ဖွင့်တင်ဒါများကို ၁၄-၉-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်သည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ။

(၄) အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၀၆၇-၄၁၂၂၀၃၊ ၀၁-၂၅၁၉၉၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံထုတ်ယူရန်လိပ်စာ** | **တင်ဒါသွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | |
| **ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၀၆၇-၄၁၂၂၀၃** | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇေရာစိုး ၁၂/ဥကမ(နိုင်)၁၈၉၁၉၂၏ B.S.T လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၀၉၅၄၉၃၆**

## ပျောက်ဆုံးကြောင်း

အရှင်အာဒိစ္စ ၁၄/အမန(သ)၀၀၀၇၂၃ ၏ နိုင်ငံကူးစာအုပ်အမှတ် M-355904 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **အရှင်အာဒိစ္စ**
**ဖုန်း-၀၉-၇၈၉၆၆၉၄၅၀**

## ဖခင်အမည်မှန်

ပုသိမ်မြို့၊ အမှတ်-၆ အထက ပဥ္စမတန်းမှ မမေသူ၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်းထွန်း ၁၄/ကကတ(နိုင်)၁၅၂၄၀၀ ဖြစ်ပါကြောင်း။ **ဦးနိုင်လင်းထွန်း**
**ကညင်ကုန်း-ပုသိမ်**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဖလေးကျေးရွာမှ ဦးသိန်းလွင်၏သား မောင်သူရမင်းလွင် ၇/ကဝန(နိုင်)၁၁၀၆၀၅ အား မောင်သစ်လွင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ဦးဇော်မင်းစိုး ၁၄/ပသန(နိုင်)၁၅၁၆၁၀ ၏သား ကန်ကြီးထောင့်မြို့နယ်၊ တကုန်းကြီး အထက-ဆဋ္ဌမတန်း(A)မှ မောင်ကျော်ဇေသစ်အား မောင်မြင့်စိန်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြင့်စိန်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇၊ မြေကွက်အမှတ် ၅၈ မြေကွက်ရရှိထားသူ ဦးအုန်းလွင်(PGU-၂၁၈၅၄၁) က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။
**မြေယာရုံးခွဲ(၇)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၈၊ မြေကွက်အမှတ် ၅၇၊ မြေကွက်ရရှိထားသူ ဦးဟုတ်ရီ BA-၀၀၇၈၅၅ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။
**မြေယာရုံးခွဲ(၇)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

● *ကျောဖုံးမှ*

မော်တော်ယာဉ်ငယ်လိုင်းများစတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။ မော်တော်ယာဉ်ငယ်လိုင်း မောင်းနှင်သူတစ်ဦးက "တံတားတွေ ပျက်တာတော့မဟုတ်ဘူး။ လမ်းသားပြိုကျပျက်စီးနေတာ ဖြစ်ပေမယ့် တာဝန်ရှိသူတွေက ယာဉ်ငယ်တွေသွားလို့ရအောင် ပြုပြင်ပေးနေပါတယ်။ ရွှံ့ထူတဲ့နေရာမှာ ကျောက်ခဲတုံးတွေယာယီခင်းပြီးသွားကြတယ်။ ကားကြီးတွေကတော့ သွားလို့မရသေးပေမယ့် ကားလေးတွေကတော့သွားလို့ရပါပြီ" ဟုပြောသည်။

ကလေးမြို့ ရေကြီးရေလျှံမှုကြောင့် ကလေး-ကလေးဝကားလမ်းတစ်လျှောက် ၁၁ နေရာတွင် လမ်းသားများပဲ့ကျခြင်း၊ တောင်ပြိုခြင်းကို ယာယီမြေကာနံရံများ တည်ဆောက်လျက်ရှိသဖြင့် ယာဉ်ငယ်များ၊ ဟိုင်မ္ဘာဂျစ်ကားများသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား**

## မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များထံမှ အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်တို့သို့ အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၂ ရက်တွင် အဝတ်အထည် အိတ် ၂၀၊ အထည် ၃၀၀၀၊ ခေါက်ဆွဲခြောက် ၃၁ ဖာ၊ ရေသန့် ၇၀၀၊ လူသုံးကုန် ၁၂ဖာ၊ စောင် ၁၁ ထုပ်၊ စောင်အထည် ၃၆၀၊ မုန့်ခြောက်ခုနစ်ဖာ၊ ဆန် ၃၀၆ အိတ်နှင့် ပဲအိတ် ၂၀ တို့ကို လက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၂ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၂ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ရာ ရေဘေးသင့် အိမ်ထောင်စု ၂၉၀၄၃၃ စုမှ လူဦးရေ ၁၂၈၁၉၃၇ ဦး ရေဘေးသင့်ခဲ့ပြီး ၁၀၃ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၈၄၀၄၆၇၅၀၊ အရေးပေါ် အစားအစာတန်ဖိုးငွေကျပ် ၂၁၆၄၉၈၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၉၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၂၉၆၀၁၈၅၃၈ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၈၈၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၆၀၃၆၅၁၁၈ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

**(သတင်းစဉ်)**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ**

**၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၂-၈-၂၀၁၅)**

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | တဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၉၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၂ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၃၉၆၁၉ | ၂၅၀၂၅၈ | ၁၁ | ၃၂၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၃၄၂၁၀၅၀၀ | ၈၀၀၀၀၀ | ၆၉၂၉၃၂၅၀ | |
| ၂။ | ကချင်ပြည်နယ် | ၅၀ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၀၇ | ၁၄၆၂ | ၇၅၀၆ | ၉ | - | - | - | ၅၁၀၀၅၅၂ | ၅၀၀၀၀၀ | ၅၆၀၀၅၅၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၄၈၅ | ၁၅၂၄၈ | ၁၁ | ၈၃၄၉၃၀၀ | ၁၆၂၀၀ | ၄၉၀၀၀၀၀ | ၂၆၁၁၁၂၄ | ၁၁၀၀၀၀၀ | ၄၀၄၇၆၆၂၄ | |
| ၅။ | ချင်းပြည်နယ် | ၂၂၉၆ | ၂၈၆၁ | ၁၄၄၂၀ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၃ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၅၂၃၀၂၀၀ | ၁၃၆၈၂၈၅၀ | - | - | - | ၁၈၉၁၃၀၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၁၂၅ | ၄၁၂၂၃ | ၁၆၁၅၈၄ | ၂ | - | - | - | ၂၈၈၂၉၈၂၀ | - | ၂၈၈၂၉၈၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂၇၁၀ | ၆၃၇၄၄ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၂၄၁ | ၉၅၂၁၁ | ၃၇၉၄၈၅ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၃၇၀၉၅၇၈၀ | - | ၅၃၁၅၅၉၈၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၃၃၁၇ | ၁၂၂၇၇ | - | ၁၆၆၅၀ | - | - | ၁၅၄၆၃၂၆၀ | - | ၁၅၄၇၉၉၁၀ | |
| | **ပေါင်း** | **၁၆၁၇၃** | **၂၇၁၇၀၉** | **၁၂၆၇၀၂၆** | **၉၆** | **၈၀၄၉၉၄၀၀** | **၁၇၈၅၇၀၅၀** | **၁၀၉၅၅၀၀၀၀** | **၂၈၀၃၁၂၉၅၈** | **၈၁၀၀၀၀၀** | **၄၉၆၃၁၉၄၀၈** | |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | **၁၆၅၇၈** | **၂၇၃၈၅၅** | **၁၂၈၁၉၃၇** | **၁၀၃** | **၈၄၀၄၆၇၅၀** | **၂၁၆၄၉၈၃၀** | **၁၄၉၈၅၀၀၀၀** | **၂၉၆၀၁၈၅၃၈** | **၈၈၀၀၀၀၀** | **၅၆၀၃၆၅၁၁၈** | |


**အမည်ပြောင်း**

ဦးညဏ်ဝင်း ၁၂/စခန(နိုင်)၀၁၁၁၃၆၏ သမီး အောင်ကောင်းစံကိုယ်ပိုင်အထက်တန်းကျောင်း တန်းခွဲ(C)မှ မဆုဝတီအား မတင်မိုးထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မတင်မိုးထက်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်၅ဃ/၈၆၅၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4A-5921၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

**ဂန္ထဝင်ရွှေပုံ Travels & Tours**

Promotion Trips

| | | |
|---|---|---|
| ဗန်ကောက် | (၅)ရက် | USD 470 |
| စင်ကာပူ | (၄)ရက် | USD 630 |
| ဟောင်ကောင် | (၅)ရက် | USD 1000 |
| ပီကင်း + ရှန်ဟိုင်း | (၆)ရက် | USD 1200 |

(YGN Office): 67, Baho Rd,Sanchaung,Yangon.Ph: 01-519300,510491, 01-2304645, 09-252281456 Hot Line: 09 - 73003772
(MDY Office): 81 Road, Between 33 x 34 St, Mandalay. Ph: 09 - 31693339, 09-73013856

**CLAIMS DAY NOTIC**
**MV. MODERN PEAK VOY:NO(52)**

Consignees of cargo carried by MV. MODERN PEAK VOY:NO (52) are here by notified that the vessel will arrive on about 14-8-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

(၂၀၁၅-၂၀၁၆) ဘုရားပွဲရာသီ
ဗုဒ္ဓဂယာဘုရားဖူးစေလွှတ်ရေးလုပ်ငန်းကော်မတီ၏
နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

(၂၀၁၅-၂၀၁၆) ဘုရားဖူးရာသီ ဗုဒ္ဓဂယာဘုရားဖူးစေလွှတ်ရေးလုပ်ငန်းကော်မတီ၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်

ကျင်းပမည့်နေ့ - ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း( ၂ )ရက်
၁၇-၈-၂၀၁၅(တနင်္လာနေ့)
ကျင်းပမည့်အချိန် - နေ့လည်(၁၂ း ၃၀ ) နာရီတိတိ
ကျင်းပမည့်နေရာ - ဇမ္ဗူသိရိဗိမာန်တော
မရမ်းကုန်းမြို့နယ်၊ နဝဒေးရုပ်ရှင်ရုံအနီး
တံတားလေးလမ်း၀၊ ရန်ကုန်မြို့။

ကုန်သွယ်ရေးဝန်ထမ်းဟောင်းများဦးဆောင်သော
**ရွှေအိုးခုနစ်လုံး** ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
သံသရာခရီးလမ်းမှာ အနဂါမိကရွှေအိုးများ မြှုပ်နှံကြရန် ဗုဒ္ဓဂယာဘုရားဖူးသွားကြပါစို့…

အောက်တိုဘာလ ( ၇ ) ရက်နေ့မှ စတင်ထွက်ခွါမည်။
နိုဝင်ဘာလမှဧပြီလအထိ ကြိုတင်စာရင်းပေးရန်
၁၄ ည ၁၅ ရက် ခရီး ▸▸ (၁၁)သိန်း
● လူဦးရေကန့်သတ်ထားပါသည်။ ●
( အသက်အာမခံ ထားရှိပေးပါသည်။ )
လစဉ်(၂) ခေါက် ထွက်မည်။

ရန်ကုန်ရုံးချုပ် ● အမှတ် (၇၉/ဘီ)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Tel : 01-558919, 09-250001924, 09-448006083, 09-254374285, 09-795524740

# ရန်ကုန်-လားရှိုး ရွှေလီဦးမှန်လုံယာဉ်တိမ်းမှောက်ရာတွင် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား အာမခံကြေးပေးအပ်



**ဖြူး ဩဂုတ် ၁၂**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၁၀၅/၁) နှင့် (၁၀၅/၂) ကြား၌ ဩဂုတ် ၁၀ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က ယာဉ်တိမ်းမှောက်သဖြင့် ဖြူးမြို့ခုတင် (၁၀၀) ဆံ့ဆေးရုံသို့ရောက်ရှိလာသော သေဆုံးသူ ရှစ်ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၁ ဦးတို့အား ကမ္ဘောဇအာမခံလုပ်ငန်းမှ ဒုတိယမန်နေဂျာ ဦးသန့်ဇင်ဦးနှင့်အဖွဲ့သည် ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီက ဖြူးဆေးရုံသို့လာရောက်၍ ဆေးရုံအုပ် ဒေါက်တာဇော်လွင်နှင့်အတူ အာမခံလက်မှတ် ဝယ်ယူစီးနင်းကြသည့် သေဆုံးသူခရီးသည် အမျိုးသားသုံးဦး၊ အမျိုးသမီးငါးဦးတို့၏ ကျန်ရစ်သူမိသားစုတို့ကို တစ်ဦးလျှင် အာမခံကြေးငွေကျပ် သိန်း ၃၀ စီ ပေးအပ်သည်။

ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသားလူနာ ၁၃ ဦး၊ အမျိုးသမီးလူနာ ရှစ်ဦးတို့ကို ငွေကျပ်တစ်သိန်းစီ ယာယီပေးအပ်ခဲ့ပြီး ဆရာဝန်၏ ဆေးစာအရ ဆေးရုံတက်ရောက်ကုသနေသူ၏ ဒဏ်ရာအခြေအနေပေါ်မူတည်၍ လိုအပ်လာလျှင် အာမခံကြေးငွေ ထပ်မံပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ သေဆုံးသူ ရှစ်ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၁ ဦးတို့ကို ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ ဦးဇော်ဇော်နှင့်အဖွဲ့သည် သေဆုံးသူတစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှင့် ထိခိုက်ဒဏ်ရာရရှိ၍ ဒဏ်ရာပြင်းထန်သူတစ်ဦးလျှင် ငွေကျပ်တစ်သိန်း၊ ဒဏ်ရာနည်းပါး သက်သာသူတစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ ထောက်ပံ့ပေးခဲ့သည်။ **မြင့်ဦး-ဖြူး**



# အမြန်လမ်းမကြီး၌ ယာဉ်တိမ်းမှောက်၊ နှစ်ဦးသေဆုံး

**တောင်ငူ ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၁၄၉ တွင် ရန်ကုန်မှ ထွက်ခွာလာသည့် လင်ခရူဆာ အမျိုးအစား အိမ်စီးယာဉ်တစ်စီး ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီခန့်က ဘီးပေါက်ပြီး တိမ်းမှောက်ရာမှ ယာဉ်ပေါ်လိုက်ပါလာသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ယာဉ်မောင်းဖြစ်သူ အမျိုးသားမှာ တောင်ငူပြည်သူ့ဆေးရုံကြီး၌ ကုသမှုခံယူကာ ဒဏ်ရာအခြေအနေမှာ စိုးရိမ်စရာ မရှိကြောင်း တောင်ငူဆေးရုံကြီးမှ သိရသည်။ သေဆုံးသူမှာ ရန်ကုန်မြို့ ဒဂုံမြို့သစ်နေ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှ အထွေထွေမန်နေဂျာ ဦးဆွေမြင့်နှင့် အဆိုပါကုမ္ပဏီတစ်ခုတည်းမှ စာရင်းကိုင်တစ်ဦးဖြစ်သူ မသွယ်သွယ်မြင့်ဆိုသူဖြစ်ပြီး ယာဉ်မောင်းဖြစ်သူ ဦးသန့်ဇော်ထွန်းမှာ ဦးခေါင်းပေါက်ပြဲ ဒဏ်ရာများဖြင့် တောင်ငူဆေးရုံကြီး၌ ကုသမှုခံယူနေရကြောင်း တောင်ငူမြို့နယ် ဇီးပင်သာ အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်ပြီး ရန်ကုန်-မန္တလေး အမြန်လမ်း ရဲတပ်ဖွဲ့စခန်း တောင်ငူ ဇီးပင်သာ အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ ယာဉ်မောင်း ဦးသန့်ဇော်ထွန်းကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# တောင်ငူ၌ ကုန်တင်ရထားနှင့် သံလမ်းစစ်ဆေးရထားတိုက်

**တောင်ငူ ဩဂုတ် ၁၂**

တောင်ငူမြို့ မီးရထားကြေးနန်းအမှတ် 165/11 နှင့် 12 ကြား၌ ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီခွဲခန့်က တောင်ငူဘူတာမှ ရန်ကုန်ဘက်သို့စတင်ထွက်ခွာလာသော စက်ခေါင်းအမှတ် BF -1232 ကြည့်မြင်တိုင်-သာစည် အမှတ် 993 ကုန်တင်အဆန်ရထားနှင့် တောင်ငူ-ကျောက်တံခါး RGC-104 သံလမ်းကင်းစစ်ဆေးနေသော ရထားနှစ်စင်းတို့ မျက်နှာချင်းဆိုင် ဝင်တိုက်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် သံလမ်းကင်းစစ်ဆေးနေသော ရထားပေါ်မှလူတစ်ဦး ထိခိုက်ဒဏ်ရာ အနည်းငယ်သာ ရရှိခဲ့ပြီး ရထားတွဲများမှာလည်း ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတိုက်မိမှုကြောင့် ရန်ကုန်-မန္တလေး အဆန်လမ်းကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်ပိတ်မိခဲ့ပြီး အစုန်လမ်းကို ၁၀ နာရီ ၁၆ မိနစ်တွင် ပိတ်ခဲ့သည်။ ယင်းနောက် စက်ခေါင်းများကို ကရိန်းဖြင့်ရွှေ့ခဲ့ပြီး အစုန်လမ်းနှင့် အဆန်လမ်းကို ၁၂ နာရီ ၄၅ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (၁၂၃)



## CLAIMS DAY NOTICE
## M.V SPRING SKY VOY:NO(50)

Consignees of cargo carried by M.V SPRING SKY VOY:NO(50) are here by notified that the vessel will arrive on about 14-8-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဝယ/၅၈၇၅၉ Jialing JL 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင် ၉/ခမန(နိုင်)၁၇၁၆၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဝေဘာဂီ-၄)၊ မြေကွက်အမှတ် (၃၂၁)ကို မူလအမည်ပေါက် ဒုအရာခံဗိုလ်လွန်းဝေ ကိုယ်စား ဦးကျော်ဝင်းမှ မြေပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် မြေချပါမစ်(အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း) ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့် ရက်မှ (၁၅)ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ(၅)

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၉၅၆၈ MITSUBISHI PAJERO, S/W ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းစံစိုး ၅/ဝသန(နိုင်)ဝ၄၆၂၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**



# ဂျပန်နိုင်ငံရဲ့ ကာကွယ်ရေးမူဝါဒသစ်နဲ့ ရှေ့အလားအလာ

**တက္ကသိုလ် ဟန်စိုးဦး**

***ယမန်နေ့မှအဆက်***

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှာ အကြမ်းဖက် တိုက်ခိုက်ခံခဲ့ရပြီးနောက် အမေရိကန်နိုင်ငံဟာ ၎င်းရဲ့စစ်ရေးစီမံချက်များမှာ ဂျပန်နိုင်ငံအနေနဲ့ ဥရောပ မဟာမိတ်များနဲ့တန်းတူ စစ်သည်များ ပါဝင်ဖြည့်ဆည်းပေးဖို့ သမ္မတဘုရှ်က တောင်းဆိုလာခဲ့ပါတယ်။ ဂျပန်အစိုးရအနေနဲ့လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အထူးဆောင်ရွက်ချက်များ ဥပဒေ (Anti-terrorism Special Measures Law) အပါအဝင် ဥပဒေ အများအပြား ပြဋ္ဌာန်းခဲ့ရပြီး ၂၀၀၄ ခုနှစ် မတ်လမှာ တိုက်ပွဲဝင်မဟုတ်တဲ့ စစ်သည်များကို အီရတ်နိုင်ငံသို့ စေလွှတ်ခဲ့ပါတယ်။

ဒုတိယအချက်ကတော့ ဂျပန်နိုင်ငံနဲ့ သဘောထားကွဲလွဲမှုတွေရှိနေတဲ့ မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ်ဒုံးလက်နက်တွေကို ၁၉၉၀ ပြည့်နှစ်လောက်ကစပြီး စမ်းသပ်ပစ်ခတ်လာခြင်းကြောင့် ဂျပန်နိုင်ငံဟာ သူ့ရဲ့ လုံခြုံရေးအပေါ် တိုက်ရိုက်ခြိမ်းခြောက်လာတယ်လို့ ခံယူလာခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံရဲ့ တာဝေးပစ်ဒုံးလက်နက်တွေဟာ အဆင့်ဆင့် တိုးတက်လာခဲ့ရာမှာ ၁၉၉၈ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့က စမ်းသပ်ပစ်ခတ်ခဲ့တဲ့ တေပိုဒွန်-၂ (Taepodong-II) ဒုံးကျည်ဟာ ဂျပန်နိုင်ငံ အပေါ်က ဖြတ်သန်းပြီး ပစိဖိတ်သမုဒ္ဒရာအတွင်းကို ကျရောက်ခဲ့ပါတယ်။ တေပိုဒွန်-၂ ဒုံးကျည်ဟာ အဏုမြူထိပ်ဖူး တပ်ဆင်ပစ်ခတ်နိုင်စွမ်းရှိပြီး ဂျပန်နိုင်ငံကို ရောက်ရှိဖို့ ၁၀ မိနစ်ခန့်သာ ကြာမြင့်တာကြောင့် ဂျပန်နိုင်ငံအနေနဲ့ မြောက်ကိုရီးယားနိုင်ငံမှ အဏုမြူဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်လာခဲ့သော် ခုခံကာကွယ်နိုင်ရေးအတွက်ကိုလည်း စိတ်ပူလာခဲ့ပါတယ်။

**<u>ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးကြိုးပမ်းမှုများ</u>**

အထက်မှာဖော်ပြခဲ့သလို နိုင်ငံရဲ့ ကာကွယ်ရေးကဏ္ဍမှာ ကန့်သတ်မှုတွေပြုလုပ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ဖို့ ကြိုးပမ်းမှုတွေ ဂျပန်နိုင်ငံမှာရှိခဲ့ပါတယ်။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ-၉၆ အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုရင် အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်နှစ်ရပ်စလုံးမှာရှိတဲ့ လွှတ်တော်အမတ်ဦးရေ သုံးပုံနှစ်ပုံရဲ့ ထောက်ခံမှုရရှိဖို့ ဦးစွာလိုအပ်ပြီး ထောက်ခံမှုရရှိခဲ့ရင် လူထုဆန္ဒခံယူပွဲကနေတစ်ဆင့် ပြည်သူလူထုအများစုရဲ့ ထောက်ခံအတည်ပြုမှုကိုရယူဖို့ လိုအပ်တဲ့အတွက် ပြင်ဆင်ဖို့ အခက်အခဲတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ ကြိုးပမ်းခဲ့တဲ့ ဂျပန်နိုင်ငံရေးသမားတစ်ဦးကတော့ ၁၉၈၂ ခုနှစ်ကနေ ၁၉၈၇ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ယာဆူဟီရို နာကာဆိုနေ (Yasuhiro Nakasone) ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ ကြိုးပမ်းကြတဲ့ နိုင်ငံရေးသမားတွေရဲ့ အဓိကရည်မှန်းချက်က နိုင်ငံရဲ့ ကာကွယ်ရေးတပ်ဖွဲ့တွေ ပိုမိုလွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ဖို့ဖြစ်တာကြောင့် စစ်ပွဲဆိုရင် အသံတောင်မကြားချင်တဲ့ ဂျပန်ပြည်သူအများစုက ဆန့်ကျင်ကန့်ကွက်လေ့ရှိတာဟာ အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ ဒါကြောင့်လည်း ၁၉၄၇ ခုနှစ်ကနေ စတင် အသက်ဝင်လာခဲ့တဲ့ ဂျပန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ယခုအချိန်အထိ ပြောင်းလဲနိုင်ခြင်းမရှိဘဲ တည်မြဲနေခဲ့တာဖြစ်ပါတယ်။



ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ

နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ တစ်စိုက်မတ်မတ် ကြိုးပမ်းခဲ့တဲ့ ဂျပန်နိုင်ငံရဲ့ နောက်ထပ် နိုင်ငံရေးသမားတစ်ဦးကတော့ လက်ရှိ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဖြစ်ပါတယ်။ သူဟာ ၂၀၀၆ ခုနှစ်မှာ ပထမအကြိမ် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်ကလည်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တွေရဲ့ ကဏ္ဍကိုမြှင့်တင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ထိုစဉ်က ဝန်ကြီးချုပ် အာဘေးဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင် မယ်ဆိုရင် လွယ်ကူစေဖို့ လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်နှစ်ရပ်စလုံးက အမတ်တွေရဲ့ သုံးပုံနှစ်ပုံ ထောက်ခံမှုလိုအပ်တယ်ဆိုတဲ့ စာသားအစား အမတ်ဦးရေအများစု (Simple Majority) ရဲ့ ထောက်ခံမှုရရှိရင် ပြင်ဆင်နိုင်ဖို့နဲ့ လူထုဆန္ဒခံယူပွဲ ပြုလုပ်နိုင်ဖို့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ သို့သော်လည်း အဲဒီ ဆောင်ရွက်ချက်တွေကြောင့် သူ့အပေါ် ပြည်သူလူထုရဲ့ ထောက်ခံမှုဟာ သိသိသာသာ ကျဆင်းသွားခဲ့ပြီး ၂၀၀၇ ခုနှစ်မှာ ရာထူးမှ နုတ်ထွက်ခဲ့ရပါတယ်။

ဂျပန်နိုင်ငံမှာ ဝန်ကြီးချုပ်တစ်ဦးအပေါ် ပြည်သူလူထုရဲ့ ထောက်ခံမှုဟာ ၄၀ ရာခိုင်နှုန်းအောက် ကျဆင်းလာပြီဆိုရင် အဲဒီဝန်ကြီးချုပ်ဟာ အခြေအနေမကောင်းတော့ဘူးလို့ ပြောနိုင်ပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ အာဏာရပါတီဟာ ပါတီနဲ့ ပြည်သူအကြား သဘောထားကွဲလွဲမှုတွေ ဆက်လက်ဖြစ်မလာစေဖို့ ဝန်ကြီးချုပ်ကို ရာထူးမှ နုတ်ထွက်စေပြီး အခြားတစ်ဦး အစားထိုးခန့်အပ်နိုင်ဖို့ ကြိုးပမ်းလေ့ရှိပါတယ်။ ၂၀၀၆ ခုနှစ်မှာ စတင်တာဝန်ထမ်းဆောင်စဉ် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအပေါ် ပြည်သူလူထုထောက်ခံမှုမှာ ၇၀ ရာခိုင်နှုန်းရှိခဲ့ပေမယ့် ၂၀၀၇ ခုနှစ်အတွင်းမှာ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအပေါ် ပြည်သူလူထုထောက်ခံမှုမှာ ၃၇ ရာခိုင်နှုန်းသာရှိပါတော့တယ်။ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ ကြိုးပမ်းမှုသာမက ထိုစဉ်က သူခန့်အပ်ခဲ့တဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီး အချို့ရဲ့ ထောက်ပြပြောဆိုစရာ ဆောင်ရွက်ချက်တွေကလည်း သူ့ကိုနုတ်ထွက်စေဖို့ ဖန်တီးခဲ့တဲ့အချက်တွေ ဖြစ်ပါတယ်။

**<u>ဝန်ကြီးချုပ်အာဘေး၏ ဒုတိယသက်တမ်းတွင် ပြောင်းလဲရန်ကြိုးပမ်းမှု</u>**

၂၀၁၂ ခုနှစ်မှာ ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ပြန်လည်ထမ်းဆောင်ခွင့်ရချိန်မှာ မစ္စတာရှင်ဇိုအာဘေးဟာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တွေ ပိုမိုလွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ဖို့ ထပ်မံကြိုးပမ်းခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ပြင်ဆင်ဖို့ခက်ခဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မယ့်အစား ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ပြန်လည်ပြောင်းလဲ သတ်မှတ်နိုင်ဖို့ (Reinterpretation of the Constitution) ပိုမိုအလေးပေးဆောင်ရွက်လာခဲ့တာကို တွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့် စုပေါင်းခုခံကာကွယ်ပိုင်ခွင့်ဟာ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုနိုင်တယ်လို့ အဓိပ္ပာယ်ဖွင့်ဖို့ ကြိုးပမ်းခြင်း ဖြစ်ပါတယ်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကတော့ ဂျပန်နိုင်ငံရဲ့ ပတ်ဝန်းကျင်မှာ ပြောင်းလဲလာတဲ့ လုံခြုံရေးအခြေအနေတွေအရ ဂျပန်နိုင်ငံအနေနဲ့ ရှင်းလင်းပြတ်သားတဲ့ ကာကွယ်ရေးမူဝါဒတွေ ပြောင်းလဲချမှတ်ကျင့်သုံးဖို့ လိုအပ်လာပြီဖြစ်ကြောင်း၊ ဒါမှမဟုတ်ရင် ဂျပန်နိုင်ငံ ဆက်လက်ရှင်သန်ရပ်တည်ဖို့ အခက်အခဲတွေ ရှိလာနိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှာ နိုင်ငံတော်လုံခြုံရေးကောင်စီ (National Security Council) ကို ဖွဲ့စည်းခဲ့ပြီး ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ နိုင်ငံရဲ့ ပထမဆုံးသော နိုင်ငံတော်လုံခြုံရေးမဟာဗျူဟာ (National Security Strategy) ကို ထုတ်ဖော်ကြေညာခဲ့ပါတယ်။ နိုင်ငံတော်လုံခြုံရေးမဟာဗျူဟာရဲ့ အဓိကအချက်ကတော့ နိုင်ငံရဲ့ လုံခြုံရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံပြီး တက်ကြွစွာ ပါဝင်အားဖြည့်ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

**<u>ပြည်တွင်းပြည်ပမှ ဝေဖန်မှုများ</u>**

ဂျပန်အစိုးရအနေနဲ့ အခုလို ကာကွယ်ရေးဆိုင်ရာ မူဝါဒတွေ အပြောင်းအလဲပြုလုပ်လာတဲ့အပေါ် ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ဝေဖန်ပြောကြားမှုတွေ ရှိလာခဲ့ပါတယ်။ ပြည်ပနိုင်ငံတွေအနက် တရုတ်နိုင်ငံက ဂျပန်နိုင်ငံအနေနဲ့ စစ်ကိုဆန့်ကျင်ရှုတ်ချတဲ့ မူဝါဒကနေ ပြောင်းလဲလာပြီလားလို့ မေးခွန်းထုတ်လိုက်ပြီး ဂျပန်နိုင်ငံဟာ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိရေးအတွက် ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းအတိုင်း ဆက်လက် လျှောက်လှမ်းသင့်ကြောင်း ပြောကြားခဲ့ပါတယ်။ အလားတူ တောင်ကိုရီးယားနိုင်ငံကလည်း ဂျပန်နိုင်ငံရဲ့ ကာကွယ်ရေးမူဝါဒတွေမှာ ပွင့်လင်းမြင်သာမှုရှိဖို့ တောင်းဆိုလိုက်ပြီး ဂျပန်နိုင်ငံဟာ ဒေသတွင်း တည်ငြိမ် အေးချမ်းမှုရှိရေးအတွက် အထောက်အကူပြုဖို့ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ဂျပန်နိုင်ငံအစိုးရကတော့ ဒီကနေ့ခေတ်မှာ လုံခြုံရေးမူဝါဒတွေဟာ နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့မှုကို ကာကွယ်စောင့်ရှောက်ရုံသက်သက် သဘောထားလို့ မရတော့ကြောင်း၊ အကြမ်းဖက်မှု၊ ပင်လယ်ဓားပြမှု၊ အင်တာနက်နည်းပညာနဲ့ ဆိုက်ဘာတိုက်ခိုက်မှု၊ စွမ်းအင်အရင်းအမြစ်လုံခြုံမှု၊ အာကာသနည်းပညာ၊ ရာသီဥတုပြောင်းလဲမှု၊ ကူးစက်မြန်ရောဂါ၊ နိုင်ငံတကာဂိုဏ်းဖွဲ့ ရာဇဝတ်ပြစ်မှုကျူးလွန်သူများ၊ တရားမဝင်လက်နက်နဲ့ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေဟာ နိုင်ငံတိုင်းရဲ့ လုံခြုံရေးကို ခြိမ်းခြောက်လာနေကြောင်း၊ ဒါကြောင့် နိုင်ငံကာကွယ်ရေးမှာ ပြောင်းလဲလာနေတဲ့ ခြိမ်းခြောက်မှုတွေနဲ့အညီ လျင်မြန်စွာကိုင်တွယ် ဆောင်ရွက်ဖို့ လိုအပ်လာကြောင်း ပြန်လည်တုံ့ပြန် ပြောကြားခဲ့ပါတယ်။ ဥပမာအနေနဲ့ ဂျပန်နိုင်ငံဟာ တိကျပြတ်သားတဲ့ ကာကွယ်ရေးဆိုင်ရာ မူဝါဒတွေသာ ရှိခဲ့မယ်ဆိုရင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်းက အယ်လ်ဂျီးရီးယားနိုင်ငံမှာ အယ်လ်ကိုင်းဒါးအဖွဲ့က ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရတဲ့ ဂျပန်နိုင်ငံသား နှစ်ဦးဟာ အသက်ဆုံးရှုံးစရာ အကြောင်းမရှိနိုင်ခဲ့ဘူးလို့ ပြောကြားခဲ့ပါတယ်။

နောက်တစ်ချက်ကတော့ ဂျပန်နိုင်ငံအနေနဲ့ အရှေ့တရုတ်ပင်လယ် (East China Sea) အတွင်းမှာရှိတဲ့ ဂျပန်အခေါ် ဆန်ကာကူကျွန်း (Senkaku Island)၊ တရုတ်အခေါ် ကျောက်ယူကျွန်း (Diaoyu Island) ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး အငြင်းပွားနေတဲ့ကိစ္စဖြစ်ပါတယ်။ ဒီကျွန်းကို ဂျပန်နိုင်ငံက ထိန်းချုပ်ထားမှုအပေါ် တရုတ်နိုင်ငံက အသိအမှတ်မပြုဘဲ ကျွန်းနားကို တရုတ်ကင်းလှည့်ရေယာဉ်တွေ နေ့စဉ်စေလွှတ်ကင်းလှည့်လျက်ရှိပါတယ်။ အလားတူ တရုတ်နိုင်ငံဟာ အရှေ့တရုတ်ပင်လယ်အတွင်း လေကြောင်းရန်ကာကွယ်ရေး အမျိုးအမည်ခွဲခြားရေးဇုန် (Air Defense Identification Zone-ADIZ) ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာ တရားဝင်ထုတ်ဖော် ကြေညာခဲ့ပါတယ်။ ဒီသတ်မှတ်ချက်အရ နိုင်ငံခြားလေယာဉ်တွေဟာ တရုတ်နိုင်ငံရဲ့ ADIZအတွင်းကို ဝင်ရောက်မယ်ဆိုရင် သူတို့ရဲ့ လေယာဉ် လမ်းကြောင်းကို တရုတ်အာဏာပိုင်တွေဆီကို သတင်း ပို့ခြင်းအပါအဝင် အခြားသတ်မှတ်ချက်တွေကို လိုက်နာရမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ် (South China Sea) အတွင်းမှာလည်း ဖိလစ်ပိုင်နဲ့ ဗီယက်နမ်အပါအဝင် အာဆီယံနိုင်ငံအချို့နဲ့ နယ်မြေအငြင်းပွားမှုတွေ ရှိနေပါတယ်။ အရှေ့တရုတ်ပင်လယ်မှာရော၊ တောင်တရုတ်ပင်လယ်မှာပါ ဖြစ်ပွားနေတဲ့ နယ်မြေအငြင်းပွားမှုတွေနဲ့ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်ရာမှာ တရုတ်နိုင်ငံဟာ အခုအခါမှာ ပိုပြီး တွန်းတွန်းတိုက်တိုက် ကိုင်တွယ်ဆောင်ရွက်လာတယ်လို့ ဂျပန်နိုင်ငံက ယူဆပါတယ်။

*စာမျက်နှာ ၁၆ သို့*

## စေတုတ္တရာ၌ ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

**မင်းဘူး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ဇူလိုင်နှင့်ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ခဲ့သည်။

ယခုအခါ စေတုတ္တရာမြို့ပေါ်ရှိ အမှတ်(၁)ရပ်ကွက်အတွင်း ဩဂုတ် ၉ ရက်က စေတနာမွန် လူမှုကူညီရေးအဖွဲ့ နောင်ချိုမှ အိမ်ထောင်စုပေါင်း ၄၀၀ကျော်ကို ခြင်ဆေးများဖျန်းပေးခဲ့ကြောင်း သိရသည်။

**သန်းငွေး(မင်းဘူး)**



## သွေးလွန်တုပ်ကွေးမဖြစ်ပေါ်စေရေး ခြင်ဆေးဖျန်း

**နတ်တလင်း ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြောက်ပိုင်းလမ်းနေ ဦးကျော်နိုင်နှင့် ဒေါ်လှကြွယ်မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ခြင်ဆေးဖျန်းစက်ကို ပရဟိတအသင်းသို့ လှူဒါန်းပြီး ရေကြီးရေလျှံမှု ကျဆင်းသွားပြီဖြစ်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာပွန်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ မူလတန်းကျောင်းနှစ်ကျောင်းနှင့် မူကြိုကျောင်းတို့ကို တစ်လလျှင်နှစ်ကြိမ် လစဉ်ခြင်ဆေးဖျန်းပေးရန်နှင့် ဆေးဖိုးကုန်ကျငွေကို ရွှေပွန်မြေပါရမီရှင်များ ဖောင်ဒေးရှင်းက တစ်လလျှင် ငွေကျပ်တစ်သိန်း ကုန်ကျခံကာ လှူဒါန်းသွားမည်ဖြစ်ပြီး ခြင်ဆေးဖျန်းလုပ်ငန်းကို လူငယ်များအဖွဲ့မှ လုပ်အားဒါနကုသိုလ် ပါဝင်လုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

*စာမျက်နှာ ၁၅ မှ*

ဂျပန်နိုင်ငံ ပြည်တွင်းမှာ အတိုက်အခံ ဒီမိုကရက်တစ်ပါတီ (Democratic Party of Japan-DPJ) ကရော၊ သုတေသီအချို့ကပါ ဂျပန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ရာရောက်မယ့် ကာကွယ်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအသစ်တွေအပေါ် စိုးရိမ်ပူပန်မှုနဲ့ ကန့်ကွက်မှုတွေရှိနေပါတယ်။ ဂျပန်ပြည်သူလူထုအတွင်းမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး သဘောထားကွဲပြားမှုတွေ ရှိနေပါတယ်။ စစ်ဒဏ်ကို ကိုယ်တိုင် ကြုံတွေ့ခံစားခဲ့ကြရတဲ့ ဂျပန်လူကြီးပိုင်းတွေအနေနဲ့ စစ်ကိုရှုတ်ချထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို သဘောမကျပေမယ့် လူငယ်ပိုင်းမှာတော့ ခေတ်နဲ့အညီ ပြင်ဆင်ရေးဆွဲရေးကို လက်ခံကြတာကို လေ့လာဆန်းစစ်မှုများက ဖော်ပြလျက်ရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ထောက်ခံသူတွေက ဂျပန်နိုင်ငံဟာ စီးပွားရေးအရအင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာတာနဲ့အညီ သင့်လျော်တဲ့ အင်အားအသုံးပြုမှုလည်း လိုအပ်လာကြောင်း၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ခန့်က တည်ရှိခဲ့တဲ့ အခြေအနေတွေနဲ့ အခုခေတ်အခြေအနေတွေဟာ များစွာကွာခြားသွားခဲ့ပြီး ဂျပန်နိုင်ငံအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကို ပါဝင်ထိန်းသိမ်းဖို့ တာဝန်ရှိလာကြောင်း ပြောကြားခဲ့ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဆန့်ကျင်သူတွေကတော့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဂျပန်နိုင်ငံကို စစ်ပွဲတွေမှာ ပါဝင်ခြင်းက ရှောင်ရှားနိုင်ခဲ့ပြီး တိုင်းပြည်ကို ဖွံ့ဖြိုးကြွယ်ဝမှုလမ်းကြောင်းကို ရောက်ရှိစေဖို့ ဖန်တီးပေးခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခြင်းကြောင့် တိုင်းပြည်ဟာ အမှောင်ခေတ်ကို ပြန်လည်ရောက်ရှိစေနိုင်ကြောင်း ပြောကြားခဲ့ကြပါတယ်။

**သုံးသပ်ချက်**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ နိုင်ငံရဲ့ ကာကွယ်ရေးမူဝါဒမှာ အပြောင်းအလဲလုပ်နိုင်ဖို့ တစ်စိုက်မတ်မတ်ဆောင်ရွက်လာတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ဝန်ကြီးချုပ် ပထမသက်တမ်း (၂၀၀၆-၂၀၀၇)အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ ကြိုးပမ်းချက် မအောင်မြင်ခဲ့တာကို အခု ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်းမှာ ပြန်လည် ကြိုးပမ်းဆောင်ရွက်လာတာဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းရာမှာ ငြိမ်းချမ်းရေးအတွက် ဦးဆောင်တက်ကြွစွာ ပါဝင်ဖြည့်ဆည်းရေး (Proactive Contribution to Peace) ခေါင်းစဉ်နဲ့ ကြိုးပမ်းခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ပြင်ဆင်ဖို့ခက်ခဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ထက် စုပေါင်းခုခံကာကွယ်ပိုင်ခွင့်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုနိုင်တယ်လို့ အဓိပ္ပာယ်ပြန်ဆိုနိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ အဲဒီရည်မှန်းချက်နဲ့ ဆောင်ရွက်မယ့် ဥပဒေမူကြမ်း (၂)ရပ်ကို အောက်လွှတ်တော်ကို တင်သွင်းခဲ့ရာမှာ အောက်လွှတ်တော်က အတည်ပြုခဲ့ပါတယ်။ အောက်လွှတ်တော်က ဥပဒေမူကြမ်း (၂)ရပ်ကို အထက်လွှတ်တော်ကို ဆက်လက်တင်သွင်းခဲ့ရာမှာ ရက် ၆၀ အတွင်း အထက်လွှတ်တော်က ဆုံးဖြတ်ပေးရမှာဖြစ်ပါတယ်။

အထက်လွှတ်တော်မှာလည်း လက်ရှိအာဏာရ အယ်လ်ဒီပီလွှတ်တော်အမတ်ဦးရေက အများစုရှိနေတဲ့အတွက် ဥပဒေမူကြမ်း (၂)ရပ်ဟာ အထက်လွှတ်တော်ရဲ့ အတည်ပြုမှုကိုရရှိဖို့ အလားအလာတွေရှိပါတယ်။ လွှတ်တော် နှစ်ရပ်အနက် အောက်လွှတ်တော်ဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပိုပြီးလုပ်ပိုင်ခွင့်အာဏာရှိပါတယ်။ အောက် လွှတ်တော်က အတည်ပြုပြီးတဲ့ ဥပဒေမူကြမ်းတစ်ရပ်ကို အထက်လွှတ်တော်က ငြင်းပယ်ခဲ့ရင်တောင် အောက်လွှတ်တော်မှာ ပြန်လည်ဆွေးနွေးပြီး အမတ်ဦးရေ သုံးပုံနှစ်ပုံက ထောက်ခံခဲ့ရင် ဥပဒေမူကြမ်းဟာ အတည်ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် လုံခြုံရေးဆိုင်ရာဥပဒေမူကြမ်း (၂)ရပ်ဟာ အတည်ဖြစ်လာဖို့ အလားအလာများနေတာဖြစ်ပါတယ်။




**နိုင်ငံ၏ ကာကွယ်ရေးမူဝါဒသစ်ကို ကန့်ကွက်ဆန္ဒပြနေကြသည့် ဂျပန်ပြည်သူများ**

ဒီဥပဒေမူကြမ်းတွေ အတည်ဖြစ်လာရင် ဂျပန်နိုင်ငံရဲ့ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေဟာ တိုက်ခိုက်ရေးအတွက်မဟုတ်ရင်တောင်မှ ပြည်ပနိုင်ငံတွေဆီ ဖြန့်ကြက်သွားရောက်ပြီး ကူညီထောက်ပံ့မှုတွေ ပိုမိုလွယ်ကူစွာ ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံရဲ့ အနီးကပ်ဆုံး မဟာမိတ်နိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံ အတိုက်ခိုက်ခံရပြီဆိုရင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေဟာ အမေရိကန်နိုင်ငံဘက်ကနေ ပါဝင်တိုက်ခိုက်ခွင့်လည်း ရှိလာတော့မှာဖြစ်ပါတယ်။ ဒီအချက်ဟာ ဂျပန်နဲ့အမေရိကန်နိုင်ငံအကြားမှာရှိတဲ့ မဟာမိတ်ဆက်ဆံမှု အနေအထားကို ပိုမိုခိုင်မာလာစေမှာဖြစ်သလို ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ဂျပန်နိုင်ငံပုံမှန်နိုင်ငံတစ်နိုင်ငံ ပြန်လည်ဖြစ်လာစေရေး (Normalization of Japan) ရည်မှန်းချက် အောင်မြင်စေရေးအတွက် ကြီးမားတဲ့ ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာစေရေးအတွက် ဂျပန်နိုင်ငံရဲ့ ကြိုးပမ်းမှုတွေအပေါ် မှာလည်း အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

ဒီဥပဒေမူကြမ်းတွေ အတည်ဖြစ်လာရင် ဂျပန်နိုင်ငံအတွက်ရော၊ ဒေသတွင်းမှာပါ ကြီးမားတဲ့ ရိုက်ခတ်မှုတွေ ရှိလာမှာ မလွဲမသွေဖြစ်ပါတယ်။ အနည်းဆုံးအားဖြင့် ဂျပန်နိုင်ငံဟာ မလိုအပ်ဘဲနဲ့ ပဋိပက္ခတွေမှာ ပါဝင်လာစေနိုင်မယ့် အလားအလာတွေ ပိုမိုများပြားလာစေမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အရှေ့တရုတ်ပင်လယ်နဲ့ တောင်တရုတ်ပင်လယ်တို့မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကြားမှာ နားလည်မှုလွဲမှားမှု (သို့မဟုတ်) တွက်ချက်မှု လွဲမှားမှုတွေနဲ့အတူ လျင်မြန်စွာ တုံ့ပြန်နိုင်မှုတွေကြောင့် ပဋိပက္ခတွေဖြစ်ပွားဖို့ ဖြစ်နိုင်ခြေတွေလည်း များလာမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံက ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက ထုတ်ပြန်ခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွက် ကာကွယ်ရေးဆိုင်ရာ စက္ကူဖြူစာတမ်းမှာ တရုတ်နိုင်ငံရဲ့ စစ်ရေးအင်အား ချဲ့ထွင်လာမှုဟာ နိုင်ငံရဲ့ လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ထည့်သွင်းဖော်ပြခဲ့တဲ့အတွက် တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံအကြား အပြန်အလှန် ယုံကြည်မှုကိုလည်း ထိခိုက်စေခဲ့ပါတယ်။ နိုင်ငံရေး လေ့လာသူတွေကတော့ တရုတ်နိုင်ငံရဲ့ ခြိမ်းခြောက်လာမှုကို ထည့်သွင်းဖော်ပြခြင်းအားဖြင့် ဝန်ကြီးချုပ် အာဘေးဟာ သူ့ရဲ့လုံခြုံရေးဆိုင်ရာ ဥပဒေမူကြမ်းတွေအပေါ် ပြည်သူလူထုရဲ့ထောက်ခံမှု ပိုမိုရရှိဖို့ အချိန်ကိုက် ဆောင်ရွက်လိုက်တာလို့လည်း သုံးသပ်ကြပါတယ်။

ဒါကြောင့် ဂျပန်အစိုးရက လွှတ်တော်ကို တင်သွင်းထားတဲ့ လုံခြုံရေးဆိုင်ရာ ဥပဒေမူကြမ်း (၂)ရပ်ဟာ အတည်ဖြစ်လာခဲ့ရင် ဂျပန်နိုင်ငံ နှစ်ပေါင်း ၇၀ ကြာကိုင်တွယ်ကျင့်သုံးခဲ့တဲ့ စစ်ကိုဆန့်ကျင်ရှုတ်ချရေးမူဝါဒကို လုံးဝပြောင်းလဲသွားစေမှာဖြစ်ပါတယ်။ သို့သော် ဒီဥပဒေမူကြမ်းတွေ အတည်ဖြစ်လာခဲ့ရင်တောင် ဂျပန်နိုင်ငံပြည်သူတွေရဲ့ရင်ထဲမှာ စစ်ဆန့်ကျင်ရေး သဘောတရားတွေ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေမှုကြောင့် ဂျပန်နိုင်ငံဟာ ချက်ချင်းကြီး စစ်ရေးအရတက်ကြွလှုပ်ရှားတဲ့နိုင်ငံဖြစ်လာဖို့ အခြေအနေမရှိပါဘူး။ လက်တွေ့မှာလည်း တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံအကြား အမြင်ကွဲပြားမှုတွေ သိသိသာသာများပြားလာနေပေမယ့် နှစ်နိုင်ငံစလုံးဟာ မိမိတို့ရဲ့ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်တယ်ဆိုတာ သိနေကြပါတယ်။ လက်တွေ့မှာလည်း တရုတ်-အမေရိကန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများဆက်ဆံရေးတစ်ရပ် (Cooperative Partnership) တည်ထောင်ဖို့ ကြိုးစားဆောင်ရွက်နေကြတဲ့အတွက် တိုက်ရိုက်ပဋိပက္ခတွေ ဖြစ်ပွားဖို့ အလားအလာနည်းတယ်လို့ ပြောနိုင်ပါတယ်။

ဒါကြောင့် ဂျပန်နိုင်ငံရဲ့ ကာကွယ်ရေးမူဝါဒ အပြောင်းအလဲဟာ လောလောဆယ် ရေတိုကာလမှာ သိသာထင်ရှားတဲ့ ထူးခြားမှုတွေ ဖြစ်မလာနိုင်ပေမယ့် ရေရှည်မှာတော့ မမျှော်မှန်းနိုင်တဲ့ အဖြစ်အပျက် အကြောင်းတရားတွေ နဲ့အတူ အကျိုးသက်ရောက်မှုတွေ မလွဲမသွေရှိလာ မှာဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။

**ဂျပန်နိုင်ငံပြည်သူတွေရဲ့ ရင်ထဲမှာ စစ်ဆန့်ကျင်ရေး သဘောတရားတွေ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ် နေမှုကြောင့် ဂျပန်နိုင်ငံဟာ ချက်ချင်းကြီး စစ်ရေးအရ တက်ကြွ လှုပ်ရှားတဲ့ နိုင်ငံဖြစ်လာဖို့ အခြေအနေ မရှိပါဘူး။**

# မတ္တရာမြို့နယ် ရွှေတချောင်းမြောင်းပေါင် ရေတိုက်စား၍ ကျိုးပေါက်

**မတ္တရာ ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ဩဂုတ်လ ၁၀ ရက်နေ့ မိုးရေချိန် ၄ ဒသမ ၅၃ လက်မထိ သည်းထန်စွာရွာသွန်းခဲ့သောကြောင့် ရွှေတချောင်းမြောင်းထဲတွင် မိုးရေများ လျှံတက်လာခဲ့ကာ ဩဂုတ် ၁၁ ရက်က ဝက်ခဲကျေးရွာအုပ်စု ရွှေတချောင်းမြောင်းမကြီး ကျောက်တိုက်အမှတ် ၇၇+၀၀၀ ပေတွင် လယ်ရေပေးပြွန်မှ ထူးပေါက် ပေါက်၍ ရေတိုက်စားရာ အကျယ် ၁၅ ပေခန့် တူးမြောင်းပေါင်ကျိုးပေါက်မှုဖြစ်ပွားခဲ့သည်။



အဆိုပါ ကျိုးပေါက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများမှ ကျိုးပေါက်ရာနေရာတွင် မျောတိုင်များ၊ ဝါးလုံးများ၊ ဝါးကပ်များ၊ သဲအိတ်များနှင့် ပိတ်ဆို့ကာကွယ်မှုများပြုလုပ်လျက်ရှိပြီး အဆိုပါမြောင်းပေါင်ကျိုးပေါက်မှုကြောင့် ကျေးရွာများနှင့် စပါးစိုက်ဧကများ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



# ရေဘေးသင့် ကျောင်းသားများအား စာအုပ်နှင့်စာရေးကိရိယာများ ထောက်ပံ့လှူဒါန်း

**မကွေး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့်စေတုတ္တရာမြို့နယ်များရှိရေဘေးသင့် ကျောင်းသားများအတွက် ပညာရေးဝန်ကြီးဌာနက လှူဒါန်းသည့် ကျောင်းသုံး စာအုပ် နှင့် စာရေးကိရိယာများကို တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဩဂုတ် ၉ ရက်က ဗလာစာအုပ်ဒါဇင် ၆၀၀၀၊ ဘောပင် ၃၃၃၄ ဒါဇင်၊ ခဲတံ ၆၆၆၇ ဒါဇင်တို့ကို ပေးအပ်သည်။

အရန်ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်း မြို့နယ်ရှိ ရေဘေးသင့်ကျောင်းများသို့ စုစည်းထုပ်ပိုးပေးပို့လျက်ရှိသည်။ ပွင့်ဖြူမြို့နယ်တွင် ရေဘေးသင့် ၁၁၇ ကျောင်းနှင့် စေတုတ္တရာမြို့နယ်တွင် ကျောင်း ၁၄ ကျောင်း ရှိပြီး ကျောင်းသား ကျောင်းသူများအတွက် လိုအပ်မည့်ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများကိုလည်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဆက်လက် ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# မြစိမ်းရောင် ကျေးရွာစီမံကိန်း တိုးချဲ့ ဖွဲ့စည်း

**ဇီးကုန်း ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ငါးရွာတိုးချဲ့ကာ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အသစ်တိုးချဲ့ဖွဲ့စည်းခဲ့သော ကျေးရွာများဖြစ်သည့် ထန်းတပင်၊ ဇရပ်လှ၊ ပေါက်တောလေး၊ သစ်စင်၊ အရှေ့စုနှင့် စိန်ဘုံသာ ကျေးရွာများမှ မြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုအဖွဲ့ဝင်များကို ဇူလိုင်လ တတိယပတ်အတွင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မြစိမ်းရောင်ကျေးရွာများ စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ မြို့နယ် အထောက်အကူပြုကော်မတီ၊ မြို့နယ်မွေး/ကုဦးစီးဌာန၊ ကျေးရွာ ရပ်မိ/ရပ်ဖ တို့၏ ရှေ့မှောက်တွင် မဲစနစ်ဖြင့် စနစ်တကျ ရွေးချယ်ဖွဲ့စည်း ပေးခဲ့ကြောင်း သိရ သည်။

**ကိုသက်(ဇီးကုန်း)**




## စစ်ရေး၊ နိုင်ငံရေးခေါင်းဆောင်ကြီးများ၏ နိုင်ငံရေးအဆိုအမိန့်များ




ခေါင်းဆောင် ၁၀၅ ဦး၏ နိုင်ငံရေး အဆိုအမိန့်များကို ၎င်းတို့၏ ကိုယ်ရေးအကျဉ်းများနှင့် ပူးတွဲဖော်ပြထားသည်။

တရုတ် ကွန်မြူနစ်ခေါင်းဆောင်မော်စီတုန်း၏ "ကျုပ်ရန်သူရဲ့ ရန်သူဟာ ကျုပ်မိတ်ဆွေပဲ" ဟူသည့် ပြောစကား၊ "ပုဂ္ဂလိကပိုင်ဆိုင်မှုအားလုံးကို ဖျက်သိမ်းပစ်ကြ" ဟူ၍ ကွန်မြူနစ်ဝါဒကို ချပြခဲ့သူ ကားလ်မတ်စ်၏ အဆိုအမိန့်များ၊ အစ္စရေးဝိုလ်ချုပ်ကြီး မိုရှဲ ဒါယန်၏ "တကယ်လို့ ငြိမ်းချမ်းရေးကို ခင်ဗျား လုပ်ချင်တယ်ဆိုရင် ခင်ဗျားရဲ့ သူငယ်ချင်းတွေနဲ့ မဆွေးနွေးနဲ့၊ ခင်ဗျားရဲ့ရန်သူတွေနဲ့သာ ဆွေးနွေး" ဟူသည့် အဆိုအမိန့်များ ပါဝင်သည်။ စစ်ဘုရင်များ၊ တော်လှန်ရေးခေါင်းဆောင်များ၊ သမ္မတများ၊ စာရေးဆရာများ၏ နိုင်ငံရေးအဆိုအမိန့်များကို ဖော်ပြ ထားသော ယင်းစာအုပ်ကို ဦးသိန်းအောင်(နိုင်ငံခြားငွေ) ရေးသားခြင်းဖြစ်ပြီး သင်းစာပေမှထုတ်ဝေကာ ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချကြောင်း သိရသည်။

## မြန်မာစာပေမှ ရှာဖွေလေ့လာတွေ့ရှိချက်များ




စာပေခရီးသွားများ စာအုပ်တိုက်မှ စာရေးဆရာ တက္ကသိုလ်တင်ခ၏ "မြန်မာစာပေမှရှာဖွေလေ့လာတွေ့ရှိချက်များ" စာအုပ်ကို ငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဆရာသည် မြန်မာစာ ဘွဲ့ရ ပီပီ မြန်မာစာပေ သင်ကြားရေးတာဝန်များကို ထမ်းဆောင်ရန် မြန်မာစာမှတစ်ဆင့် ရှာဖွေလေ့လာတွေ့ရှိချက်များကို ရေးသားတင်ပြထားခြင်းဖြစ်သည်။ စာနယ်ဇင်းဝေါဟာရကို တီထွင်ခဲ့သူ ဆရာကြီး ဦးပဂိုင်ုံ၊ မြန်မာစာ မပျောက်ကွယ်ရအောင် ထိန်းသိမ်းခဲ့သူ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ထူးခြားမြင့်မြတ်သည့် ဆရာတော် အရှင်ဇနကာဘိဝံသအကြောင်းတို့ကို ၎င်းတို့ရေးသားခဲ့သော စာပေများမှတစ်ဆင့်ရရှိသော စာပေအကျိုးကျေးဇူးများကို ဖော်ပြထားပါသည်။ ပထမမြန်မာသတင်းစာဖြစ်သော ရတနာပုံ နေပြည်တော်သတင်းစာ၊ နောက်ပိုင်းထွက်ရှိသော သတင်းစာများ၊ မဂ္ဂဇင်းများ၊ စာရေးဆရာများအကြောင်းလည်း ပါဝင်စုစည်းထားကြောင်း သိရသည်။

## ဖြတ်ထုံး၊ မင်းဆင်းရဲ၊ နိုင်ငံတော်ကလိမ်ချုံနှင့် ငေါ့တော့တော့ အတွေးရသများ

ဖေသောရီစာပေမှ**ဖြတ်ထုံး၊ မင်းဆင်းရဲ ၊ နိုင်ငံတော် ကလိမ်ချုံနှင့် ငေါ့တော့တော့ အတွေးရသများ** စာအုပ်ထွက်ရှိလာသည်။




လူ့လောက အဖြစ်သနစ်များကို ပြက်ရယ်သရော်၍ ဟာသ၊ ရသမြောက်စွာ ရေးသားထားသော သရော်စာ ၁၇ ပုဒ်ပါရှိသည်။

အဆိုပါ စာအုပ်ခေါင်းစဉ်ကို အကြောင်းအရာပါ ခေါင်းစဉ်သုံးခုဖြင့် စာအုပ်အမည် ပေးထားခြင်းဖြစ်သည်။

ဆရာ ဖေသောရီ၏ ကိုယ်တွေ့နှင့် လူမှုရေးနယ်ပယ်မှ အဖြစ်အပျက်များကို ဟာသပညာနှင့် ဝေဖန်ထောက်ပြပေးထားသော စာအုပ်ဖြစ်၍ သရော်စာ နှစ်သက်သူများ တန်ဖိုးငွေကျပ် ၁၅၀၀ နှင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဩဂုတ် ၁၂**

နိုင်ငံတော် အစိုးရသစ်လက်ထက်တွင် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ခေတ်စနစ် နှင့်အညီ ပွင့်လင်းမြင်သာမှု တာဝန်ခံ၊ တာဝန်ယူမှုများကို ကဏ္ဍတိုင်းတွင် အလေးထားဆောင်ရွက်နေကြောင်း၊ သဘာဝ သယံဇာတ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် EITI လုပ်ငန်းစဉ်များတွင်လည်း ကြိုးစားပါဝင်ဆောင်ရွက်နေကြောင်းဖြင့် ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ(IBC)၌ ကျင်းပသည့် သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ (၂၂)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်ကပြောသည်။

ထို့နောက် သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း လီမိတက်က ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အောက်ရှိ ရေဘေးသင့်ဝန်ထမ်းများအတွက် ငွေကျပ် ၂၅ သိန်း၊ မြန်မာ့သစ်လုပ်ငန်း သင်တန်းကျောင်းအတွက် ငွေကျပ်သိန်း ၅၀၊ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသော ဆင်များအတွက် ဆေးဝါးဝယ်ယူရန် ငွေကျပ်သိန်း ၅၀၊ သစ်တော တက္ကသိုလ်နှင့် ပြင်ဦးလွင် သစ်တောသင်တန်းကျောင်းအတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

## နန့်သာကျေးရွာဘုန်းကြီးကျောင်း ဓမ္မာရုံ လေးတန်ချောင်းရေတိုက်စား

**အင်းတော် ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်သာကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းရှိ ဓမ္မာရုံကြီးသည် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက မိုးမပြတ်ရွာသွန်းခဲ့ရာ နန့်သာရွာဘုန်းကြီးကျောင်းဝင်းကိုချောင်းရေတိုက်စားသောကြောင့် ဓမ္မာရုံကြီးသည် လေးတန်ချောင်းနှင့် ငါးတောင်ခန့်အကွာသာရှိတော့ကြောင်း သိရသည်။

"လေးတန်ချောင်းရေကြီးတာက အမြဲလိုလိုဖြစ်နေတော့ ကျောင်းဝင်းကို ရေတိုက်စားခဲ့တယ်၊ အလျားကတော့ ပေ ၃၀၀ လောက်ရှိတယ်၊ အနံ ကတော့ အကျယ်ဆုံးနေရာဆိုရင် ၃၅ ပေလောက်ရှိပါတယ်၊ ဒါကြောင့် နောက်မိုးရွာလို့လေးတန်ချောင်းရေထပ်ကြီးလာရင် ကျောင်းအတွက် စိုးရိမ်နေရပါတယ်" ဟု နန့်သာရွာမှ ဦးဝင်းစိန်က ပြောကြားသည်။

လေးတန်ချောင်းသည် ကချင်ပြည်နယ်ကနေ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရှိ ပေကုန်းရွာ၊ မြေပလ္လင်ရွာ၊ မန်ဟဲရွာ၊ မလူးရွာ၊ ပဲခူးရွာ၊ ရွာရှည်ရွာ၊ ငွေ့ကြီးရွာ၊ နန့်ရုံရွာ၊ နန့်သာရွာ စသည့်ရွာများကို ဖြတ်သန်းစီးဆင်းလာပြီး ဆိပ်သာရွာအနီးကနေ မဲဇာမြစ်အတွင်း စီးဆင်းလာသောချောင်းဖြစ်သည်။

ထိုလေးတန်ချောင်းသည် ယခုရက်ပိုင်း ကာလများက နန့်သာကျေးရွာဘုန်းကြီးကျောင်းကို ရေတိုက်စားခြင်း အန္တရာယ်ပေးနေသော ချောင်းဖြစ်ကြောင်း သိရသည်။

ယင်းတို့ကြောင့် လေးတန်ချောင်းရေကာကွယ်ရေးလုပ်ငန်းများအား ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း သိရသည်။

**သန်းမောင်လေး**

## စက်လှေတိမ်းမှောက်မှုကြောင့် ကျောင်းသူ သုံးဦးသေဆုံး

**ပုသိမ် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်ညောင်ပင်သာကျေးရွာအုပ်စု ဥသျှစ်ကုန်း ကျေးရွာထိပ် လယ်ကွင်းရေပြင်၌ ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီက ကျောင်းသားစက်လှေတစ်စင်းတိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ဩဂုတ် ၁၀ ရက် ညနေ ၆ နာရီတွင် ညောင်ပင်သာအုပ်စု ဥသျှစ်ကုန်းရွာအနီး လယ်ကွင်းရေပြင်ထဲ၌ စက်လှေတိမ်းမှောက်၍ လူသေဆုံးမှု ဖြစ်ပွားကြောင်း သတင်းအရ ဒုရဲအုပ် အောင်သူထက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

သရက်ကုန်းအုပ်စု ကုလားကုန်းရွာနေ ဦးဝင်းအောင်၏ သမီးများဖြစ်သော အထက-ကွင်းသုံးဆင့်တွင် ပညာသင်ကြားနေသည့် နဝမတန်းကျောင်းသူ မအေးအေးအောင်နှင့် သတ္တမတန်းကျောင်းသူ မမြင့်မြင့်ဝင်းတို့ကို ကျောင်းပိတ်၍ စက်လှေဖြင့် လာရောက်ခေါ်ဆောင်စဉ် ညောင်ပင်သာအုပ်စု အုန်းတပင်ရွာသို့ လမ်းကြုံလိုက်သူများဖြစ်သည့် တစ်ကျောင်းတည်း ပညာသင်ကြားနေသော ပဥ္စမတန်းကျောင်းသူ မမြင့်မြတ်မိုး၊ သတ္တမတန်းကျောင်းသူ မစောမွန်ထွေးနှင့် ဦးကိုဝင်းတို့ကို တောင်ယာကြီးကျေးရွာမှ စက်လှေဖြင့် ပြန်လည်ခေါ်ဆောင်လာစဉ် ညောင်ပင်သာကျေးရွာအုပ်စု ဥသျှစ်ကုန်းရွာထိပ် ရေအနက် ခုနစ်ပေခန့်ရှိ လယ်ကွင်းပြင်အရောက်၌ ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းပြီး လေများတိုက်ခတ် သဖြင့် စက်လှေတိမ်းမှောက်ကာ မမြင့်မြတ်မိုး၊ မအေးအေးအောင်နှင့် မမြင့်မြင့်ဝင်းတို့ ရေနစ်သေဆုံးသွားသဖြင့် အလျား ၁၀ တောင်၊ ဗျက်နှစ်ပေခွဲ၊ ကျွန်းပိုသား စက်တပ်ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ဦးဝင်းအောင်ကို အသုတ်နယ်မြေရဲစခန်းမှ ဒုရဲအုပ် အောင်သူထက်က တရားလိုပြုလုပ်၍ အမှုဖွင့်ဆောင်ရွက်ထားရှိပြီး အမြန်ဆုံးတရားစွဲဆိုတင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

## ဒက္ခိဏသီရိမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၂**

ဩဂုတ် ၇ ရက်က ရန်ကုန်မှ နေပြည်တော်သို့ ထွက်ခွာလာသည့် မှန်လုံအမြန်ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ ခရီးသည် ခင်မောင်လွင်၏ အိတ်အတွင်းမှ ဘိန်းဖြူနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး စိုးညွန့်၊ ဒုရဲအုပ်စိုးမင်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆက်စပ်သတင်းအရ ဩဂုတ် ၇ ရက်က ရန်ကုန်ဘက်မှ နေပြည်တော်သို့လာသော ခရီးသည်တစ်ဦးအား ဒက္ခိဏသီရိမြို့နယ် (C)လမ်းဆုံ၌ ရပ်တန့်ရှာဖွေရာ ခင်မောင်လွင်(ခ) ဝင်းလွင်ထွန်း (၃၀နှစ်) စီကောက်ရွာ ပျဉ်းမနားမြို့နေသူ၏ အိတ်အတွင်းမှ ဘိန်းဖြူနှင့် ဆက်စပ်ပစ္စည်းများ အပါအဝင် ငွေကျပ် ၁၃၁၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်နိုင်ရန် စစ်ဆေးလျက်ရှိသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**ဟင်္သာတ ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ရေကြီးနစ်မြုပ် ကျေးရွာပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ်လပထမပတ်က မြို့နယ်ဆည်မြောင်းရိပ်သာ မြနဒီခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၊ တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုးမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးစန်းဌေးနှင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများအတွက် ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ငွေကျပ်သိန်း ၄၀၊ ဆန်အိတ် ၄၀၊ ဆီပုံး ၁၂ ပုံး၊ ရန်ကုန်ရောက် ဟင်္သာတအသင်းမှ ဆန်အိတ် ၁၂၀၊ မြန်မာ့လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းမှ ဆန်အိတ် ၁၀၀၊ ဆေးဝါးနှင့်အိမ်သုံးပစ္စည်းများ၊ ရန်ကုန်မြို့နေ ဦးဝင်းဇော်-ဒေါ်သင်းသင်းအေးတို့က ငွေကျပ် ၁၅၀၀၀၀၊ ခရိုင်ဆောက်လုပ်ရေး အင်ဂျင်နီယာမှူးကြီးနှင့်အဖွဲ့များက ဆန်အိတ် ၄၀၀၊ ဟင်္သာတ မြို့မှ (မြင့်ရတနာဆန်ဆိုင်)မှ ဆန်အိတ် ၅၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **အေးထွန်း(ဟင်္သာတ)**

## ရှမ်းတောင်တန်း အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲကျင်းပ

**သီပေါ ဩဂုတ် ၁၂**

ရှမ်းတောင်တန်းဒေသ လူငယ်မောင်မယ်များက ဦးဆောင်ပို့ချဖွင့်လှစ်သော တတိယအကြိမ်အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်ဟူးနွဲ့ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။



သင်တန်းတက်ရောက်သင်ကြားအောင်မြင်ခဲ့သော သင်တန်းသား ၂၈၀ တို့အား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ သင်ကြားပြသပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင် ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူ ၇၀၀၀ ကျော် နေအိမ်များသို့ပြန်

**ကလေး ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးမှ မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်များ ရေကြီးသဖြင့် ဇူလိုင် ၂၈ နံနက်ပိုင်းမှစ၍ ကလေးဒေသတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ အိမ်ထောင်စုပေါင်း ၅၅၄၅ စုမှ လူဦးရေ ၁၇၃၄၅ ဦးအား မြို့ပေါ်နှင့် ကျေးရွာများ၌ ရေဘေးကယ်ဆယ်ရေးစခန်း ၂၈ ခုဖွင့်လှစ်၍ နေရာချထားပေးခဲ့သည်။ ယခုအခါ ရေကျလာပြီဖြစ်ရာ ဩဂုတ် ၁၀ ရက်အထိစာရင်းအရ ကယ်ဆယ်ရေးစခန်းများမှ အိမ်ထောင်စု ၁၆၄၉ စုနှင့် လူဦးရေ ၇၁၇၂ ဦးတို့အား အချိန်မီစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်၍ မိမိတို့နေအိမ်များ၌ ပြန်လည်နေထိုင်ကြပြီဖြစ်ကြောင်း သိရသည်။



ယခုအခါ ရေဘေးပြန်လည်ထူထောင်ရေး ရှေ့တန်းစခန်းအဖြစ် ကလေးမြို့နယ်အတွင်းရှိ ထိုမာ၊ ကံသာယာ၊ လက်ပံချောင်းနှင့် နတ်ချောင်းကျေးရွာများ၌ ဖွင့်လှစ်ထားပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများဖြစ်သော စိုက်ပျိုးရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကြီးကြပ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများကဦးစီး၍ ရှေ့တန်းစခန်းတစ်ခုလျှင် အဖွဲ့ဝင် ၁၀ ဦးစီဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ရွာတွေမှာ ရေပြန်ကျပြီဆိုတော့ အိမ်တွေ သန့်ရှင်းရေး ပြန်လုပ်ရမယ်။ ပြီးရင် စိုက်ပျိုးရေးအတွက် ရွာမှာတာဝန်ကျတဲ့ ပြန်လည်ထူထောင်ရေးအဖွဲ့တွေနဲ့ပေါင်းပြီး လုပ်ငန်းတွေပြန်လုပ်ရမယ်။ နိုင်ငံတော်အစိုးရက ကျွန်တော်တို့စိုက်ပျိုးမယ့်သီးနှံတွေ မထွက်ခင်အထိ ပံ့ပိုးပေးမယ်ဆိုတာရယ်၊ ထွန်ယက်စိုက်ပျိုးရေးအတွက် အားလုံးပံ့ပိုးပေးမယ်ဆိုတော့ လုပ်ရကိုင်ရတာ အားရှိပါတယ်။ ကျွန်တော်တို့လိုပဲ အခြားရွာတွေလည်း လုပ်ငန်းတွေပြန်လုပ်ကြတော့မှာပါ။ ရွာမှာ သဲမြေနုန်းမြေတွေ ဖုံးကုန်တယ်ဆိုတော့ အချိန်ယူပြီးတော့ လုပ်ရမယ်လို့တော့ ထင်ပါတယ်" ဟု လက်ပံချောင်းကျေးရွာသို့ ပြန်မည့် ရေဘေးသင့်ပြည်သူတစ်ဦးက ပြောသည်။

ကလေးဒေသအတွင်း ယခုနှစ်ရေကြီးမှုသည် ဒေသသမိုင်းတစ်လျှောက် အဆိုးရွားဆုံးနှင့် ပျက်စီးမှုအများဆုံးဖြစ်ပြီး မြစ်သာမြစ်ရေ၏ စိုးရိမ်ရေအမှတ်မှာ ၁၀၀၀ စင်တီမီတာဖြစ်၍ ယခုရေကြီးမှုတွင် ရေအမှတ် ၂၀၆၁ စင်တီမီတာအထိ ရောက်ရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ချင်းတွင်းသား(iprd)**

# ရေဘေးသင့်ဒေသများမှ ပြည်သူများအား ဆမ်ဆောင်းက ကူညီထောက်ပံ့

**ရန်ကုန် ဩဂုတ် ၁၂**

လက်ပန်တန်း၊ သုံးဆယ်နှင့် သာယာဝတီမြို့များအနီးတဝိုက်ရှိ ရေဘေးသင့်ဒေသ ရှစ်ခုမှ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ဆမ်ဆောင်းမြန်မာမှ ဩဂုတ် ၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံက ကျွန်တော်တို့ရဲ့ အဓိကဈေးကွက်တွေထဲက တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံနဲ့မြန်မာနိုင်ငံသားတွေ အခုလက်ရှိကြုံတွေ့နေရတဲ့ အခြေအနေတွေအတွက် ကျွန်တော်တို့ တတ်နိုင်သမျှ ထောက်ပံ့ကူညီဆောင်ရွက်ပေးဖို့ ကြိုးစားနေပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေရဲ့ ရန်ပုံငွေမှတစ်ဆင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုလည်း ရန်ပုံငွေတချို့လှူထားပြီးဖြစ်ပါတယ်။ ဩဂုတ် ၇ ရက်ကလည်း လက်ပန်တန်း၊ သုံးဆယ်မြို့နဲ့ သာယာဝတီမြို့အနီးတစ်ဝိုက် ရေဘေးသင့်ဒေသ ၈ ခုကို ကျွန်တော်တို့ရဲ့ဝန်ထမ်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ စုစုပေါင်းအင်အား ၇၀ ခန့်နဲ့ သွားရောက်ပြီး ကယ်ဆယ်ရေးပစ္စည်း၊ ဆန်အိတ်တွေနဲ့ သောက်ရေသန့်ဘူး ၁၂၀၀ ကျော်ကို လှူတန်းခဲ့ပါတယ်"ဟု ဆမ်ဆောင်းမြန်မာ၏ မန်နေဂျင်းဒါရိုက်တာ Mr. Nam Sik Ahn က ပြောသည်။

"ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွေလုပ်ဆောင်ရာမှာလည်း Samsung အနေနဲ့ မြန်မာနိုင်ငံသားများကို အကူအညီ အထောက်အပံ့များ ပံ့ပိုးပေးနိုင်ရန် ရှာဖွေလျက်ရှိပါတယ်။ ရေပြန်ကျသွားရင်လည်း ရေဘေးသင့်ပြည်သူတွေ ပြန်လည်ထူထောင်ဖို့အတွက် ဖြစ်နိုင်ချေရှိတဲ့ ကူညီထောက်ပံ့မှုများကို ပိုမိုဆောင်ရွက်သွားနိုင်ဖို့ လေ့လာရှာဖွေ နေပါတယ်"ဟု Mr. Nam Sik Ahn က ဖြည့်စွက်ပြောကြားခဲ့သည်။

**သွန်းဝသန်**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ (ဒုတိယပတ်)ဖွင့်ပွဲကျင်းပ



**မော်လမြိုင်ကျွန်း ဩဂုတ် ၁၂**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ(ဒုတိယပတ်)ဖြစ်သည့် ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲကို မော်လမြိုင်ကျွန်းမြို့နယ်ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းခန်းမ၌ ဩဂုတ် ၁၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး ခုတင်(၁၀၀) ဆေးရုံအုပ် ဒေါက်တာရီရီခင်က အာဟာရဖွံ့ဖြိုးရေးအကြောင်း သိကောင်းစရာများ၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်နှင်းနှင်းဝေက ဗီတာမင်အေအကြောင်း သိကောင်းစရာများ၊ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဆရာမ ဒေါ်ဆွေဆွေဝင်းက ငါးနှစ်အောက်ကလေးများ အာဟာရအကြောင်း သိကောင်းစရာများနှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်က ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အာဟာရမပြည့်မီသော ကလေးများအား ဆေးရုံအုပ်နှင့် တာဝန်ရှိသူများက ဖြည့်စွက်အာဟာရမှုန့်များ၊ အိုဗာတင်းနှင့် အင်အားပြည့်အစားအစာများ ပေးအပ်ပြီး ဗိုက်တာမင်အေ သံချဆေးများ တိုက်ကျွေးခဲ့ကြသည်။

**မော်ကျွန်းမြင့်အောင်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၂၀ အောက် အမျိုးသားဘောလုံး(မိတ္ထီလာဇုန်)ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၀နှစ်အောက် အမျိုးသားဘောလုံး(မိတ္ထီလာဇုန်)ပြိုင်ပွဲကို မိတ္ထီလာခရိုင် အားကစားကွင်း၌ ဩဂုတ် ၁၀ ရက်က စတင်ကျင်းပလျက်ရှိကြောင်းသိရသည်။



ပြိုင်ပွဲ ပွဲဦးထွက်ပွဲအဖြစ် မလှိုင်မြို့နယ်အသင်းနှင့် သာစည်မြို့နယ်အသင်း ယှဉ်ပြိုင်ကစားပြီး သာစည်မြို့နယ်အသင်းက ကိုးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။ ဘောလုံးပြိုင်ပွဲသို့ မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးလှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသူရနှင့် ကော်မတီဝင်များ၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြည့်ရှုခဲ့သည်။

(မိတ္ထီလာဇုန်)ပြိုင်ပွဲတွင် မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်အသင်း ပါဝင်ယှဉ်ပြိုင်ကစားကြပြီး အမှတ်အများဆုံးရရှိသည့် မြို့နယ်အသင်းတစ်သင်းသာ မန္တလေးတိုင်းဒေသကြီးအဆင့် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲအပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ(မိတ္ထီလာဇုန်)ကိုလည်း ဩဂုတ် ၈ ရက်နှင့် ၉ ရက်က ကျင်းပခဲ့ပြီး သာစည်မြို့နယ်အသင်းမှ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားခွင့် ရရှိခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ကျွန်းသားဖြင့်ပြုလုပ်ထားသည့် ပွတ်လုံးများတင်လာသော ခြောက်ဘီးကားတစ်စီးဖမ်းမိ

**ကသာ ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကျောက်တန်းကျေးရွာ အောင်ရတနာကားဂိတ်အနီး၌ ကျွန်းသားပွတ်လုံးများတင်ဆောင်လာသည့် ခြောက်ဘီးကားတစ်စီးကို ဩဂုတ် ၁၀ ရက်က ဖမ်းမိခဲ့သည်။

ကောလင်းမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့် သစ်တောဝန်ထမ်းများအဖွဲ့က ကျောက်တန်းကျေးရွာ အောင်ရတနာကားဂိတ်၌ ရပ်ထားသည့် ခြောက်ဘီးကားပေါ်မှ ကျွန်းသားဖြင့်ပြုလုပ်ထားသည့် အရှည် ၂ပေ ၉ လက်မ၊ လုံးပတ်နှစ်လက်မရှိ ပွတ်လုံးအချောင်း ၃၀၀၊ အလေးချိန် ၀ ဒသမ ၄၅၈၃(တန်ဖိုးကျပ် တစ်သိန်းခွဲခန့်)ကို ယာဉ်မောင်း အောင်သူရနှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် ထွန်ယက်ရေးလုပ်ငန်းများဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၁၂**

ပွင့်ဖြူမြို့နယ် ရေဘေးသင့်ဒေသကျေးရွာများရှိ ရေနစ်မြုပ်လယ်ယာများတွင် မိုးစပါးအချိန်မီထွန်ယက် စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)၏ အစီအစဉ်ဖြင့် တောင်မုန်းမြောင်းမကြီး၊ မြောက်မုန်းမြောင်းမကြီးနှင့် မုန်းချောင်းလွင်ပြင်ဒေသတို့၌ ထွန်စက်ကြီးများဖြင့် လယ်မြေများ ပြုပြင်ပေးလျက်ရှိရာ ဩဂုတ် ၉ ရက်အထိ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ပြီးစီးမှု ၄၀၂ ဧကကို အဖွဲ့လိုက်ထွန်ယက်ပြီး ဖြစ်ကြောင်း သိရသည်။

ယင်းသို့ လယ်ထွန်စက်ကြီးများဖြင့် ထွန်ယက်ရာတွင် စက်ချွတ်ယွင်းမှုများရှိပါက လုပ်ငန်းများအရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးနှင့် အချိန်ကြန့်ကြာမှု မရှိစေရေးတို့အတွက် ထွန်စက်၊ ရေစုပ်စက်နှင့် လက်တွန်းထွန်စက်များကို ကျေးရွာများအရောက် ကွင်းဆင်းပြင်ဆင်ပေးလျက်ရှိရာ ဩဂုတ် ၉ ရက်အထိ ကျေးရွာ ၁၈ အုပ်စု၊ စက်စီးရေ ၆၅ စီးကို အဖွဲ့ ၁၀ ဖွဲ့ဖြင့် ပြင်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

လယ်ယာများ အချိန်မီစိုက်ပျိုးနိုင်ရေးဆောင်ရွက်ရာတွင် စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးပုလဲမောင်၊ ညွှန်ကြားရေးမှူး ဦးထူးကြည်၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဇင်တို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**





# မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ ထိပ်တိုက်ဆုံမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂)



***ရာသီအဖွင့်ပွဲစဉ်မှာ ထိပ်တန်းအသင်းတွေရလဒ်မကောင်း၊ တာထွက်မလှခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁)အပြီးမှာ ပရီမီယာလိဂ်ပွဲစဉ်(၂)က ဩဂုတ် ၁၅ ရက်မှာ စောင့်ကြိုနေပြန်ပါတယ်။ အသင်းကြီးတွေ အတော်များများ အဝေးကွင်းမှာ သွားကစားရမယ့်အနေအထားမှာ စိတ်လှုပ်ရှားစရာကောင်းတဲ့ပွဲကတော့ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ပရီမီယာလိဂ်ရာသီ အစမှာတော့ အကြိတ်အနယ်အရှိဆုံး ပွဲတစ်ပွဲဖြစ်ပါလိမ့်မယ်။***

**မန်စီးတီးနှင့် ချယ်လ်ဆီး**

အဖွင့်ပွဲစဉ်မှာ ဂိုးပြတ်သွင်းပြီး သုံးမှတ်အပြည့်ရယူခဲ့တဲ့ မန်စီးတီးဟာ အခုပွဲက ချယ်လ်ဆီးကို အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်ပါတယ်။ မန်စီးတီးဟာ ချယ်လ်ဆီးနဲ့ ဆုံတိုင်း အိမ်ကွင်းမှာ ရလဒ်ကောင်းတတ်တာမို့ အခုပွဲမှာတော့ အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။ မန်စီးတီးတို့က အိမ်ကွင်းမှာ ချယ်လ်ဆီးနဲ့ နောက်ဆုံးလေးပွဲ ကစားခဲ့ရာမှာ မန်စီးတီးတို့ သုံးပွဲနိုင်ပြီး တစ်ပွဲသာ ရှုံးထားတာမို့ အခုပွဲမှာ မော်ရင်ညိုရဲ့ ချယ်လ်ဆီးအတွက် ပွဲကျပ်ဖြစ်သွားနိုင်ပါတယ်။ အိမ်ရှင်တို့ သုံးမှတ်ရယူဖို့ အခွင့်အရေးများနေတာအမှန်ပါပဲ။

**ဗီလာနှင့် မန်ယူ**

လက်ဆောင်ဂိုးနဲ့ ကံကောင်းစွာအနိုင်ရထားတဲ့ မန်ယူဟာ အခုပွဲမှာတော့ စွမ်းဆောင်ရည်မြင့်မှရပါတော့မယ်။ ဗီလာဟာ မန်ယူကို အိမ်ကွင်းမှာ သရေကစားနိုင်တဲ့အသင်းဖြစ်ပေမယ့် နောက်ဆုံးတွေ့ဆုံမှု ငါးပွဲမှာတော့ မန်ယူက လေးပွဲနိုင်ထားပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ မန်ယူဟာ ကစားသမားအသစ်တွေနဲ့ ပွဲထွက်ဦးမှာဖြစ်ပြီး တိုက်စစ်မှာ ရွှန်းနေကိုပဲ ထားရှိဦးမှာမို့ နည်းပြဗန်ဟားလ်ရဲ့ ကစားကွက်အလုပ်ဖြစ် မဖြစ် စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် အစဉ်အလာအရ ဒီနှစ်သင်းမှာအနိုင်ရလေ့ရှိတဲ့ မန်ယူတို့ပဲ အမှတ်ပြည့်ယူပါလိမ့်မယ်။

**လီဗာပူးနှင့် ဘုန်းမောက်**

လီဗာပူးအတွက် အိမ်ကွင်းမှာ ကစားရမှာမို့ တန်းတက်ဘုန်းမောက်တို့ ပွဲကျပ်ပါပဲ။ အဖွင့်ပွဲစဉ်မှာ ဗီလာကိုရှုံးခဲ့တဲ့ ဘုန်းမောက်အတွက် အခုပွဲဟာ မျှော်လင့်ချက်ထားလို့မရတဲ့ပွဲဖြစ်ပါတယ်။ လီဗာပူးဟာ ခြေစွမ်းပြန်ကောင်းလာပြီး ဒီနှစ်မှာ မျှော်လင့်ချက်ကြီးကြီးထားနေတဲ့ အသင်းဖြစ်တာမို့ ဘုန်းမောက်ကို ဖိအားပေးကစားပြီး ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ဖို့ အားထုတ်ပါလိမ့်မယ်။ ဘုန်းမောက်တို့အတွက် ဒီပွဲမှာလည်း အမှတ်လက်မဲ့ ဆက်ဖြစ်ဦးမယ့်ပွဲပါပဲ။

**စပါးနှင့် စတုတ်**

ပြီးခဲ့တဲ့နှစ်က စပါးကွင်းမှာ စတုတ်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ စပါးတို့က အဖွင့်ပွဲစဉ်မှာလည်း နောက်ခံလူအများကြောင့် ရှုံးပွဲကြုံခဲ့ရပြီး အခုပွဲမှာလည်း မာကျောတဲ့ စတုတ်နဲ့ ရင်ဆိုင်ရဦးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့မေလက စတုတ်ကွင်းမှာ ကစားခဲ့တဲ့ပွဲမှာလည်း စပါးတို့ သုံးဂိုးပြတ်ရှုံးထားတာမို့ အခုပွဲဟာ အိမ်ကွင်းဖြစ်ပေမယ့် စပါးတို့ ရုန်းကန်ရမယ့် အနေအထားရှိပြီး တစ်မှတ်တော့မျှော်လင့်နိုင်ပါတယ်။

**ဆွမ်ဆီးနှင့် နယူးကာဆယ်**

ဆွမ်ဆီးဟာ နယူးကာဆယ်နဲ့ဆုံတိုင်း ရှုံးပွဲမရှိအောင် အားထုတ်နိုင်ပါတယ်။ ဆွမ်ဆီးတို့က အဖွင့်ပွဲမှာ ချယ်လ်ဆီးကို သရေပွဲကစားနိုင်ခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် အကောင်းဆုံးပုံစံရနေတာတွေ့ရပါတယ်။ နယူးကာဆယ်တို့က လောလောဆယ်မှာ ခြေစွမ်းတည်ငြိမ်မှုမရှိသေးတာမို့ ဒီပွဲမှာ တစ်မှတ်ရရှိဖို့တောင် မလွယ်ပါဘူး။

**ဆန်းဒါးလန်းနှင့် နော့ဝှစ်ချ်**

တစ်လှည့်စီအနိုင်ယူနေပြီး ခြေစွမ်းတူညီနေတဲ့ နှစ်သင်းမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် ဆန်းဒါးလန်းဟာ အိမ်ကွင်းမှာ မရှုံးအောင် ကစားနိုင်ခဲ့ပါတယ်။ လောလောဆယ်မှာတော့ တန်းတက်နော့ဝှစ်ချ်တို့က စိတ်ဓာတ်ပိုင်းကောင်းမွန်သလို ခြေစွမ်းလည်း ကောင်းမွန်တာမို့ ဒီပွဲမှာ နော့ဝှစ်ချ်တို့ အားထုတ်မှုကောင်းရင် အမှတ်ရနိုင်တဲ့ပွဲပါ။

**ဝက်စ်ဟမ်းနှင့် လက်စတာ**

ခြေစွမ်းတည်ငြိမ်နေတဲ့ လက်စတာတို့က ဝက်စ်ဟမ်းကို သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ ဝက်စ်ဟမ်းကွင်းမှာဆိုရင် လက်စတာတို့ ခက်ခဲတတ်ပြီး ရလဒ်လည်းကောင်းလေ့တော့မရှိပါဘူး။ ဝက်စ်ဟမ်းတို့ကတော့ အိမ်ကွင်းလည်း ဖြစ်နေတာမို့ အခုပွဲမှာ လူစုံထုတ်ပြီး နိုင်ပွဲရအောင် စွမ်းဆောင်ပါလိမ့်မယ်။

**ဝက်ဖို့ဒ်နှင့် ဝက်စ်ဘရွန်း**

ဝက်စ်ဘရွန်းတို့က အိမ်ကွင်း၊ အဝေးကွင်းရလဒ်ကောင်းအောင် ကစားနိုင်တဲ့အသင်းအဖြစ် ကြိုးစားနေပါတယ်။ ဝက်စ်ဘရွန်းတို့ဟာ ဝက်ဖို့ဒ်နဲ့ဆုံခဲ့တဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိခဲ့ပါဘူး။ ဝက်စ်ဘရွန်းရဲ့ လက်ရှိခြေစွမ်းက ကောင်းမွန်နေပေမယ့် ဝက်ဖို့ဒ်ကွင်းမှာ ကစားရမယ့်ပွဲမို့ ရမှတ်အပြည့်အဝရဖို့တော့ ခဲယဉ်းပါလိမ့်မယ်။

မိုးမြင့်လင်းလက်

## ဖလားရဖို့ ခြေစွမ်းပိုင်ဆိုင်ထားတဲ့ မန်စီးတီး

၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ရဲ့ ကန့်လန့်ကာကိုတော့ ဖွင့်လှစ်လိုက်ပါပြီ။ အဖွင့်ပွဲမှာ ကစားခဲ့တဲ့ ခြေစွမ်းတွေအရတော့ မန်စီးတီးက အကောင်းဆုံးပဲလို့ ပရိသတ်တွေကဆိုပါတယ်။ မန်စီးတီးမှာ ခြေစွမ်းပြဂိုးတွေသွင်းလေ့ရှိတဲ့ ယာယာတိုရေးဟာ ၂၀၁၂ နဲ့ ၂၀၁၄ မှာ မန်စီးတီးဖလားရခဲ့စဉ်က ခြေစွမ်းကို ပိုင်ဆိုင်ထားတယ်လို့ ကာရေဂါက ဆိုပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကွင်းလယ်ကစားသမား ယာယာတိုရေးဟာ အဖွင့်ပွဲအဖြစ် ဝက်စ်ဘရွန်းနဲ့ ကစားတဲ့ပွဲမှာ သုံးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ ပထမပိုင်းမှာပဲ မန်စီးတီးအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီက သွင်းဂိုးတွေနည်းခဲ့တဲ့ တိုရေးဟာ ဝေဖန်မှုတွေအဆုံးသတ်ခဲ့ပါပြီ။ မန်စီးတီးရဲ့ ကွင်းလယ်ကစားကွက်ကတော့ ပြီးခဲ့တဲ့အပတ်ထဲမှာ ကစားခဲ့တဲ့ပွဲတွေထဲမှာ အကောင်းဆုံးလို့ ကာရေဂါက ဆိုပါတယ်။ ပယ်လီဂရင်းနီရဲ့ မန်စီးတီးအသင်းဟာ ကွင်းလယ်ကစားကွက်သာမက ခံစစ်နဲ့ တိုက်စစ်မှာလည်း အားကောင်းနေတဲ့အတွက် ဒီနှစ်ပရီမီယာလိဂ်ဖလားကို ရယူနိုင်တဲ့ အသင်းပဲလို့ ပြောဆိုနေကြပါတယ်။






## မန်ယူမှ ထွက်ခွာဖွယ်ရှိနေတဲ့ ဟာနန်ဒက်ဇ်

မန်ယူက ဟာနန်ဒက်ဇ်အတွက် ဝက်စ်ဟမ်းရဲ့ ချဉ်းကပ်မှုကို စဉ်းစားနေပြီလို့ ဆိုပါတယ်။ နည်းပြဗန်ဟားလ်က ဟာနန်ဒက်ဇ်ကို စနေနေ့က ကစားခဲ့တဲ့ ပြိုင်ပွဲမှာ လူစားအဖြစ်တောင် ထည့်သွင်းကစားခဲ့ခြင်းမရှိခဲ့ပါဘူး။ ဝက်စ်ဟမ်းက မက္ကဆီကိုကစားသမား ဟာနန်ဒက်ဇ်ကို ပေါင် ၁၂ သန်းခန့်နဲ့ ကမ်းလှမ်းခေါ်ယူဖွယ်ရှိနေတယ်လို့ ဆိုပါတယ်။ အရန်ခုံမှာထိုင်နေရတဲ့ ဟာနန်ဒက်ဇ်ရဲ့ အနာဂတ်ဟာ မရေရာဘဲဖြစ်နေဆဲပါ။ မန်ယူက ဟာနန်ဒက်ဇ်ကို ရောင်းထုတ်ပြီး ဘာစီလိုနာကစားသမား ပက်ဒရိုကို အရခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ မကြာမီမှာ မန်ယူက ပက်ဒရိုကို စာချုပ်မယ့်အနေအထားရှိပါတယ်။ ပြီးခဲ့တဲ့ရာသီက စပိန်ထိပ်သီး ရီးရဲမက်ဒရစ်မှာ သွားရောက်အငှားကစားခဲ့ရတဲ့ ဟာနန်ဒက်ဇ်ဟာ မန်ယူမှ ထွက်ခွာဖို့ သေချာနေပါတယ်။ ဝက်စ်ဟမ်းနည်းပြ ဘီလစ်ကလည်း ဟာနန်ဒက်ဇ်ကို အရခေါ်ယူဖို့ ကြိုးစားနေတယ်လို့ သိရပါတယ်။

## လက်ဝှေ့သမိုင်းမှာ အကောင်းဆုံးလို့ဆိုတဲ့ မေဝဲသား

ကောင်းမြတ်သူ
စုစည်းသည်။

လက်ဝှေ့သမိုင်းမှာတော့ အကောင်းဆုံးလက်ဝှေ့သမားပါလို့ မေဝဲသားက သူ့ကိုသူ ကြေညာလိုက်ပါတယ်။ မေဝဲသားက သူ့ရဲ့ လက်ဝှေ့အစွမ်းဟာ မိုဟာမက်အလီနဲ့ ရောဘတ်တိုဒူရန်တို့ အထက်မှာရှိတယ်လို့ ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလိုက်ပါတယ်။ အမေရိကန်လက်ဝှေ့သမား မေဝဲသားဟာ ပက်ကွီယိုကို အနိုင်ရပြီးနောက် တစ်နှစ်တာအကောင်းဆုံးလက်ဝှေ့သမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်ကုန်ပိုင်းက လက်စ်ဗီးဂတ်မြို့မှာ ပေးအပ်ခဲ့တဲ့ တစ်နှစ်တာအကောင်းဆုံး လက်ဝှေ့သမားဆုပေးပွဲမှာ မေဝဲသားက သူဟာလက်ဝှေ့သမိုင်းမှာ အကောင်းဆုံးကစားသမားလို့ ပြောဆိုခဲ့တာပါ။ သူဟာ ဝိတ်တန်းမတူတဲ့ ပြိုင်ပွဲအမျိုးအစားတွေမှာ ၁၈ နှစ်ကြာအောင် ကမ္ဘာ့ချန်ပီယံဆုတွေကို ထိန်းထားနိုင်တဲ့ လက်ဝှေ့သမားလို့ ဆိုပါတယ်။ ကမ္ဘာမှာ အကောင်းဆုံးလက်ဝှေ့သမားလို့ ပြောဆိုနေတဲ့ မိုဟာမက်အလီထက်ပင် အကောင်းဆုံးလက်ဝှေ့သမားဖြစ်တယ်လို့ ဆိုပါတယ်။ သူဟာ လာမယ့် စက်တင်ဘာလမှာ အန်ဒရေးဘတ်တိုနဲ့လည်း ထိုးသတ်ဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။

# မိုးဦးနှမ်းများရိတ်သိမ်းချိန် အလုပ်သမားရှားပါးမှုကြောင့် လေလွင့်ဆုံးရှုံးမှုများပြား

**မိတ္ထီလာ ဩဂုတ် ၁၂**

မိတ္ထီလာမြို့နယ်၌ မိုးဦးနှမ်းများ ရိတ်သိမ်းချိန်တွင် အလုပ်သမားများ ရှားပါးမှုကြောင့် နှမ်းများလေလွင့် ဆုံးရှုံးမှုများပြီး နှမ်းစိုက်တောင်သူ များအနေဖြင့် စိုက်ပျိုးစရိတ်ပြန်လည် ရရှိရန် အခွင့်အလမ်းနည်းပါးလျက် ရှိကြောင်း သိရသည်။

"မိုးဦးနှမ်းရိတ်သိမ်းချိန်မှာ မိုး အဆက်မပြတ်ရွာသွန်းလို့ ရိတ်သိမ်း ပြီးနှမ်းတွေ အချိန်မီအမိုးအကာ အောက်ရောက်ရှိအောင် အလုပ် သမားတွေ ငှားရမ်းဆောင်ရွက်ရ တယ်။ နှမ်းရိတ်တာအတွက် ယခင် နှစ်က အလုပ်သမားတစ်ယောက်ကို တစ်ရက် ၂၀၀၀ နှုန်းပေးရတယ်။ အခုနှစ်မှာ တစ်ရက် ၃၀၀၀ ပေးပြီး ခေါ်တာကို နှမ်းရိတ်သိမ်းမယ့် အလုပ် သမားရှားနေလို့ အချိန်မီရိတ်သိမ်း နိုင်ခြင်းမရှိဘဲ လေလွင့်ဆုံးရှုံးမှုတွေ ကြုံနေရပါတယ်"ဟု နတ်ကြီးကုန်း ကျေးရွာမှ နှမ်းစိုက်တောင်သူတစ်ဦး က ပြောသည်။

ရွာများရှိ အလုပ်သမားများမှာ နှမ်းရိတ်သိမ်းအလုပ်အစား အခြား လုပ်ငန်းများဖြစ်သည့် ပန်းရံလုပ်ငန်း များ၊ လမ်းခင်းသည့်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သူတွေများလာ သောကြောင့် နှမ်းရိတ်ရန် အလုပ် သမားများကို ခေါ်မရဖြစ်လာကြောင်း သိရသည်။

ထို့အပြင် ယခုနှစ်တွင် နှမ်းများ ရိတ်သိမ်းချိန်၌ မိုးများမကြာခဏ ရွာသွန်းနေမှုကြောင့် ရိတ်သိမ်းပြီး နှမ်းပင်များကို ပုံမှန်ရိတ်သိမ်းသည့် အတိုင်း နေလှန်းခြင်း၊ လေသလပ် ခံခြင်း၊ အခြောက်ခံခြင်းများ မပြု လုပ်ရဘဲ အရွက်ခါခြင်းများသာ ပြုလုပ်၍ သိမ်းဆည်းရသောကြောင့် နှမ်းအထွက်နှုန်း လျော့နည်းကျဆင်း လာကြောင်းသိရသည်။

နှမ်းဈေးနှုန်းမှာလည်း ယခင်နှစ်က နှမ်းတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ကျော်ပေါက်ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၂၃၀၀၀မှ ၂၄၀၀၀ အထိသာ ရောင်းချရသောကြောင့် နှမ်းစိုက်သူ များအနေဖြင့် စိုက်ပျိုးစရိတ်များ ပြန် လည်ရရှိရန်ပင် မလွယ်ကူဘဲ အခက် ကြုံ နေကြရကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# အကောက်ခွန်မဲ့ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**မူဆယ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ် မူဆယ်ခရိုင် ၁၀၅မိုင်ကုန်သွယ်ရေးဇုန် အေးရှားဝေါလ် တိုးဂိတ်တွင် ပိုင်ရှင်မဲ့ယာဉ် Nissan ADEXPERT (MDY 7H/....) ယာဉ်တွင် အကောက်ခွန်မဲ့ ကျောက်စိမ်းတုံးများကို ဩဂုတ် ၈ရက်က ဖမ်းဆီး ရမိကြောင်း သိရသည်။

အဆိုပါ အကောက်ခွန်မဲ့ပစ္စည်းများနှင့် ပိုင်ရှင်မဲ့ယာဉ်ကို မူဆယ်မြို့ဌာန ဆိုင်ရာပေါင်းစုံ ရွေ့လျားလှုပ်ရှား အဖွဲ့တို့မှ ဩဂုတ် ၈ ရက် ညနေ ၆ နာရီက ၁၀၅ မိုင် အေးရှားဝေါလ်တိုးဂိတ်တွင်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အကောက်ခွန်မဲ့ပစ္စည်းများမှာ ကျောက်စိမ်း ဟုယူဆရသော ကျောက်တုံး၊ ခဲ၊ ခြမ်း၊ ဖြတ်စ(အရွယ်စုံ) စုစုပေါင်း (260 kg) ခန့်မှန်းတန်းဖိုး သိန်း ၂၆၀ ပိုင်ရှင်မဲ့ယာဉ် ကာလတန်ဖိုး သိန်း ၆၀ကို ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ကျောက် စိမ်းများကို မြန်မာ့ကျောက်မျက်ရတနာကုန်စည်ဒိုင်သို့လည်းကောင်း၊ ယာဉ်အား အကောက်ခွန်ဦးစီးဌာနသို့ လည်းကောင်း ဩဂုတ် ၁၁ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး (မြန် /ဆက်)**



# သရက်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

**သရက် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ရေများကျသွားပြီဖြစ်သဖြင့် ရေဘေး ကယ်ဆယ်ရေးစခန်းများမှ ပြည်သူများ နေအိမ်များသို့ ပြန်ကြကာ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဩဂုတ် ၁၀ ရက်တွင် စတင်ဆောင်ရွက်နေပြီဖြစ် ကြောင်း သိရသည်။

ရေဘေးရှောင်ပြည်သူများ မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နိုင် ရေးအတွက် နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးဇော်ဇော်ဟန်နှင့် တပ်ဖွဲ့ဝင် ၂၉ ဦး၊ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ၌ ရေပြန်ကျပြီးနောက် ရွှံ့နွံများတင်ကျန်ခဲ့သော ဘုန်းကြီးကျောင်း၊ စာသင် ကျောင်းများနှင့် လူနေအိမ်များတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် ပေးခဲ့သည်။



အိမ်တစ်အိမ်တွင် သန့်ရှင်းရေးလုပ်ပေးနေသော မီးသတ်တပ်ဖွဲ့ဝင်များ။

သရက်ခရိုင်နှင့်မြို့နယ် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဝင် များကလည်း ရေဘေးရှောင်ပြည်သူများ ပြောင်းရွှေ့နေထိုင်သည့် ယာယီကယ် ဆယ် ရေးစခန်းများမှ မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့သည့်အခါ ရေဝင်ရောက်စဉ်က ပျက်စီးသွားသည့် ယင်လုံအိမ်သာများ ပြန်လည်ပြင်ဆင် ခြင်း၊ ရေတွင်းရေကန်များ ပြန်လည်ပြင်ဆင်ကာ ရေကြည်ရေသန့်ရရှိရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး တို့ကိုလည်း ဆောင် ရွက်ပေးလျက်ရှိသည်။

ရေကြီးရေလျှံမှုကြောင့် ခေတ္တပိတ်ထားရသည့် စာသင်ကျောင်းများကိုလည်း အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကာ လမ်း တံတားများ ပျက်စီးမှုများကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွား သည့်နေရာများကိုလည်း အမြန်ပြီးစီးအောင် ပြင်ဆင်လျက်ရှိသည်။ ရွှေ့ပြောင်း ရသည့် ကျေးရွာများရှိ တိရစ္ဆာန်များ ရောဂါကင်းစင်ရေး၊ ရေလွှမ်းသည့် လယ် ယာမြေများတွင် အစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးတို့ကိုလည်း ခရိုင်အုပ်ချုပ် ရေးမှူး ဦးတေဇာအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်တို့၏ ဦးဆောင် မှုဖြင့် ဝန်ထမ်းများက တာဝန်များခွဲ၍ ဆောင်ရွက်လျက်ရှိသည်။

သရက်မြို့နယ်သာမက သရက်ခရိုင်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သည့် အောင်လံမြို့နယ်၊ ကံမမြို့နယ်၊ မင်းလှမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်များတွင် လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန များက ဦးဆောင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# တောင်ကလေးဆရာတော်နှင့်အဖွဲ့က ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ဘားအံ ဩဂုတ် ၁၂**

မြန်မာနိုင်ငံအတွင်း သဘာဝ ဘေးအန္တရာယ် ကျရောက်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး မှ ပြည်သူများသို့ လှူဒါန်းရန်အတွက် ကရင်ပြည်နယ် ဘားအံမြို့မှ တောင် ကလေးဆရာတော် ဒေါက်တာအရှင် ပညာသာမိ(တောမှီရဟန်း)ဦးဆောင် သောအဖွဲ့သည် မော်တော်ယာဉ်ကြီး သုံးစီး၊ မော်တော်ယာဉ်ငယ်လေးစီးဖြင့် လှူဒါန်းပစ္စည်းများ တင်ဆောင်ကာ ဩဂုတ် ၈ ရက်က ဘားအံမြို့မှ ထွက်ခွာခဲ့ကြောင်း သိရသည်။

၁၂ ဘီးမော်တော်ယာဉ်ကြီး သုံးစီး တွင် လှူဒါန်းပစ္စည်းများဖြစ်သော အဝတ်အထည်၊ ဆေးဝါး၊ ရေသန့် ဆေးဘူးများ၊ စားသောက်ကုန် ပစ္စည်းများ၊ ကျောင်းသုံးစာရေး ကိရိယာများနှင့် မိုးကာအစရှိသော လူသုံးကုန်ပစ္စည်းများကို တင်ဆောင် ထားပြီး ယာဉ်ငယ်လေးစီးပေါ်တွင် ကြီးကြပ်ဆောင်ရွက်မည့် တာဝန်ရှိသူ များ၊ လုပ်အားပေးလူငယ်များ လိုက် ပါသွားခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

အဆိုပါ အလှူယာဉ်ကြီးများမှ တစ်စီးသည် မကွေးတိုင်းဒေသကြီး အတွင်း စေတုတ္တရာမြို့နယ်နှင့် မင်းလှမြို့နယ်များမှ ရေဘေးသင့် ပြည်သူများထံသို့ သွားရောက်လှူဒါန်း မည်ဖြစ်ပြီး နှစ်စီးမှာ ချင်းပြည်နယ် အတွင်း သဘာဝဘေးအန္တရာယ်ကျ ရောက်နေသောဒေသများမှ ပြည်သူ များထံသို့ သွားရောက်လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့ မာဃလူမှုကူညီရေး အသင်းကလည်း ရေဘေးသင့်ပြည်သူ များအတွက် အလှူပစ္စည်းများကို ပေးပို့လှူဒါန်းလျက်ရှိရာ လူသုံးကုန် နှင့် စားသောက်ကုန်ပစ္စည်းများတင် ဆောင်ထားသော ခြောက်ဘီးကား တစ်စီး၊ မော်တော်ယာဉ်ငယ် သုံးစီး နှင့် သံလွင်အနောက်ဘက်ခြမ်း မာဃ လူမှုကူညီရေးအသင်းမှ လူနာတင် ယာဉ်တစ်စီးနှင့် ပူးပေါင်းကာ ဘားအံမြို့မှ ဩဂုတ် ၉ ရက်က ထွက်ခွာခဲ့ကြောင်းနှင့် ရန်ကုန်မြို့၌ ဆန်နှင့်ရေသန့်ဘူးများဝယ်ယူ၍ ၁၂ ဘီး မော်တော်ယာဉ်ကြီးတစ်စီးဖြင့် ထပ်မံတင်ဆောင်ကာ မကွေးတိုင်း ဒေသကြီး စေတုတ္တရာမြို့နယ်အတွင်း မှ ရေဘေးသင့်ဒေသများရှိပြည်သူ များထံသို့ သွားရောက်လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



# မှန်ကန်သော မဲစာရင်းကြေညာနိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်

**ကျောက်ဆည် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက် ဆည်မြို့နယ်တွင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၌ ပြည့်စုံမှန်ကန် သောမဲစာရင်း ဒုတိယအကြိမ်ကြေညာ နိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်း အဝေးကို ဩဂုတ် ၁၀ရက်က ကျင်းပ ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်ရွေး ကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသက်ထွန်းက အမှာစကား ပြော ကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်အောင်လွင်က ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-ဂ)အရေအတွက် ပေါ်မူတည်၍ ကွန်ပျူတာအတွင်း စာရင်းထည့် သွင်းမှုလုပ်ငန်းကို သတ်မှတ်ရက် အတွင်း ပြီးစီးနိုင်ရေးတို့အတွက် မြို့နယ်မဲစာရင်း ပြုစုရေးအဖွဲ့မှ ကြီးကြပ်ရေး၊ မဲစာရင်းမှန်ကန်စေ ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူမကျန်ရှိစေ ရေးအတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြား မရှိသူများ၏ ပုံစံ (၆၆/၆) မူရင်းများတောင်းခံရယူပြီး တစ်ဦး ချင်း သေချာစိစစ်ရေးသွင်းမှုပြုရေးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ မဲစာရင်းများ အား ရုံးသုံးကွန်ပျူတာစက်ဖြင့် ပြီးစီး အောင် အချိန်မီ ရိုက်သွင်းရေး၊ ကွန်ပျူတာအတွင်း စာရင်းထည့်သွင်း ပြီးသည့် ကျေးရွာအုပ်စုများ၏ မဲစာ ရင်းကို ထပ်မံစစ်ဆေးညှိနှိုင်းဆွေးနွေး ကြောင်း သိရသည်။ **သက်မောင်**

# ရက်ရှည်မိုးကြောင့် ကျောက်ပန်းတောင်းမြို့နယ်၌ နှမ်းအထွက်နှုန်းလျော့ကျ

**ကျောက်ပန်းတောင်း ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ယခုနှစ်စိုက်ပျိုးခဲ့သည့်မိုးနှမ်းများကို နှုတ်သိမ်းနေကြပြီဖြစ်ရာ အပင်အား၊ အပွင့်အားယူချိန်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့ခြင်းနှင့် အသီးအပွင့်လှိုင်ချိန်တွင် ရက်ရှည်မိုးဖွဲရွာသွန်းခဲ့ခြင်းများကြောင့် သီးနှံအထွက်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။

မိုးရက်ရှည်ရွာသွန်းခဲ့ခြင်းကြောင့် အချို့နေရာများတွင် ဒေသအခေါ် ရိုးမဲဆွဲသည်ဟုခေါ်သည့် ပင်စည်ပိုးကျခြင်းများဖြစ်ခဲ့ပြီး သီးနှံအထွက်နှုန်း ထိခိုက်မှုရှိခဲ့ကြောင်းနှင့် အချို့ဒေသများတွင်မူ ထိုက်သင့်သလောက် ရရှိကြကြောင်း သိရသည်။

"မိုးကတကယ်လိုတဲ့အချိန်မှာတော့ အပင်တွေ ရေဝအောင်မရွာဘူး။ ရွက်ဖျန်းမိုးလောက်ပဲ မစိုမစွတ်ရွာခဲ့တာ။ ပြီးတော့ မိုးကမညီဘူး။ တစ်ချို့ရွာတွေဘက်မှာတော့ အပင်နဲ့မိုးနဲ့ အကိုက်လောက်ဖြစ်အောင်ရွာခဲ့တယ်။ ကျွန်တော်တို့ဘက်မှာတော့ မိုးကတဖွဲဖွဲနဲ့ဆိုတော့ အပင်တွေရိုးမဲဆွဲသွားပြီး အသီးက အကုန်မအောင်တော့ဘူး" ဟု စမ်းတွင်းကြီးကျေးရွာမှ တောင်သူဦးသိန်းဝင်းက ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဇူလိုင်လ၌ နှစ်စဉ်မိုးရွာသွန်းမှုမရှိသဖြင့် တောင်သူများ မိုးမျှော်ကြရလေ့ရှိသော်လည်း ယခုနှစ်တွင် မုတ်သုံအားကောင်းခြင်းနှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းအရှိန်တို့ကြောင့် မိုးရွာခဲ့ပြီး မြို့နယ်၏အချို့ဒေသများတွင် နှမ်းသီးနှံအကြိုက် မိုးရေရရှိခဲ့ကြကာ အချို့ဒေသများတွင် မိုးအုံ့၍ရက်ရှည် တဖွဲဖွဲရွာသဖြင့် နှမ်းများအပင်အားကောင်းသော်လည်း အထွက်နှုန်းလျော့ကျခဲ့ခြင်းဖြစ်သည်။

နှမ်းဈေးမှာစိုက်ပျိုးချိန်က မျိုးနှမ်း နှမ်းအဖြူတစ်တင်းလျှင် ငွေကျပ်လေးသောင်းနှင့် နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀ ပေး၍ ဝယ်ယူစိုက်ပျိုးခဲ့ကြရပြီး ယခုနှမ်းပေါ်ချိန်တွင် ပေါ်ဦးပေါ်ဖြားဈေးမှာ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၂၈၀၀၀ မှ ၃၀၀၀၀ ခန့်သာ ရှိနေသည်။

ထို့အပြင် ရာသီဥတုအခြေအနေမှာလည်း မကြာခဏ မိုးရွာနေသဖြင့် နှမ်းနှုတ်၊ နှမ်းထောင်းခြင်းလုပ်ငန်းများကို လူငှား၍ အလျဉ်စလိုဆောင်ရွက်နေရသောကြောင့် ကုန်ကျစရိတ်ပိုများလျက်ရှိကြောင်း သိရသည်။ အချိန်လုလုပ်ဆောင်နေကြရသဖြင့် အလုပ်သမားများကို အလုအယက်ခေါ်ယူနေကြရပြီး အလုပ်သမားဈေးကြီးမြင့်မှုနှင့် ရှားပါးမှုကိုပါ ကြုံတွေ့နေကြရကြောင်း သိရသည်။ လုပ်သားတစ်ဦးလျှင် လုပ်ခ ကျပ် ၃၀၀၀ ပေးရကြောင်းနှင့် တစ်ဧကလျှင် လူငါးယောက်မှ ရှစ်ယောက်အထိ ငှားရကြောင်း သိရသည်။

အချို့တောင်သူများမှာ နှမ်းစည်း၊ နှမ်းထောင်မပါဘဲ နှမ်းနှုတ်နှင့်နှမ်းပုံလုပ်ငန်းအတွက် အခင်းပြတ်အဖြစ် ငွေကျပ်တစ်သိန်းမှ တစ်သိန်းခွဲအထိပေး၍ အချိန်လုလုပ်ဆောင်နေကြရာ နှမ်းစိုက်တောင်သူများအတွက် ကုန်ကျစရိတ်များသော်လည်း နေ့စားလုပ်သားများမှာမူ အလုပ်အကိုင်ပေါများပြီး ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

**နေအောင် (ပြန် /ဆက်)**



# ဒူးရင်းဆိပ်ကျေးရွာတွင် ရေပြန်ကျပြီးနောက် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**သထုံ ဩဂုတ် ၁၂**

သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာတွင် လွန်ခဲ့သောရက်များက မိုးများခြင်းနှင့် တောင်ကျချောင်းရေများကျဆင်းခြင်းကြောင့် ဒုံသမိချောင်းရေမြင့်တက်ကာ အနိမ့်ပိုင်းရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရေများပြန်လည်ကျဆင်းနေပြီဖြစ်ရာ ရေကြီးစဉ်က တင်ကျန်ခဲ့သည့် အမှိုက်များနှင့် ချုံနွယ်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေတွင်းရေကန်များတွင် ရေသန့်ဆေးခတ်ပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်းများကို ဩဂုတ် ၁၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သထုံတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံပရဟိတအဖွဲ့နှင့် ပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ကျော်စုပေါင်း၍ ဒူးရင်းဆိပ်ကျေးရွာ ကားလမ်းဘေးဝဲယာနှင့် ကျေးရွာအတွင်းရှိ ရေကျဆင်းခဲ့သည့် နေရာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

"ရေကျသွားပြီဆိုတော့ ဒီနေ့မှာ ရေတွင်းတွေကို ကလိုရင်းဆေးခတ်ပြီး ရေမြုပ်ခဲ့တဲ့ တွင်းတွေကိုတော့ ရေအကုန်စုပ်ထုတ်ရမှာပါ။ သွေးလွန်တုပ်ကွေးမဖြစ်ပွားရအောင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်တာ၊ အဘိတ်ဆေးခတ်တာတွေအပြင် အရေးကြီးတဲ့နေရာတွေကို ခြင်ဆေးမှုတ်ပေးခဲ့ပါတယ်။ ရေဘေးကယ်ဆယ်ရေးစခန်းမှာတော့ ဆေးခန်းကို အချိန်ပြည့်ဖွင့်ထားပြီး ရွာထဲမှာရှိတဲ့ ဆေးခန်းမလာနိုင်တဲ့သူတွေအတွက် မိုဘိုင်းစနစ်နဲ့ လိုက်လံကုသပေးပါတယ်။ နောက်ပြီးယင်လုံအိမ်သာသုံးစွဲဖို့ ပညာပေးပြီး ပျက်စီးသွားတဲ့ အိမ်သာတွေကိုလည်း ပြန်လည်ပြင်ဆင် ဆောက်လုပ်ဖို့ ကျွန်တော်တို့ မြို့နယ်ကျန်းမာရေးဌာန၊ တိုင်းရင်းဆေးဌာနနဲ့ ဒီမြို့မှာဖွဲ့ထားတဲ့ ကျန်းမာရေးလူမှုအဖွဲ့အစည်း၊ ကြက်ခြေနီစတဲ့အဖွဲ့တွေနဲ့ ပူးပေါင်းလုပ်ဆောင်သွားမှာပါ"ဟု မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဦးစိုးအောင်က ပြောသည်။

ရေဘေးကယ်ဆယ်ရေးစခန်းများမှ နေအိမ်များသို့ ပြောင်းရွှေ့မှုအခြေအနေနှင့်ပတ်သက်၍ စခန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "ရေက လေးပေလောက်ပြန်လျော့ကျသွားလို့ အချို့လည်း အိမ်ပြန်ကြပါပြီ။ ရေဘေးကယ်ဆယ်ရေးစခန်းနှစ်ခုမှာ ယခင်က အိမ်ထောင်စုပေါင်း ၉၉ စုမှ လူဦးရေ ၄၃၉ ဦးရှိရာက ဒီနေ့တော့ အိမ်ထောင်စု ၃၆ စုက လူဦးရေ ၁၄၉ ဦးက အိမ်ပြန်ကြလို့ ဒီကတပ်မတော်သားတွေနဲ့ လူမှုအဖွဲ့အစည်းတွေက ကူညီပို့ဆောင်ပေးခဲ့ပါတယ်။ ခုချိန်ထိတော့ ရေက နေရာအားလုံးမကျသေးလို့ တစ်ချို့လည်း အိမ်ပြန်ဖို့ ခက်ခဲနေပေမယ့် ဆက်လက်ကျဆင်းနေတာဖြစ်လို့ မကြာခင် အကုန် အိမ်ပြန်နိုင်ကြတော့မှာပါ" ဟု ပြော သည်။

**သက်ဦး(သထုံ)**



# ရေကြီးနစ်မြုပ်လယ်မြေများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် ပုသိမ်စက်မှုလယ်ယာက ကူညီထွန်ယက်မည်

**ပုသိမ် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်း ရေကြီးမှုကြောင့် နစ်မြုပ်ပျက်စီးခဲ့သော လယ်ယာမြေများတွင် မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ပုသိမ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ကြီးများဖြင့် ကူညီထွန်ယက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သာပေါင်းမြို့နယ်အတွင်းမှ လယ်ယာများကို ပုသိမ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၁)စက်မှုလယ်ယာစခန်းမှ ကူဘိုတာထွန်စက်ကြီး ငါးစီးဖြင့် ထွန်ယက်ပေးသွားမည်ဖြစ်ပြီး မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဇော်ထွန်းခေါင်းဆောင်၍ စက်မောင်းစက်ပြင် ၁၀ ဦး၊ ကြီးကြပ်သူလေးဦးက ထွန်စက်များနှင့်အတူ စက်မှုလယ်ယာစခန်းမှ သာပေါင်းမြို့နယ်သို့ ဩဂုတ် ၁၀ ရက်က ထွက်ခွာခဲ့ပြီး တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်များသို့ ဝင်ရောက်ကူညီရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**သရက် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ကံမပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများက ကံမမြို့ သာသနာ့ဗိမာန်ဓမ္မာရုံ၌ ဩဂုတ် ၁၀ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကံမပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် အာယုပါလသွေးအကူအညီပေးရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ကိုဖိုးဇော်နှင့် ဒေါက်တာအောင်ကြီးတို့ ပူးပေါင်းပါဝင်သည့်အဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ရေဘေးသင့်ပြည်သူ ၂၀၀ ကျော်ကို စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ "အာယုပါလသွေးအကူအညီပေးရေးအဖွဲ့ကို ဒဂုံမြောက်က ပရဟိတစိတ် ရှိတဲ့လူတွေ စုပေါင်းတည်ထောင်ထားတာပါ။ အခု ရေဘေးကယ်ဆယ်ရေးမှာ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ ရွှေဟင်္သာတောရအုပ်စုက ဦးရေ ၁၄၀ကျော်၊ မကွေး တိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ ဦးရေ ၂၀၀ ကျော်နဲ့ ကံမမြို့နယ်မှာ လူဦးရေ ၃၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်ခဲ့ပါတယ်"ဟု အာယုပါလသွေးအကူအညီပေးရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ကိုဖိုးဇော်က ပြောသည်။

**ပေါက်ကလေး(သရက်)**

# ကျောင်းကျန်းမာရေးသီတင်းပတ် နေပြည်တော်ပျဉ်းမနား၌ ဆောင်ရွက်

**ပျဉ်းမနား ဩဂုတ် ၁၂**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ကျောင်းကျန်းမာရေး သီတင်းပတ်ကို ဩဂုတ် ၁၀ ရက်မှ ၁၄ ရက်အထိ နေ့အလိုက် လုပ်ငန်းစဉ် ငါးရပ်ဆောင်ရွက်ရန် သတ်မှတ်ထားလျက်ရှိရာ နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပေါင်းလောင်းရပ်ကွက်ရှိ အခြေခံပညာမူလွန်ပေါင်းလောင်းကျောင်း၌ ဒုတိယ နေ့အဖြစ် ဩဂုတ် ၁၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းအုပ်ဆရာကြီး ဦးစိုးစိုးနှင့် ဆရာ ဆရာမ ၂၀ တို့ ဝိုင်းဝန်းကူညီမှုဖြင့် ကျောင်းကျန်းမာရေးဌာနတာဝန်ခံ ဒေါက်တာ ဝါဝါညွန့်ရွှေ၊ သွားဆရာဝန် ဒေါက်တာအမာချစ်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၇၄၅ ဦးတို့ကို ဘီတာမင်အေတိုက်ကျွေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# မြေ . . . ဘာကြောင့်ပြိုရတယ်

သိပ္ပံစာရေးဆရာကိုကိုအောင်

**မြန်မာကလေးသူငယ်တို့၏ ကျောင်းသင်ခန်းစာ တစ်ခုထဲ၌ ထန်းလက်ခြောက်ပေါ်သို့ ထန်းသီးကြွေကျ သည်ကို မြေပြိုသည်အထင်ဖြင့် ထွက်ပြေးသော ယုန်တစ်ကောင်ကြောင့် တစ်တောလုံးရှိတိရစ္ဆာန်များထိန်းမနိုင်သိမ်းမရ အော်ဟစ်ပြေးလွှားခဲ့ကြရသော ပုံပြင်တစ်ပုဒ်ကို ထည့်သွင်းဖော်ပြထားခဲ့သည်။ ကျိုးကြောင်းဆင်ခြင်မှု မရှိသော ယုန်ကြောင့် တိရစ္ဆာန်များ ဒုက္ခတွေ့ကြရပုံကို ဘဝတစ်သက်တာလုံးအတွက် မှတ်သားဖွယ်ဖြစ်အောင် ထိုပုံပြင်ကလေးက စွမ်းဆောင်နိုင်ခဲ့သည်။**

တကယ့်လက်တွေ့ လူ့ဘဝများထဲ၌မူ ပုံပြင်ထဲက ယုန်ကလေးကဲ့သို့ အစိုးရိမ်လွန်ပြီး ထွက်ပြေးခြင်းမျိုးမရှိကြသော်လည်း မြေပြိုကျနိမ့်ဆင်းလာနေသည်ကိုပင် သတိမမူမိဘဲ ထွက်မပြေးကြသည့်အတွက် အရှင်လတ်လတ်မြေကြီးအောက် ရောက်သွားကာ အသက်ဆုံးရှုံးမှုများနှင့်ကြုံတွေ့ကြရလျက်ရှိသည်။ ပုံပြင်ထဲ၌ ထန်းသီးကြွေကျသံကို မြေပြိုသံဟု ယုန်ကလေးက ထင်မှတ်မှားခဲ့သော်လည်း လက်တွေ့ဘဝ ပကတိအခြေအနေ၌မူ မြေပြိုကျသံဟူ၍ မကြားရနိုင်သောကြောင့် သတိမပြုမိကြခြင်းလည်းဖြစ်သည်။

ကမ္ဘာအရပ်ရပ်တွင် မြေပြိုမှုကြောင့် နှစ်စဉ်လူပေါင်းထောင်နှင့်ချီ၍ သေဆုံးနေကြရပြီး ထိခိုက်ဒဏ်ရာရသူများမှာလည်း အများအပြားပင်ရှိနေခဲ့သည်။ လျှင်ကြောင့် မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် မြေပြိုခြင်း၊ ပင်လယ်ကမ်းရိုးတန်း မြေပြိုခြင်း၊ မြစ်ကမ်းဘေးနှင့်ချောင်းကမ်းပါးများမြေပြိုခြင်း၊ သတ္တုတွင်းများ မြေပြိုခြင်း၊ ဥမင်လိုဏ်ခေါင်းမြေပြိုခြင်း၊ တံတားချဉ်းကပ်လမ်းမြေပြိုခြင်း၊ စီမံကိန်းလုပ်ငန်းခွင်အတွင်း မြေပြိုခြင်းစသည်ဖြင့် မြေပြိုမှုဖြစ်စဉ် အမျိုးမျိုးတို့ကြောင့် သေဆုံးကြရသူလူဦးရေမှာ စစ်ပွဲများ၌ သေဆုံးနေကြရသူများ၏ လေးပုံတစ်ပုံခန့်ပင်ရှိနေသည်။

မြေပြိုခြင်းသည် အဓိကအားဖြင့် သဘာဝဘေးအန္တရာယ်တစ်ရပ်ဖြစ်သော်လည်း ကမ္ဘာအနှံ့ဖြစ်ပွားခဲ့သည့် မြေပြိုမှုအားလုံးကမူ ရာနှုန်းပြည့်သဘာဝဘေးအန္တရာယ်များမဟုတ်ခဲ့ကြပေ။ လူ့ပယောဂကြောင့်ဖြစ်ရသော မြေပြိုမှုများက ရာခိုင်နှုန်းတစ်ရပ်အဖြစ်ပါဝင်ခဲ့သည်။ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်၌ မြေတူးရာမှထွက်ပေါ်လာသော မြေစိုင်မြေခဲများကို စုပုံစွန့်ပစ်ရာမှ မြေပြိုကျခြင်းကြောင့် အလုပ်သမားများနှင့်ယာဉ်၊ ယန္တရားအချို့မြေကျွံပြီး ထိခိုက်ဒဏ်ရာရသေဆုံးရခြင်းမျိုးနှင့် အောက်ခံမြေသားလွှာ၏ ခံနိုင်ရည်အားကို စနစ်တကျစမ်းသပ်ခြင်းမပြုဘဲ အုတ်မြစ်ချတည်ဆောက်ခဲ့ခြင်းကြောင့် မြေကျွံပြီးအဆောက်အအုံပြိုကျခြင်းမျိုးတို့သည် လူ့ပယောဂကြောင့် မြေပြိုရခြင်း၏ နမူနာတချို့ဖြစ်ကြသည်။

မြေပြိုမှုကို ဖြစ်စေသော အကြောင်းအရင်းအမျိုးမျိုးရှိသော်လည်း မြေပြိုမှုဖြစ်ရခြင်း၏ အဓိကအချက်မှာ မြေသား၏ကျစ်လျစ်သိပ်သည်းမှုလျော့ချပြီးခံနိုင်ရည်အား ကျဆင်းသွားခြင်းပင်ဖြစ်သည်။ မြေပြိုမှုဖြစ်ရပ်များ၏ အကြောင်းရင်းအမျိုးမျိုးကို သဘာဝဖြစ်စဉ်နှင့် လူ့ပယောဂဖြစ်စဉ်ဟူ၍ ခွဲခြားလေ့လာနိုင်သည်။

**လျှင်ကြောင့် မြေပြိုခြင်း**

အင်အားပြင်းထန်သော မြေငလျင်လှုပ်ခတ်သည့်အခါ ဘူမိသွင်ပြင်ရုတ်ခြည်း ပြောင်းလဲသွားမှုကြောင့် မြေပြိုခြင်းဖြစ်ပွားနိုင်သည်။ ငလျင်ပြင်းအားအပေါ်မူတည်ပြီး မြေပြိုမှုအတိုင်းအတာမှာ အက်ကွဲနိမ့်ကျခြင်းမှသည် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားခြင်းအထိပင် ဖြစ်နိုင်ခြေရှိသည်။

**မြေပြိုခြင်းမှ ကြိုတင်ကာကွယ် တားဆီးနိုင်သော နည်းလမ်းကောင်း တစ်ရပ်မှာ နှစ်ရှည်သစ်ပင်ကြီးများကို လူတို့ အခြေချနေထိုင်ရာ မြို့ရွာများ၏ အနီးတစ်ဝိုက်၌ စနစ်တကျ စိုက်ပျိုးထားခြင်းပင် ဖြစ်သည်။**

**မီးတောင်ပေါက်ကွဲမှုကြောင့် မြေပြိုခြင်း**

ကမ္ဘာအရပ်ရပ်ရှိ မီးတောင်များ ပေါက်ကွဲပွင့်အန်သည့်အခါ အလွန်ပြင်းထန်သော တုန်ခါမှုကြီးကြောင့် မြေမျက်နှာသွင်ပြင်၏ မူလအနေအထား ပျက်ယွင်းကာ မြေပြိုကျမှုများဖြစ်ပွားနိုင်သည်။ ပင်လယ်ကမ်းရိုးတန်းရှိ ရေအောက်မီးတောင်များ ပေါက်ကွဲသည့်အခါမျိုး၌လည်း ရေအောက်မြေပြိုမှုနှင့်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မြေပြိုမှုများ ဖြစ်ပွားလာနိုင်သည်။ ပင်လယ်ပြင်အတွင်းရှိ ကျွန်းပေါ်၌မီးတောင်ပေါက်ကွဲမှုကြောင့် မြေပြိုမှုအကြီးအကျယ်ဖြစ်ပေါ်ကာ ကျွန်းတစ်ကျွန်းလုံး ပင်လယ်ရေအောက်ရောက်ရှိသွားပြီး စုံးစုံးမြုပ်သွားခဲ့သည့် ဖြစ်ရပ်မျိုးပင်ရှိခဲ့ဖူးသည်။

**ပင်လယ်ကမ်းရိုးတန်း မြေပြိုခြင်း**

ပင်လယ်ဒီရေလှိုင်းလုံးကြီးများ၏ ရိုက်ပုတ်မှုဒဏ်ကို အမြဲတမ်းခံနေရသော ကမ်းရိုးတန်းဒေသရှိကုန်းမြင့်တောင်စောင်းများ၏ အောက်ခံမြေသားများ လှိုက်စားခံရမှု ကာလနှစ်ပရိစ္ဆေဒကြာညောင်းလာသည့်အခါ



ကမ်းရိုးတန်းမြေပြိုမှုဖြစ်ပွားနိုင်သည်။ အင်အားပြင်းထန်သော ဆူနာမီလှိုင်းတံပိုးကြီးများ၏ တွန်းတိုက်ဖျက်ဆီးမှုဒဏ်ကို ကြိမ်ဖန်များစွာခံရလျှင် ကမ်းရိုးတန်းမြေပြိုမှုဖြစ်ပွားနိုင်ခြေ ပို၍ရှိနေသည်။ ဒီရေလှိုင်းများသည် အလွန်ကျယ်ဝန်းပြန့်ပြူးသော သဲသောင်ခုံများ၌ပင် လိုဏ်ခေါင်းကြီးများကို ဖြစ်ပေါ်စေနိုင်ပြီး သဲသောင်ပြင်နိမ့်ဆင်းပြိုကျမှုကိုဖြစ်စေနိုင်သည်။ သို့ဖြစ်၍ ပင်လယ်ကမ်းရိုးတန်းနှင့်ကီလိုမီတာ ၃၀ အကွာအဝေးအတွင်း၌ ရှိနေသော မြို့ရွာများသည် တစ်ချိန်ချိန်၌ မြေပြိုမှုနှင့် ကြုံတွေ့ကြရနိုင်သည်။

**မြစ်ကမ်းဘေး၊ ချောင်းကမ်းပါးများ မြေပြိုခြင်း**

ရာသီမရွေးအလျဉ်မပြတ်စီးဆင်းနေသည့် မြစ်ချောင်းများ၏ ကမ်းပါးများ၌လည်း မြေပြိုမှုဖြစ်ပွားနိုင်သည်။ မြစ်ရေချောင်းရေ ပုံမှန်တိုက်စားခြင်း၊ မိုးရွာသွန်းမှု အလွန်များပြားသည့်အခါမျိုးနှင့် ဆည်၊ တမံများ ကျိုးပေါက်ပြိုပျက်သည့်အခါမျိုးများ၌ ပုံမှန်မဟုတ်သော ရေထုကြီးကြောင့် မြစ်ကြောင်းလမ်းကြောင်း သွေဖည်ပြောင်းလဲစီးဆင်းခြင်း၊ ရေယာဉ်များ ခုတ်မောင်းသွားလာမှုများပြားလွန်းခြင်း၊ ကမ်းပါးနံရံများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုမရှိခြင်း၊ မြစ်ကမ်းပါး၌ အဆောက်အအုံများကို စည်းကမ်းမဲ့စွာ ဆောက်လုပ်နေထိုင်ခြင်း စသည်တို့သည် မြစ်ချောင်းကမ်းပါးမြေပြိုမှုကို ဖြစ်ပေါ်လာစေနိုင်သော အကြောင်းရင်းများ ဖြစ်ကြသည်။

**တောင်စောင်း၊ ချောက်ကမ်းပါးများ မြေပြိုခြင်း**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခြင်း၊ သစ်ပင်သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကားလမ်းနှင့် ရထားလမ်းများ ဖောက်လုပ်သည့်အခါ မြေသားနံရံများကိုဖြိုဖျက်ခြင်း၊ မြေထိန်းနံရံများကို စနစ်တကျ ပြုလုပ်ထားမှုမရှိခြင်း၊ ကမ်းပါးယံအစွန်းများ၌ အဆောက်အအုံဆောက်လုပ်နေထိုင်ခြင်း စသည်တို့ကြောင့် တောင်စောင်း၊ ချောက်ကမ်းပါးများ၌ မြေပြိုမှု ဖြစ်ပွားနိုင်သည်။ တောင်စောင်း၊ ချောက်ကမ်းပါးများ၌ မြေပြိုမှု ဖြစ်ပွားသည့်အခါ ကယ်ဆယ်ကူညီရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာဆောင်ရွက်ရန် အခက်အခဲရှိတတ်သည့်အတွက် အသက်ဆုံးရှုံးနိုင်ခြေ ပို၍ရှိနေသည်။

**သတ္တုတွင်းများ မြေပြိုခြင်း**

သတ္တုမိုင်းများ၌ မြေပြိုခြင်းကို ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌ အများဆုံးတွေ့ကြုံရလေ့ရှိသည်။ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း၊ ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်မှု အားနည်းခြင်း၊ စံမမီသော ပစ္စည်းများကို အသုံးပြုခြင်း၊ ဖြစ်နိုင်ခြေအပေါ် လျှော့ပေါ့တွက်ဆခြင်း၊ မိုင်းလုပ်သားများ အသိပညာဗဟုသုတနည်းပါးခြင်း၊ ကုန်ကျစရိတ်သက်သာရေးကိုသာ ဦးစားပေးဆောင်ရွက်ခြင်း စသောအချက်များသည် ကမ္ဘာအရပ်ရပ်ရှိ သတ္တုတွင်းအချို့ကို မြေပြိုကျမှုဖြစ်စေသော အကြောင်းတရားများ ဖြစ်ကြသည်။

**ဥမင်လိုဏ်ခေါင်း မြေပြိုခြင်း**

ရထားလမ်းနှင့် မော်တော်ကားလမ်းများ ဖောက်လုပ်သည့်အခါ တောတောင်အထပ်ထပ်ကိုပတ်၍ ဖောက်လုပ်ခြင်းထက်တောင်အချို့ကို ဥမင်လိုဏ်ခေါင်းဖောက်၍ ဆောင်ရွက်ခြင်းက ပိုမိုထိရောက်သည့် အားလျော်စွာ လမ်းစီမံကိန်းအချို့၌ ဥမင်လိုဏ်ခေါင်း ဖောက်လုပ်မှုက တစ်စိတ်တစ်ပိုင်း ပါဝင်နေလေ့ရှိသည်။ ဖောက်လုပ်ထားသည့် ဥမင်၏အပေါ်နှင့် ဘေးပတ်လည်ရှိ မြေသားများသည် လိုဏ်ခေါင်းဖောက်ရာ၌ အသုံးပြုသည့် ဧရာမလွန်သွားစက်ကြီးများ၏ တုန်ခါမှုဒဏ်ကြောင့် အတွင်း၌လှိုက်၍ အက်ကွဲနေခဲ့လျှင် တစ်ချိန်ချိန်၌ ဥမင်လိုဏ်ခေါင်း မြေပြိုကျမှုဖြစ်ပွားလာနိုင်သည်။

**တံတားချဉ်းကပ်လမ်း မြေပြိုခြင်း**

မြစ်ချောင်းများကို ကျော်ဖြတ်နိုင်ရန် တံတားများ တည်ဆောက်ကြရာ၌ တံတားချဉ်းကပ်လမ်းများကိုလည်း တစ်ပါတည်း တည်ဆောက်ကြရသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထုထည်ပမာဏ အလွန်များသော မြစ်ရေ၊ ချောင်းရေများ တစ်ဟုန်ထိုး စီးဆင်းသည့်အခါ တံတားရေလယ်တိုင်များ၏ ကြံ့ခိုင်မှုကို ထိပါးလျော့ကျစေသည့်အတွက် တုန်ခါလှုပ်ယမ်းလာသော တံတားကြောင့် ချဉ်းကပ်လမ်းမြေသားများ ပြိုကျမှုဖြစ်ပွားတတ်သည်။

**စီမံကိန်းလုပ်ငန်းခွင်အတွင်း မြေပြိုခြင်း**

အထပ်မြင့် အဆောက်အအုံများဆောက်လုပ်ခြင်း၊ စက်ရုံကြီးများဆောက်လုပ်ခြင်း၊ မွေးမြူရေးကန်များ ဖော်ထုတ်ခြင်း၊ ရေနံနှင့်ဓာတ်ငွေ့ ပိုက်လိုင်းလမ်းကြောင်း တူးဖော်ခြင်း၊ ရွှေတူးဖော်ခြင်း၊ ကျောက်မျက်တူးဖော်ခြင်း၊ ကျောက်မီးသွေးတူးဖော်ခြင်းစသော စီမံကိန်းလုပ်ငန်းများတွင် တူးဆွဖော်ထုတ်ထားသော မြေစိုင်မြေခဲများကို သင့်လျော်ရာ နေရာတစ်ခုခုသို့ ပို့ဆောင်၍ စုပုံထားလေ့ရှိကြသည်။

နှစ်ကာလကြာမြင့်၍ မြေသားအစုအပုံကြီးဖြစ်လာသည့်အချိန်၌ မြေပုံပေါ်၌နေအိမ် ဆောက်လုပ်နေထိုင်ခြင်း၊ မြေသယ်ယာဉ်များက မြေပုံပေါ်တက်ရောက်၍ တူးဆွမြေ များကို ထပ်မံစုပုံခြင်း၊ မြေကော်စက်များဖြင့် မြေပုံပေါ်မှမြေသားများကိုသယ်ယူ ရွှေ့ပြောင်းခြင်း စသည်တို့ကို ပြုလုပ်သည့်အခါ ကျစ်လျစ်သိပ်သည်းမှု မရှိသော မြေသားများ ပြိုပျက်ကျဆင်းပြီးမြေပြိုမှု ဖြစ်ပွားတတ်သည်။

အလားတူပင် အထပ်မြင့်အဆောက်အအုံများအတွက် အုတ်မြစ်ချသည့်အခါများ၌လည်း မြေအားစမ်းသပ်မှုကိုစနစ်တကျ မပြုလုပ်ဘဲ အဆောက်အအုံအလျင်အမြန် ပြီးစီးရေးကိုသာ ရှေ့တန်းတင်ခဲ့သည့်အတွက်၊ အောက်ခံမြေသား ပြိုကျနိမ့်ဆင်းမှုဖြစ်ပေါ်ပြီး အဆောက်အအုံ ယိုင်နဲ့ခြင်း၊ အက်ကွဲခြင်း၊ ပြိုကျခြင်းများနှင့် ကြုံတွေ့ကြရလေ့ရှိသည်။

စီမံကိန်းတာဝန်ခံများ အရည်အချင်း မပြည့်ဝခြင်း၊ နည်းပညာအဆင့်နိမ့်ခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်း၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုမရှိခြင်း၊ ခေတ်မီစက်ပစ္စည်းကိရိယာများကို အသုံးမပြုခြင်းစသော အကြောင်းတရားများသည် စီမံကိန်းလုပ်ငန်းခွင်များအတွင်း၌ မြေပြိုမှုကို ဖြစ်ပွားလာစေနိုင်သည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားခဲ့သော မြေပြိုမှုများစွာတို့၌ သဘာဝဖြစ်စဉ်များကို ရာခိုင်နှုန်းအများစုအနေဖြင့် တွေ့ရှိနိုင်သလို လူ့ပယောဂကြောင့် ဖြစ်ရသော ဖြစ်စဉ်အချို့ကိုလည်း ရာခိုင်နှုန်းအနည်းစုအဖြစ် တွေ့ရှိရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ မြေပြိုခြင်းသည်အနိဋ္ဌာရုံ ဖြစ်ရပ်တစ်ခုဖြစ်ပြီး လူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက် အန္တရာယ်ပြုလာနိုင်သော ဘေးအန္တရာယ်တစ်ရပ်လည်း ဖြစ်သည်။

မြေပြိုခြင်းမဖြစ်ပွားရလေအောင် လူ့ပယောဂများကို ခြွင်းချက်မရှိ ရာနှုန်းပြည့် လျှော့ချကြရမည်ဖြစ်သလို သဘာဝဖြစ်စဉ်ကြောင့် မြေပြိုခြင်းများကိုလည်း တတ်နိုင်သမျှ ကာကွယ်တားဆီးကြရန် လိုအပ်သည်။ မြေပြိုခြင်းမှ ကြိုတင်ကာကွယ် တားဆီးနိုင်သော နည်းလမ်းကောင်းတစ်ရပ်မှာ နှစ်ရှည်သစ်ပင်ကြီးများကို လူတို့ အခြေချနေထိုင်ရာ မြို့ရွာများ၏ အနီးတစ်ဝိုက်၌ စနစ်တကျ စိုက်ပျိုးထားခြင်းပင် ဖြစ်သည်။

နှစ်ရှည်သစ်ပင်ကြီးများသည် အပင်အရွယ်အစားနှင့်အပင်အသက်တို့အလိုက် အပင်ပတ်လည်တစ်ဝိုက် ပေပေါင်း ရာနှင့်ချီ၍မြေသားလွှာများကို ကျစ်လျစ်အောင် ကုတ်ယူထိန်းသိမ်းပေးထားနိုင်စွမ်းရှိကြသည်။ ထို့မျှမက မြေဆီလွှာ တိုက်စားခံရခြင်းကိုလည်း ကောင်းစွာ ကာကွယ်ပေးနိုင်ကြသလို အရှိန်အဟုန် ပြင်းစွာစီးဆင်းဝင်ရောက်လာသော ရေထုကြီးကိုလည်း ဟန့်တားဆီးကာပေးနိုင်သဖြင့် လူနေမြို့ရွာများ၌မြစ်ရေချောင်းရေများကြောင့်ရုတ်တရက် ရေကြီးရေလျှံဖြစ်ခြင်းကို နှောင့်နှေးကြန့်ကြာအောင်လုပ်ဆောင်နိုင်စွမ်းရှိကြသည်။

ထုထည်ပမာဏအလွန်ကြီးမားသော ရေထုကြီးကြောင့် နေအိမ်အဆောက်အအုံများနှင့် အပင်ငယ်၊ အပင်လတ်များက လွယ်လင့်တကူ ရေစီးနှင့်မျောပါသွားနိုင်သော်လည်း အရွယ်အစားကြီးမားသောနှစ်ရှည်သစ်ပင်ကြီးများကမူ အမြစ်ကကျွတ်ပြီး ရေစီးကြောင်းနှင့် လိုက်၍ မျောပါသွားရန် အလွန်ခဲယဉ်းသည်။

သို့ဖြစ်၍ လူနေမြို့ရွာများ အတွင်းနှင့် အနီးတစ်ဝိုက်၌ နှစ်ရှည်ပင်ကြီးများကို စနစ်တကျ ရှင်သန်အောင် တိုးချဲ့စိုက်ပျိုးခြင်းနှင့် ရှိပြီးသား နှစ်ရှည်ပင်ကြီးများကို မည်သည့်အကြောင်းနှင့်မျှ ခုတ်လှဲဖြိုဖျက်မှု မပြုကြခြင်းအားဖြင့် သဘာဝဖြစ်စဉ်ကြောင့် ဖြစ်ရသော မြေပြိုခြင်းကို အတိုင်းအတာတစ်ရပ်အထိဟန့်တားနိုင်ကြမည်ဖြစ်ပေသည်။

# အထက (၁) စမ်းချောင်း ပညာရည်ထူးချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန် သြဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို သြဂုတ် ၈ ရက် နံနက် ၉ နာရီက ကျောင်းရှိ ကံ့ကော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး မိဘဆရာအသင်းနာယက ဦးလှသန်းက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မိဘဆရာ အသင်းနှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားအတည်ပြုခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ခွင့်ရက်မပျက် ဆရာမများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာမများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ အတန်းလိုက် ပညာရည်ထူးချွန်သူများအား ဆုချီးမြှင့်ခြင်းများကို ဆောင်ရွက်ပြီး ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်သူများအား ဆုချီးမြှင့်သည်။

အထက (၁) စမ်းချောင်းသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုသူ ၆၄ ဦးအနက် ၂၅ ဦး (၃၉ ဒသမ ၀၆) ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။

**(သတင်းစဉ်)**




စမ်းချောင်းမြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြငြိမ်းက တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာ ဂုဏ်ထူးရရှိသော မယဉ်မင်းလှိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

# မင်းတုန်းချောင်း(ရေနံ့သာတံတား) အချိန်မီပြုပြင်ဆောင်ရွက်

**သရက် သြဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်သရက်-ကံမလမ်း ပေါ်ရှိ မင်းတုန်းချောင်း (ရေနံ့သာတံတား) မြောက်ဘက်အဝင်လမ်းမှာ ပြီးခဲ့သည့်ရက်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းများ ပျက်စီးခဲ့ကြောင်း သိရသည်။

ယခုအခါ ရေများပြန်ကျသွား၍ သြဂုတ် ၅ ရက်မှစတင်ပြီး အမြန်ဆုံး မြေဖို့ပြုပြင်ခဲ့သဖြင့် သြဂုတ် ၁၀ ရက်တွင် ရာနှုန်းပြည့်နီးပါး ပြီးစီးခဲ့ပြီဖြစ်၍ ခရီးသွားပြည်သူများ သွားလာနိုင်ပြီဖြစ်သည်။

အဆိုပါလမ်း ပြုပြင်ဆောင်ရွက်နေခြင်းကို သရက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင် လမ်းဦးစီးဌာန (မြို့မ)လက်ထောက် ညွှန်ကြားရေးမှူး ဦးစံမင်းအောင်တို့ ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး လမ်းဦးစီးအရာရှိ(မြို့ပြ) ဒေါ်ကေသွယ်အောင်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ မင်းတုန်းချောင်း (ရေနံ့သာတံတား) ကို ၂၀၁၅ ခုနှစ် မတ် ၂၇ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့သည့်တံတားဖြစ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**




## သတင်းတိုများ

# ပြန်လည်ထူထောင်ရေးအခြေအနေများကြည့်ရှု

အောင်လံမြို့အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ပျက်စီးမှုနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သြဂုတ် ၁၁ ရက်က မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အဖွဲ့သည် အောင်လံမြို့ စည်ပင်သာယာမြို့မဈေးကြီးအတွင်းတွင် နုန်းမြေများတင်ကျန်နေမှုကို ဝင်ရောက်ကြည့်ရှုပြီး ဈေးသူဈေးသားများကို အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့/ထောက် ကော်မတီဝင်များ၊ မြို့နယ်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က မြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှု အခြေအနေနှင့် ထောက်ပံ့ပေးမှုအခြေအနေများ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြကြကာ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

**မိုးကိုကို**

# သိမ်းဆည်းမြေများ ပြန်လည်ပေးအပ်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြေများကို အားကစားဝန်ကြီးဌာနမှ မြို့နယ်အားကစားကွင်းသစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် သိမ်းဆည်းထားသည့်မြေများအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ သြဂုတ် ၁၀ ရက်က ကျင်းပသည်။

အဆိုပါသိမ်းဆည်းမြေ ပြန်လည်ပေးအပ်ပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းက သိမ်းဆည်းထားသည့်မြေများအား ပိုင်ရှင် ၁၅ ဦးထံ တစ်ဦးချင်း ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# ရေစကြိုမြို့တွင် လူတစ်ဦးဓာတ်လိုက်သေဆုံး

ရေစကြိုမြို့နယ် ဇေယျဝတီရပ်ကွက်၌ သြဂုတ် ၁၀ ရက်မွန်းလွဲ ၂နာရီခွဲက လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇေယျဝတီရပ်ကွက် စက်မှုလယ်ယာလမ်းနေ ကိုမျိုးမြင့်(၃၇နှစ်)သည် ၎င်း၏နေအိမ်အတွင်း၌ မြစ်ရေဝင်ရောက်သဖြင့် ဂူကြီးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပြောင်းရွှေ့နေရာ နေအိမ်အတွင်းမှ ရေများကျသွားပြီဖြစ်သောကြောင့် နေအိမ်သို့ ပြန်လည်ပြောင်းရွှေ့နေရန် လျှပ်စစ်မီးဆင်ရာမှ မီးပလပ်တပ်ထားသော ဝိုင်ယာနှစ်ပင်ကို ကိုင်တွယ်မိသဖြင့် ဓာတ်လိုက်၍ ပက်လက်လန်လဲကျသွား၍ ရေစကြိုမြို့မဆေးရုံကြီးသို့ ပို့ဆောင်စဉ်သေဆုံးသွားသည်ဟု သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

**ကုန်သည်စက်မှုအသင်းချုပ်၏(၂၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး ရက်ရွှေ့ပြောင်းကြောင်း အသိပေးကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို မူလက ၁၅-၈-၂၀၁၅ ရက် (စနေနေ့) ၁၃:၃၀ နာရီတွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရန် ဖိတ်ကြားစီစဉ်ခဲ့ပါသည်။

ယခုအခါ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ရေဘေးသင့်ပြည်သူများ ကယ်ဆယ်၊ ကူညီရေးကိစ္စရပ်များကို အသင်းချုပ်အနေဖြင့်လည်းကောင်း၊ ညီနောင်အသင်းများမှလည်းကောင်း၊ ဦးစားပေးဝိုင်းဝန်းကူညီဆောင်ရွက်ရန်ရှိပါသောကြောင့် အစည်းအဝေးကျင်းပပြုလုပ်မည့် ရက်နှင့်အချိန်တို့ကိုပြောင်းရွှေ့၍ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃:၀၀ နာရီတွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပမည်ဖြစ်ကြောင်း ထပ်မံအကြောင်းကြားပြင်ဆင်ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို အသင်းချုပ်တည်ရှိရာ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၄၃၄၄ မှ ၀၁-၂၁၄၃၄၉ အထိ၊ အသင်းသားရေးရာဌာန လိုင်းခွဲ ၁၃၁၊ ၁၄၀၊ ပြည်သူ့ဆက်ဆံရေးဌာန၊ လိုင်းခွဲ ၃၂၃၊ အတွင်းရေးမှူးဌာန ဖုန်း-၀၁-၂၃၀၁၅၅၆၊ စီမံရေးရာဌာန ဖုန်း-၀၁-၂၃၀၁၅၆၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

အသင်းချုပ်၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အသင်းချုပ်ဝက်ဘ်ဆိုဒ်ဖြစ်သော www.umfcci.com.mm တွင် ကြည့်ရှုနိုင်ပါကြောင်းနှင့် ရိုက်နှိပ်ထားသည့် အစီရင်ခံစာ စာအုပ်နှင့်စီဒီချွမ်များကို သြဂုတ်လ ၁၅ရက် နောက်ပိုင်းတွင် အသင်းချုပ်၌ လာရောက်ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကုန်သည်စက်မှုအသင်းချုပ်**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်-(မြောက်)၊မြေတိုင်းရပ်ကွက် အမှတ်ပတ္တမြား(မြောက်)၊ သန္တာလမ်း၊ မြေကွက်အမှတ် ၃၈၅၊ မြေအကျယ်အဝန်းအားဖြင့် (အလျား ၃၀ပေ×အနံ၅၀ပေ)ရှိသော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်အေးမြင့်(AG-၀၂၂၅၇၀)(ဘ)ဦးသာခင်အမည်ဖြင့် ထုတ်ပေးထားသော မြေချပါမစ်ကို အဆက်စပ်အရောင်းအဝယ်စာချုပ် ၅-၈-၂၀၁၃ရက်စွဲပါ အရပ်ကတိစာချုပ်အရ ဦးအောင်ကျော်လွင်မှ မိမိပိုင်ဆိုင်သည်ဟု ပြောဆိုပြီးပိုင်ဆိုင်မှုအရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်းပြောဆို၍ ပြန်လည်ရောင်းချခြင်းဖြစ်သဖြင့် အဆိုပါမြေကွက်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ကျွန်မ၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်၍ စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည်ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဥမ္မာ**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၁-၅၃၂၁၁၇၊ ၀၉-၇၉၅၈၄၂၂၉၆၊ ၀၉-၅၀၂၉၅၆၆၊ ၀၉-၅၁၈၂၇၄၆**

**အများသိစေရန်ကန့်ကွက်ကြောင်းကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၃)ရပ်ကွက်၊ မင်းရပ်တန်းလမ်းရှိ အကျယ်အဝန်းအားဖြင့် (၂၂ပေ×ပေ၁၂၀)ရှိ ဒေါ်ဖွားကြိုင် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)ပိုင်ဆိုင်သည်ဆိုသော အထက်ပါ အိမ်ခြံမြေတို့မှာ ဒေါ်ဖွားကြိုင်ပိုင်သော အိမ်ခြံမြေများမဟုတ်ပါ။ ဖခင်ဦးကုလား၊ မိခင် ဒေါ်အေးမြိုင်တို့ပိုင်ဆိုင်ခဲ့သော အိမ်ခြံမြေဖြစ်ပြီး မွေးချင်း ၆ ဦးရှိပြီး အမွေခွဲဝေပေးခြင်း တစ်စုံတစ်ရာမရှိခဲ့ပါ။ယခုလက်ရှိအချိန်ထိ မွေးချင်း ၆ဦးတွင် ဒေါ်ဖွားချစ်တစ်ဦးတည်းသာ ကျန်ရစ်ပြီး ဒေါ်ဖွားကြိုင်ပိုင်သော အိမ်ခြံမြေမဟုတ်၍လည်းကောင်း၊ အမွေပုံပစ္စည်းဖြစ်၍လည်းကောင်း ၂၀၁၅ခုနှစ် ဇူလိုင် ၃၁ ရက်စွဲပါ မောင်သန်းထိုက်ဦး အမည်ပါအများသိစေရန် ကြေညာချက်အား သတ်မှတ်ရက်အတွင်း အများသိစေရန်ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုမျိုး LL.B, C.B.L**
**အထက်တန်းရှေ့နေ**
**အမှတ် ၂၈၊ ဥမ္မာဒန္တီ ၁၅ လမ်း၊ ရ-က-အ (၁၄) ပုသိမ်မြို့၊**
**ဖုန်း-၀၉-၄၅၁၂၃၀၉၉၀**

myanmar national airlines



## Yangon-Singapore-Yangon

### Book Now!

Call Centre : 01-377840-43
Airport : 09-254219651
Online : www.flymna.com

Sun Far Travel&Tours 01-243993
Columbus Travel 01-229245
Nice Fare 01-393088

Saw Pron Phan Travel 01-255880
Oway Travel 01-2304197
Htoo Travel 01-8603766,67

*Journey of a lifetime*

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(မအူပင်)အတွက် အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ပြုပြင်လိုပါကြောင်း ကြေညာအပ်ပါသည်။

**စဉ် လုပ်ငန်းအမည်**

(၁) Strong Room အခန်းဖွဲ့စည်းပြင်ဆင်ခြင်းလုပ်ငန်းနှင့်

(၂) အလုပ်ရုံတံခါးပြတင်းများလုံခြုံရေးသံပန်းတပ်ဆင်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မအူပင်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၉-၈-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မအူပင်) ဖုန်း-၀၄၅-၃၀၁၀၈ နှင့် ၀၄၅-၃၀၁၀၉ တို့တွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ် (မအူပင်)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်တာယာများနှင့် ဘက်ထရီများအား ဌာနသို့အရောက်ပို့စနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (၁) | Tyre 175 X 70 R 13 | ၁၀ လုံး |
| (၂) | Battery 50 Ah | ၁၂ လုံး |
| (၃) | Battery 150 Ah | ၄ လုံး |
| (၄) | Battery 70 Ah | ၁၀ လုံး |
| (၅) | Battery 100 Ah | ၅ လုံး |
| (၆) | Battery 120 Ah | ၁၀ လုံး |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၄-၈-၂၀၁၅ ရက် ညနေ ၁၅း၀၀ နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ဝယ်ယူမည့် ပစ္စည်းအမျိုးအမည်၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၈၈၊ ၀၆၇-၄၁၃၄၃၃**

## 27th SEA Games ဖွင့်ပွဲပိတ်ပွဲအခမ်းအနား အမှတ်တရမဂ္ဂဇင်းအတွက် စာမူများ ဖိတ်ခေါ်ခြင်း

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော "27th SEA Games" ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအစီအစဉ်အသီးသီးတွင် ပါဝင်ခဲ့သူများ၊ အုပ်ချုပ်/နည်းပြ/စီမံခန့်ခွဲရေး တာဝန်ယူမှုကဏ္ဍအသီးသီးတွင် ပါဝင်ခဲ့သူများ၊ မီးရှူးတိုင်သယ်ယူရေးအစီအစဉ်များတွင် ပါဝင်ခဲ့သူများအားလုံးကို အသိပေးအကြောင်းကြားအပ်ပါသည်။ စာမူပေးပို့လိုသူများသည် မိမိတို့ပါဝင်ခဲ့ရာကဏ္ဍအလိုက် အတွေ့အကြုံများ၊ အမှတ်တရဖြစ်စဉ်များ၊ ရင်တွင်းပီတိများကို စာမူအဖြစ် အနည်းဆုံးစာမျက်နှာ နှစ်မျက်နှာခန့် ရေးသားပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

စာမူရေးသားမှုမရှိသူများအနေဖြင့် အမည်၊ ကျောင်း/ဌာန၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ မိမိပါဝင်ခဲ့သည်ကဏ္ဍ စာရင်းသွင်းအမှတ်၊ ဓာတ်ပုံနှစ်ပုံတို့ဖော်ပြပြီး Hard Copy အပြင် Soft Copy(CD/ Memory Cards) တို့ဖြင့် ၃၁-၈-၂၀၁၅ ရက်အတွင်း ပေးပို့စာမူများကို ပထမအကြိမ် Volume-1 အဖြစ် ထုတ်ဝေမည်ဖြစ်၍ အမြန်ပေးပို့ကြရန် နှိုးဆော်တိုက်တွန်းပါသည်။

**ဆက်သွယ်ပေးပို့ရန်-** **ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊**
**ဇာတ်ရုံဌာနခွဲ(နေပြည်တော်)၊**
**ဖုန်း-၀၆၇-၄၀၈၄၅၄၊ ၀၆၇-၄၀၈၁၆၄၊ Fax ၀၆၇-၄၀၈၄၅၄၊**
**အမျိုးသားဇာတ်ရုံ(ရန်ကုန်) ဖုန်း-၀၁-၃၈၂၄၈၉၊ Fax ၀၁-၃၉၅၁၅၇**
**အမျိုးသားဇာတ်ရုံ (မန္တလေး)၊**
**ဖုန်း-၀၂-၆၁၁၆၈၊ Fax ၀၂-၃၀၀၇၉**
**Email; aungsanoomoc @ gmail. com**

**SEA Games ချစ်သူများအတွက်**

**ယဉ်ကျေးမှုဝန်ကြီးဌာန**
**အနုပညာဦးစီးဌာန**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ(ကျပ်ငွေ)ဖြင့် အောက်ပါစက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်းနှင့် စက်တပ်ဆင်ခြင်းလုပ်ငန်းများကို အပ်နှံဆောင်ရွက်လိုပါသည်-

(က) **ဝယ်ယူမည့်ပစ္စည်းများ**

(၁) Carbon Equivalent Meter (with Shell Cup & Shell Cup Holder)

(၂) Digital Immesion Pyrometer (with Lance Nozzle)

(ခ) **စက်တပ်ဆင်ခြင်းလုပ်ငန်း**

(၁) 0.5 Ton Induction Coreless Smelting Furnace တပ်ဆင်ခြင်း

၂။ အဆိုပါလုပ်ငန်းတစ်မျိုးစီ ဆောင်ရွက်လိုသူများကို အိတ်ဖွင့်တင်ဒါစနစ်နှင့် တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၃။ (က) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁၀-၈-၂၀၁၅ရက်မှ ၃၁-၈-၂၀၁၅ရက်

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၈-၂၀၁၅ရက်၊မွန်းတည့် ၁၂း၀၀နာရီ

(ဂ) **တင်ဒါထုတ်ယူ/တင်သွင်းရမည့်နေရာ** - စီမံကိန်းဌာန၊ အမှတ်(၁၇) အကြီးစားစက်ရုံ၊ အထက်မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၃၁-၈-၂၀၁၅ရက်၊ ၁၅း၀၀နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စီမံရေးဌာန၊ အမှတ်(၁၇)အကြီးစားစက်ရုံ (မလွန်)၊ အထက်မင်းလှမြို့နယ်၌ ထုတ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ ဖုန်း-၀၉-၂၅၆၂၂၁၂၈၁၊ ၀၉-၂၅၆၂၂၁၂၈၄၊ ၀၉-၂၅၆၂၂၁၂၉၁၊ ၀၉-၂၅၀၇၇၄၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**အမှတ်(၁၇) အကြီးစားစက်ရုံ၊ အထက်မင်းလှမြို့နယ်၊**
**မကွေးတိုင်းဒေသကြီး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## သူနာပြုဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ဖွင့်လှစ်မည့် သူနာပြုဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်း**

| **စဉ်** | **သင်တန်းအမည်** | **သင်တန်းကာလ** |
|---|---|---|
| (က) | အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ | ၁၅ လ |

**သူနာပြုမဟာသိပ္ပံသင်တန်းများ**

| **စဉ်** | **သင်တန်းအမည်** | **သင်တန်းကာလ** |
|---|---|---|
| (က) | သူနာပြုမဟာသိပ္ပံ (လူကြီးကျန်းမာရေး သူနာပြုစုမှုပညာ) | ၂ နှစ် |
| (ခ) | သူနာပြုမဟာသိပ္ပံ (မိခင်ကျန်းမာရေး သူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဂ) | သူနာပြုမဟာသိပ္ပံ (ကလေးကျန်းမာရေး သူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဃ) | သူနာပြုမဟာသိပ္ပံ (စိတ်ကျန်းမာရေး သူနာပြုစုမှုပညာ) | ၂ နှစ် |
| (င) | သူနာပြုမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေး သူနာပြုစုမှုပညာ) | ၂ နှစ် |
| (စ) | သူနာပြုမဟာသိပ္ပံ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ) | ၂ နှစ် |
| (ဆ) | သူနာပြုမဟာသိပ္ပံ (အရိုးအထူးပြုသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဇ) | သူနာပြုမဟာသိပ္ပံ (အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ) | ၂ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) သူနာပြုသိပ္ပံဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ခ) အရေးပေါ်သူနာပြုစုမှုပညာ ဒီပလိုမာသင်တန်းအတွက် သူနာပြုသိပ္ပံဘွဲ့ရရှိပြီးနောက် လုပ်သက်နှင့်ဆေးလက်တွေ့အတွေ့အကြုံ ၂ နှစ်ရှိရမည့်အပြင် လွန်ခဲ့သည့် ၂ နှစ်အတွင်း ဆေးလက်တွေ့ အတွေ့အကြုံ အနည်းဆုံး ၁ နှစ်ရှိပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(ဂ) သူနာပြုမဟာသိပ္ပံ သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက် ၁နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် မဟာသိပ္ပံဘွဲ့အတွက် အသက်(၅၀)ထက်မကြီးသူနှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာအတွက် အသက် (၄၅)နှစ် မကျော်လွန်သူဖြစ်ရမည်။

(င) သူနာပြုမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း (ဖေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း (အငယ်တန်း) သင်တန်း (သို့မဟုတ်) အရာထမ်းငယ်အခြေခံသင်တန်းတက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၂-၉-၂၀၁၅ ရက် (အင်္ဂါနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက်မှာ ၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၈၉၀ သို့ ပေးသွင်းရမည်။

**မှတ်ချက်။ ။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ် MD-၀၁၁၈၉၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့် လည်းပေးပို့နိုင်ပါသည်။

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ် ဖုန်း-၀၁-၂၂၂၈၈၃၊ ၀၁-၂၂၂၈၈၄၊ ၀၁-၂၂၂၈၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ Web site (www.uony gn.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## စက်ရုံငှားမည်

